ဘဝတာတိုတိုလေးမှာ ...... မေတ္တာချိုချိုလေးတွေ
လိုချင်သူတွေပေးဝေ ...... အေးမြတဲ့အရသာ
မေတ္တာဆိုတာ ဒါပဲလေ ...... နားဆင်သူတိုင်းရကြပါစေ ။

ဘဝနေဝင်ခါခင်မှာ ...... အားတက်စရာသံစဉ်တွေတွေ့ရ
ခံစားနားဆင်သူတွေ ...... ထာဝစဉ်ပျော်ရွှင်ချမ်းမြေ့စေရမှာ
ဆုမွန်ကောင်းတွေ ...... ပန်ပြေကောင်းရင်း
[သီချင်းဆိုရင်း အသက်ရှင်မယ်] ?

# ကောင်းသန့်

## မင်းလေးကိုချစ်လို့ သီချင်းဆိုရင်းအသက်ရှင်မယ်

( ရသဝတ္ထုသစ် )



# ကောင်းသန့်

## မင်းလေးကိုချစ်လို့ သီချင်းဆိုရင်းအသက်ရှင်မယ်

( ရသဝတ္ထုသစ် )





www.facebook.com/onairmm khtnetpc
For Knowledge & Educational Purposes

ပုံနှိပ်မှတ်တမ်း မျက်နှာဖုံးခွင့်ပြုချက်၊ ၇၁၃/၂၀၀၀(၁၀)

| | |
|---|---|
| မျက်နှာဖုံးအတွေး | ကင် (မ်) |
| မျက်နှာဖုံးဖန်တီးသူ | ကိုပြည့်စိုး |
| ကွန်ပျူတာစာစီ | ကိုတင်ထွဋ် |
| အတွင်းဖလင် | မဟာမီဒီယာ |
| မျက်နှာဖုံးဖလင် | မြကျွန်းသာ |
| ထုတ်ဝေသူ | ဦးသန်းဆွေ (၀၁၄၇၃)<br>စစ်သည်တော်စာပေ<br>အမှတ် ၁၀၃၁၊ ဥယျာဉ်လမ်း၊<br>(၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း။ |
| ပုံနှိပ်သူ | ဦးဝင်းလွင် (မြ–၀၅၃၆၆)<br>ရွှေဟသ်ာပုံနှိပ်တိုက်<br>အမှတ် ၇၊ ဈေးလမ်း၊<br>ပုဇွန်တောင်မြို့နယ်။ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ (၂၀၀၀ ပြည့်နှစ် ) |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၂၀၀ ကျပ် |
| စာအုပ်ချုပ် | စိန်ကြည် |
| ဖြန့်ချိရေး | ကောင်းသန့်စာပေ၊<br>အမှတ် ၁၄၇၊ ပ–ထပ်၊<br>၃၇ လမ်း (လယ်)၊ ရန်ကုန်မြို့။<br>☎ ၂၇၈၃၆၈ |




ကောင်းသန့်

# မင်းလေးကို ချစ်လို့ ...

## သီချင်းဆိုရင်း အာသကာရှင်မယ်

ကောင်းသန့်စာပေ

အမှတ် ၁၄၇၊ ပ–ထပ်(ဝဲ)၊ ၃၇ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၂၇၈၃၆၈

# ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

❖ ❖ ❖

**နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ
ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။**

❖ ❖ ❖

# ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

❖ ❖ ❖



## ပေကျင်းညို့ ၏

## ထုတ်ဝေပြီးသော စာအုပ်များ


၁။ အချစ်ဆုံးသို့ (ဒဿနစကားစုများ)
၂။ အချစ်ဆုံးသို့ (ဒဿနသံစဉ်တိတ်ခွေ)
၃။ လွတ်မြောက်သွားသူ (ဘာသာပြန်ဝတ္ထုရှည်)
၄။ ကောင်လေးကောင်မလေး (ဒဿနစကားစုများ)
၅။ သမီးလေးဖတ်ဖို့ (ဒဿနစကားစုများ)
၆။ ဘုရားသခင်သည် အမှန်တရားကို သိတော်မူသည်နှင့် အခြားဝတ္ထုတိုများ (ဘာသာပြန်ဝတ္ထုများ)
၇။ ချစ်သူဖတ်ဖို့ (ဒဿနစကားစုများ)
၈။ တို့နှစ်ယောက် (ဒဿဝတ္ထုသစ်)
၉။ သမီးလေးဖတ်ဖို့ (၂) (ဒဿနစကားစုများ)
၁၀။ ကော့ကေးဆပ် အကျဉ်းသား (ဘာသာပြန်ဝတ္ထုရှည်)
၁၁။ ကောင်းသန့်မှတ်စု (အောင်မြင်ရေးမှတ်စု)
၁၂။ ချစ်သူ့အကြောင်း (ရသစာစုများ)
၁၃။ အိပ်မက်အလွမ်း (ဘဝဒဿနဝတ္ထုရှည်)
၁၄။ ဖေဖေ့လက်ဆောင် (ဒဿနကဗျာရှည်)
၁၅။ ကောင်းသန့်ဖေဒင်ဒိုင်ယာရီ (ဒိုင်ယာရီ)
၁၆။ သားဖေဖေ (ဒဿနစကားစုများ)
၁၇။ သမီးလေးဖတ်ဖို့ (၃) (ဒဿနစကားစုများ)

၁၈။ သူငယ်ချင်း (ဒဿနစကားစုများ)
၁၉။ အချစ်ဘဝဒဿနများ (ဒဿနစာစုများ)
၂၀။ လူတွေဘာနဲ့နေ (ဘာသာပြန်ဝတ္ထုရှည်)
၂၁။ ချစ်တပည့်သို့ (ပညာပေးစာစုများ)
၂၂။ မင်းလေးကိုချစ်လို့ (ရသဝတ္ထုသစ်)
သီချင်းဆိုရင်း အသက်ရှင်မယ်

## ဆက်လက်ထွက်ပေါ်မည့် စာအုပ်များ

၂၃။ ရာစုသစ်အတွေး (ဒဿနစာစုများ)
၂၄။ အောင်မြင်ရေး (အောင်မြင်ရေးဒိုင်ယာရီ
ဗေဒင်ဒိုင်ယာရီ
၂၅။ သမီးလေးဖတ်ဖို့ (၄) (ဒဿနစကားစုများ)
၂၆။ တိုးတက် ၊အောင်မြင်၊(အောင်မြင်ရေးစာစုများ)
ပျော်ရွှင်၊ ငြိမ်းချမ်း

❖ ❖ ❖

ဘဝတစ်ခု ဖြစ်လာတာဟာ ဒုက္ခတွေ ခံစားဖို့ သက်သက် အဓိပ္ပာယ်မဲ့ မဟုတ်ပါဘူး။ ကိုယ်ဘဝကိုယ် ကျေနပ်ပျော်ရွှင်စွာ နေထိုင်သွားရင်း လူပီပီသသ နေထိုင်သွားဖို့ပါပဲ။ ကောင်းကောင်းမွန်မွန် ကြံစည်တွေးတော ပြုမူပြောဆိုနေထိုင်သွားတဲ့ လူတစ်ယောက်အတွက် နောင်ဘဝဆိုတာ တွေးကြောက်စရာ မဟုတ်ပါဘူး။

မိုးသက်ခိုင်

မိုးသက်ခိုင်ရယ် နင်ဖြစ်စေချင်တဲ့ ဆန္ဒတွေကို တစ်ခု မကျန်အောင် လိုက်လုပ်နေတဲ့ မေမိုးခင်ရဲ့ ရူးသွပ်မှုတွေကို နင်မြင်လှည့်ပါဦးလားကွယ်။

မေမိုးခင်





## အခန်း (၁)

**မမေမိုးခင် ...**

The Best English မဂ္ဂဇင်းကို မမျှော်လင့်ဘဲ ကျွန်တော် ဖတ်မိတယ်။ The Best English Pen Friends စာရင်းတွေ လျှောက်ဖတ်ကြည့်ရင်းနဲ့ မမေမိုးခင်ရဲ့ နာမည်ကိုတွေ့ပြီး စိတ်ဝင်စားသွားခဲ့တယ်။ ပြီးတော့ ကျွန်တော်နဲ့လည်း အသက်တူတယ်။ ဒါကြောင့် ခင်မင်ချင်စိတ်တွေပေါက်ပြီး မိတ်ဆက်စာရေးလိုက်တာပါ။ ကျွန်တော့်နာမည် Macry Tan ပါ။ မြန်မာနာမည်ကတော့ မိုးသက်ခိုင်ပါ။ GCE O Levelကို သင်ကြားနေတဲ့ ကျောင်းသားတစ်ဦးပါ။ အသက် ၁၆ နှစ်ပါ။ ဝါသနာကတော့ ပန်းချီဆွဲခြင်း၊ စာရေးစာဖတ်ခြင်းနဲ့ ခရီးထွက်

ခြင်းတို့ပဲဖြစ်ပါတယ်။ **နိုင်ငံခြားမှာ နေနေရတော့ ကိုယ့်မြန်မာပြည်ကို လွမ်းတယ်။ ပြီးတော့ ကိုယ့်မြန်မာလူမျိုး သက်တူရွယ်တူတွေနဲ့လည်း မိတ်ဆွေ သူငယ်ချင်း အဖြစ် ပေါင်းသင်းချင်တယ်။**

ကျွန်တော်အပေါ် နားလည်ခံစားပေးမယ်ဆိုရင် ကျွန်တော်ရဲ့ မိတ်ဆွေဖွဲ့မှုကို လက်ခံစာ ပြန်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**မိုးသက်နိုင်**
**စင်ကာပူ**

Add:
Mr. Macry Tan
xxxx , YISHUN AVE
.......... , 428
SINGAPORE.

**ကိုမိုးသက်နိုင် ...**

လေယာဉ်ပျံလေးလို ခေါက်ချိုးပြီးရေးလိုက်တဲ့ ရှင့်ရဲ့စာကို ရပါတယ်။ ရှင်ဟာ ပန်းချီဝါသနာပါလို့ ထင်တယ်။ အတော်စိတ်ကူးယဉ်တာပဲနော်။ ဝေးမြေရပ်ခြားမှာ နေနေရပေမယ့် မြန်မာပြည်ကိုလွမ်းပြီး မြန်မာပြည်က မဂ္ဂဇင်းတွေ ဖတ်နေသေးတယ်ဆိုတော့ ရှင့်မှာ မြန်မာတွေကို ချစ်တဲ့စိတ်ရှိမှာ သေချာတယ်။



**ရှင့်ကို ခံစားနားလည်ပေးတဲ့အနေနဲ့ ဒီစာကို ကျွန်မ ပြန်ရေးလိုက်တာပါ။ ရှင့်ရဲ့ မိတ်ဆွေဖွဲ့မှုကို လက်ခံပါတယ်။ ကျွန်မ မေမိုးခင်ကလည်း ရှင်နဲ့ မိတ်ဆွေ သူငယ်ချင်းဖြစ်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။**

ကျွန်မရဲ့ ဝါသနာကတော့ စာရေးစာဖတ်ခြင်းနဲ့ သီချင်းဆိုခြင်းပါပဲ။ အထူးသဖြင့် သီချင်းဆိုရတာ သိပ် ဝါသနာပါတယ်။ ကျွန်မတို့ နှစ်ယောက်ဟာ ဝါသနာတူတွေ ဖြစ်တဲ့အတွက် သူငယ်ချင်းကောင်းတွေ ဖြစ်လာကြလိမ့်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။

**ခင်မင်တတ်သော**
မေမိုးခင်

P.S. ရှင် မြန်မာစာ မရေးတာကြာလို့လား မသိဘူး။ ရှင့်လက်ရေးတွေဟာ ပဲပင်ပေါက်တွေလို တွန့်လိမ် တွန့်လိမ်နဲ့။ ဒါပေမယ့် ကျွန်မ ဖတ်တတ်ပါတယ်။

**မမေမိုးခင် ...**

လှေလေးလိုခေါက်ပြီး ပို့လိုက်တဲ့ခင်ဗျားရဲ့ စာကိုဖတ်ရတော့ ကျွန်တော် အရမ်းဝမ်းသာအံ့သြသွားတယ်။ ကျွန်တော့်လိုပဲ စိတ်ကူးယဉ်တတ်တဲ့ ခင်ဗျားကိုတော့ သိပ်ခင်သွားပြီဗျာ..

ခင်ဗျားလည်း စာရေးစာဖတ်ဝါသနာပါပြီး သီချင်းဆိုချင်သူဆိုတော့ ကျွန်တော်တို့ဟာ အနုပညာ သူငယ်ချင်းတွေပေါ့နော်။

**မြန်မာစာ ရေးလေ့ရေးထ မရှိတဲ့အတွက် ကျွန်တော့်လက်ရေးတွေဟာ တွန့်လိမ်တွန့်လိမ်ဖြစ်နေတာမို့ ကျွန်တော့်စာကို သည်းခံဖတ်ပေးတဲ့ မမေမိုးခင်ကို သိပ် ကျေးဇူးတင်ပါတယ်။**

ကျွန်တော့်အသက် ၁၀ နှစ်မှာ ကျွန်တော့်မိဘတွေ စင်ကာပူမှာ ကုမ္ပဏီလာဖွင့်ပြီး စီးပွားရေးလုပ်ကြတဲ့အတွက် ကျွန်တော်လည်း ပါလာခဲ့တယ်။ ကျွန်တော့်မိဘတွေဟာ တရုတ်မြန်မာ ကပြားတွေပါပဲ။ စီးပွားရေး သိပ်တော်ကြတယ်။ ကျွန်တော်ကတော့ သူတို့ရဲ့ တစ်ဦးတည်းသော သားပါပဲ။ ကျွန်တော့်ကို သိပ်ချစ်ကြတယ်။ ကျွန်တော့်ကိုလည်း အရမ်းအလိုလိုက်တယ်။ အခုဆို အမေဆုံးသွားတော့ အဖေက နောက်မိန်းမ မယူဘဲ ကျွန်တော့်ကိုပဲ အရမ်းချစ်နေခဲ့တယ်။ ကျွန်တော့်ကို အင်္ဂလိပ်စာနဲ့ တရုတ်စာကို ထူးချွန်အောင် ကြိုးစားခိုင်းတယ်။ အထူးသဖြင့်တော့ အင်္ဂလိပ်စာကို ထူးချွန်အောင် လုပ်ခိုင်းတယ်။ အမေရိကားကို လွှတ်ပြီး ပညာသင်ခိုင်း မလို့တဲ့လေ။

အခုလည်း ပါပါးကုမ္ပဏီကို အုပ်ချုပ်နိုင်ဖို့အတွက် GCE စာမေးပွဲအောင်ရင် စီးပွားရေးပညာတွေ



သင်ရမယ်လို့ပြောတယ်။ အဲ့ဒီဘာသာရပ်တွေ သင်ရတာ စိတ်မပါဘူး။ အမေရိကားကိုလည်း မသွားချင်ဘူး။

ကျွန်တော် မြန်မာပြည်ကိုပဲ ပြန်လာချင်တယ်။ လွန်ခဲ့တဲ့ (၃)နှစ်လောက်က ပါပါးတို့ လိုက်ပို့လို့ မြန်မာ သင်္ကြန်ကို တွေ့ကြုံခံစားခဲ့ရတယ်။ အရမ်းပျော်ဖို့ ကောင်းတာပဲ။ ရွှေတိဂုံဘုရားကို သွားဖူးတော့ အရမ်းကြည်နူးတာပဲ။ မြန်မာထမင်းဆိုင်တွေ သွားစားကြတော့လည်း သိပ်စားကောင်းတာပဲ။ အထူးသဖြင့် ငါးပိရည်၊ ငါးပိချက်နဲ့ အသီးအရွက်တွေ ပေါင်းစားရတာ အရသာအလွန်ရှိတယ်။

**ကျွန်တော့်သွေးထဲမှာ မြန်မာသွေးတွေရှိနေတဲ့အတွက် မြန်မာပြည်မှာပဲ ပြန်လာနေချင်တယ်။ ဒါပေမယ့် ကျွန်တော်ဟာ ပါပါးတို့ရဲ့ တစ်ဦးတည်းသောသားဖြစ်နေတဲ့အတွက် ပြန်လာနေခွင့်ရမှာ မဟုတ်ဘူး။**
ပါပါးကလည်း တစ်ကမ္ဘာလုံးနဲ့ ဆက်သွယ်ပြီး စီးပွားရေး လုပ်နေပြီဆိုတော့ မြန်မာပြည် ပြန်လာနေကြတော့မယ် မထင်ဘူး။ ပါပါးဆို မြန်မာပြည်ကထွက်ခွာသွားတာ ကြာပြီဆိုတော့ မြန်မာလို့ သူကိုယ်တိုင်ပြောမှပဲ ယုံတော့မှာပဲ။

ကျွန်တော် အခုပန်းချီတွေ ဆွဲနေတယ်။ အထက်တန်းကျောင်းမှာ ပန်းချီဆွဲသင်ရတယ်။ ပန်းချီဆွဲဖို့နေရာ အတော်များများကို ရောက်တယ်။ အဲ့ဒီက ရှုမျှော်ခင်းတွေကိုကြည့်ပြီး ကျွန်တော် ပန်းချီဆွဲလေ့ရှိ

တယ်။ လှပတဲ့ သဘာဝရှုမျှော်ခင်းတွေဆိုရင် ကျွန်တော် သိပ် သဘောကျတာပဲ။ အဲ့ဒါကြောင့်ပဲ မမေမိုးခင်နဲ့ ကျွန်တော် မိတ်ဆွေဖြစ်တာ။ ဘာဆိုင်လို့လည်းလို့ မမေး ခင်မှာ ကျွန်တော်ကပဲ ပြောပြပါမယ်။ တစ်နေ့ PLAZA တစ်ခုကို လျှောက်သွားရင်း မြန်မာဆိုင်တစ်ဆိုင်မှာ ရှုမျှော်ခင်းပုံကို မျက်နှာဖုံးလုပ်ထားတဲ့ စာအုပ်တစ်အုပ်ကို တွေ့တယ်။ နာမည်က The Best English တဲ့။ သစ်ပင် တွေအုပ်ဆိုင်းထားတဲ့ အဝါရောင်လမ်းကလေးပုံလေ။ အောက်မှာ ပါတဲ့စာတန်းလေးကိုလည်း သိပ်ကြိုက်သွား တယ်။ **That yellow path may have so many love stories.** တဲ့။ အဲ့ဒါနဲ့ အဲ့ဒီစာအုပ်ကို ဝယ်သွားပြီး ဖတ်ကြည့်မိတယ်။ ပုံပြင် ဝတ္ထုတို၊ ဟာသ၊ ကမ္ဘာကျော် ပုဂ္ဂိုလ်တွေရဲ့ အဆိုအမိန့်တွေပါတော့ သိပ်သဘောကျ သွားမိတယ်။ နောက်ဆုံး **The Best Pen Friend** စာရင်း ကို ဖတ်ကြည့်တော့ မမေမိုးခင်နာမည်တွေ့ပြီး ကျွန်တော့် နာမည်နဲ့ ဆင်ဆင်တူလို့ စိတ်ဝင်စားပြီး စာရေးမိတ်ဖွဲ့ မိတဲ့အထိပဲလေ။

ကျွန်တော့်နာမည် မိုးသက်ခိုင်အကြောင်းလည်း ပြောရဦးမယ်။ ငယ်ငယ်တုန်းက ကျွန်တော်က ချူချာလေ တော့ မိဘတွေက ဗေဒင်ဆရာနဲ့တိုင်ပင်ပြီး မိုးကောင်း ကင်ကြီးလို အသက်ရှည် ခိုင်မာရမယ်ဆိုတဲ့ ကောင်းကင် ခာတ်ကို ယူပြီး မှည့်သတဲ့။ ကျွန်တော့်နာမည် ကောင်းရဲ့



လားဟင်။ **ဒီမှာတော့ ကျွန်တော့်ကို "မက်ခ်" လို့ပဲ ခေါ်ကြပါတယ်။ မမေမိုးခင်က ကျွန်တော့်ကို ဘယ်လို ခေါ်မှာလဲ၊ သူငယ်ချင်းလို ရင်းရင်းနှီးနှီးခေါ်ရင် ကောင်း မှာပဲနော်။**

ချစ်ခင်လေးစားလျက်
**မိုးသက်ခိုင်**

**မိုးသက်ခိုင် ...**

နင်က သူငယ်ချင်းအဖြစ် ရင်းရင်းနှီးနှီး ခေါ်စေ ချင်တယ်ဆိုလို့ မိုးသက်ခိုင်လို့ပဲ ခေါ်တော့မယ်။ ရိုင်း တယ်လို့ မထင်နဲ့နော် မက်ခ်ဆိုတဲ့ နင့်တရုတ်နာမည် ကြီးတော့ မခေါ်ချင်ပါဘူး။ တစ်လုံးထဲ အဖျားဆွတ် ခေါ်လို့ကောင်းတဲ့နာမည်မျိုးလည်း မဟုတ်ဘူး။ ဒါကြောင့် မိုးသက်ခိုင်လို့ပဲ ငါခေါ်တာ နင်ကြိုက်မယ်ထင်ပါရဲ့။

**တို့ မြန်မာလူမျိုးတွေဟာ သူငယ်ချင်းတွေ ဖြစ်သွားကြပြီဆိုရင် နင် ... ငါ ... ဆိုပြီး ရင်းရင်း နှီးနှီး ခေါ်ပြောကြတယ်။ နင်လည်း ငါ့ကို မေမိုးခင် လို့ ရင်းရင်းနှီးနှီး ပြောလို့ရပါတယ်။**

နင်နဲ့ ငါ အကြိုက်ချင်းတူတယ် သိလား။ The Best English မျက်နှာဖုံးက အဝါရောင်လမ်းကလေးကို

ငါ သိပ်ကြိုက်တာ။ အဝါရောင်လမ်းကလေးမှာ အချစ်ဇာတ်လမ်းတွေ အများကြီးရှိသတဲ့။ အဲ့ဒီ အဝါရောင်လမ်းလေးမျိုးထဲ နင်လျှောက်ဖူးလား။ ကြည်နူးစရာကောင်းမလား မသိဘူးနော်။ နင်လည်း အဲ့ဒါမျိုး တစ်ပုံလောက်တော့ ဆွဲကြည့်ပါလား။ နင်ဆွဲရင် သိပ်လှမှာပဲလို့ ငါ့စိတ်ထဲမှာ အလိုလို ထင်နေတယ်။

နင်သာ ဆွဲဖြစ်ရင် ငါက ကဗျာတစ်ပုဒ်ရေးပေးမယ်။ နင့်ပန်းချီကားအောက်မှာ အမှတ်တရ ရေးထားဖို့လေ။ အဲ့ဒီကဗျာလေးကို နင့်အတွက် ကြိုရေးပေးလိုက်မယ်။ အဲ့ဒီပုံလေး နင် ... ဆွဲဖြစ်အောင် ဆွဲပေတော့...။

**အဝါရောင်လမ်း၊ ဖြတ်သန်းမရဲ**
**ကိုယ့်စိတ်ထဲမယ်၊**
**အသည်းယယ်လွန်းလို့ ပါကွယ်။**

ငါ့ကဗျာဖတ်ပြီး နင် ရယ်မနေနဲ့ဦးနော်။

မမေ့သော
**မေမိုးခင်**

**မေမိုးခင် ...**

နင့်ရဲ့ ပွင့်လင်းရိုးသားစွာ ရေးလိုက်တဲ့စာ ဖတ်ရတော့ ငါ အရမ်းဝမ်းသာပြီး ကြည်နူးသွားမိတယ်။



မြန်မာလို ရေးပြီး ချစ်ခင်ရတဲ့ နင့်လို သူငယ်ချင်းမျိုး ရတဲ့အတွက် ငါ သိပ်ကံကောင်းတာပဲ။

နင့်ဆန္ဒအတိုင်း အဝါရောင်လမ်းကလေးပုံ ငါ ဆွဲနေပြီ။ ပြီးတော့ နင့်ကဗျာလေးကို အောက်မှာ ရေးထည့်ပေးထားမယ်နော်။ ဒါပေမယ့် အဝါရောင်လမ်းကလေးမျိုး ငါမလျှောက်ဘူးလို့ ကြည်နူးစရာ ကောင်းမကောင်း ငါ မသိဘူး။

နင်ကော နင်ဝါသနာပါတဲ့ သီချင်းတွေဆိုဖြစ်လား။ နင် တို့ဆီက သီချင်းတွေ နားထောင်ရတာ ငါ ကြားဖူးတဲ့ အင်္ဂလိပ်သီချင်းသံစဉ်တွေ ဖြစ်နေတာများတယ်။ မြန်မာသံစဉ်စစ်စစ်နဲ့ စပ်ဆိုထားတဲ့ သီချင်းမျိုးတွေ ငါ နားထောင်ချင်ပါတယ်။ မြန်မာသံ စစ်စစ်သီချင်းလေးတွေ ပြောပြပါဦး။ ငါရှာဖွေပြီး နားထောင်ကြည့်ပါဦးမယ်။

ပြီးတော့ အခု နင် ဘာလုပ်သလဲ။ ကျောင်းတက်နေသလား။ ဘာ ဘာသာရပ်တွေ သင်နေသလဲ။ နင့်အကြောင်းလေးတွေ ပြောပြမလား။ စပ်စုတယ်လို့တော့ မထင်နဲ့နော်။

**ပြီးတော့ နင့်အကြိုက်ဆုံး သီချင်းတစ်ပုဒ်ကိုလည်း ငါသိချင်တယ်။ နင် ဖတ်နေတဲ့ စာအုပ်နဲ့ နင့် ဘဝရည်မှန်းချက်ကိုလည်း သိခွင့်ရရင် သိပါရစေ။**

နင့် ကိုယ်ရေးကိုယ်တာ မေးမိတာ စိတ်မဆိုးနဲ့နော်။ တို့ သူငယ်ချင်းတွေ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆက်ဆံချင်လို့ပါ။ စင်ကာပူမှာ နင်လိုချင်တာရှိရင် မှာနော်။ လူကြုံနဲ့ ငါ ပို့ပေးလိုက်မယ်။

ချစ်ခင်သော

**မိုးသက်ခိုင်**

**မိုးသက်ခိုင် ...**

နင့် မေးခွန်းတွေ ငါ ... အရင်ဖြေပါ့မယ်။

(၁) ငါ တက္ကသိုလ်ဝင်တန်း ဖြေဖို့ ကျောင်းတက်နေတယ်။ တို့ဆီက တက္ကသိုလ်ဝင်တန်းဆိုတာ နင်တို့ရဲ့ GCE ‘O’ Level စာမေးပွဲနဲ့တူတယ်။

(၂) မြန်မာသံစစ်စစ်နဲ့ စပ်ဆိုထားတဲ့သီချင်းတွေ အများကြီးရှိတယ်။ စန္ဒယားချစ်ဆွေ၊ စန္ဒယားလှထွတ်၊ တင်တင်မြ၊ ရီရီသန့် စတဲ့ အဆိုတော်တွေရဲ့ သီချင်းတွေဟာ မြန်မာသံစစ်စစ်တွေပဲ။ လူကြုံရှိရင် နင့်ကို ပို့ပေးချင်ပါတယ်။

ပြီးတော့၊ ခင်မောင်တိုးတို့၊ စိုင်းထီးဆိုင်တို့ သီချင်းတွေလည်းရှိသေးတယ်။ နင် ကြားဖူးပြီးသားဖြစ်ချင်ဖြစ်မှာပါ။

(၃) ငါ အကြိုက်ဆုံးသီချင်းက ကိုင်ဇာရေးစပ် သီဆိုထားတဲ့ **တစ်သက်လုံးပဲ သတိရနေမယ်** ဆိုတဲ့ သီချင်းပဲ။

(၄) ငါ လစဉ်ဖတ်နေတဲ့ စာအုပ်က The Best Englsih မဂ္ဂဇင်းစာအုပ်။ ပြီးတော့ ဆရာဖေမြင့်၊ ဆရာအောင်သင်း၊ ဆရာချစ်စံဝင်း၊ ဒေါက်တာသိန်းလွင်၊ ဒေါက်တာမတင်ဝင်းနဲ့ ဆရာကောင်းသန့်ရေးတဲ့ စာအုပ်တွေကိုဖတ်တယ်။ ကြုံရင် နင့်ကို လက်ဆောင် ပေးရဦးမယ်။

(၅) **ငါ့ဘဝ ရည်မှန်းချက်က အဆိုတော် ဖြစ်ဖို့ပါပဲ။**

(၆) ငါ့မှာ မိဘနှစ်ပါးစလုံး မရှိတော့ဘူး။ ငါ့အဒေါ်တစ်ယောက်က မွေးစားထားတယ်။ ငါ့မှာ မွေးစားအဒေါ်ရဲ့သမီး ညီမဝမ်းကွဲလေးတစ်ယောက် ရှိတယ်။ နာမည်က သက်ထားခင်တဲ့။ မွေးစားအဒေါ်က ငါ့ကိုချစ်ပါတယ်။ အဒေါ်က လောင်းကစား ဝါသနာပါတယ်။

ကဲ ... နင်မေးပြီးတာ ငါဖြေပြီးပြီ။ ငါပြောချင်တာတွေ လျှောက်ပြောတော့မယ်။

နင် အဝါရောင်လမ်းကလေးပုံ ဆွဲနေပြီဆိုလို့ ငါ ဝမ်းသာတယ်။ ငါ့ ကဗျာလေးကို အောက်မှာထည့် ရေးပေးမယ်ဆိုတော့ သိပ်ဝမ်းသာတာပေါ့။ ဒါပေမယ့်... အဲ့ဒါကို ငါ ဘယ်လိုမြင်ရမှာလဲ။

**ပြီးတော့ ... စာရေးရင် နင် ဘာဖြစ်လို့ လေယာဉ်ပျံလေးလို ခေါက်ချိုးပြီး ထည့်ပေးရတာလဲ။ ဘာအဓိပ္ပာယ်လဲ။ နင် ရည်မှန်းချက်က ဘာလဲ။ နင် အဖြစ်ချင်ဆုံး အရာက ဘာလဲ။ နင်အကြိုက်ဆုံး သီချင်းက ဘာလဲ။ နင် အကြိုက်ဆုံးစာအုပ်က ဘာလဲ။**

ငါလည်း မေးချင်တာတွေ လျှောက်မေးနေတာ ပါဟာ။ နင်ဖြေချင်တာရှိရင်လည်း ဖြေပေါ့။ ငါက လူတွေ ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို သီချင်းဆိုရတာလောက် စိတ်မပါ ပါဘူးဟာ။ ငါ သီချင်းပဲ ဆိုချင်တယ်။ အခု လည်း သီချင်းနားထောင် သီချင်းစာသားကျက်ပြီးတော့မှ ကျောင်းစာဖတ်တယ်။

ဒီနှစ် တက္ကသိုလ်ဝင်တန်းစာတွေက ခက်တယ် ဟာ။ မနှစ်ကလို လွယ်လွယ်နဲ့ အောင်မှာမဟုတ်ဘူး။ ဒါ့ကြောင့် ကျောင်းစာကိုလည်း အလွတ်မပေးရဲဘူး။ နေ့တိုင်း စာကျက်နေရတယ်။ **ငါဘဝမှာ စာမေးပွဲဆိုတာ**



**နှစ်ခါပြန်ဖြေရိုး ထုံးစံမရှိဘူး။ ဖြေပြီဆိုရင် အောင်ကို အောင်ရမယ်ဆိုတာ ငါ့ရဲ့ ဆုံးဖြတ်ချက်ပဲ။**

ဒါပဲဟာ ... ငါ စာပြန်ကျက်ဦးမယ်။

ခင်တတ်တဲ့

**မေမိုးခင်**

**မေမိုးခင် ...**

နင်ပြောတဲ့ မြန်မာသံစစ်စစ် သီချင်းတွေ မြန်မာ ပြည် လှမ်းမှာပြီး ငါ နားထောင်ကြည့်ဦးမယ်။ ပြီးတော့ နင့်ရဲ့ အကြိုက်ဆုံးသီချင်းဖြစ်တဲ့ ''တစ်သက်လုံးပဲ သတိ ရနေမယ်'' ဆိုတဲ့ သီချင်းကို နင် ဆိုပြတာ ငါနားထောင် ချင်လိုက်တာ။

နင်ဖတ်တဲ့ စာအုပ်တွေလည်း ငါ လိုက်ဖတ် ကြည့်ပါဦးမယ်။ **နင့်ရည်မှန်းချက်က အဆိုတော်ဆိုတော့ ငါ တော်တော် သဘောကျသွားတယ်။ အဆိုတော် ဆိုတာ အနုပညာရှင်ပဲ။ အနုပညာရှင်တစ်ယောက်ဖြစ် ဖို့က သိပ်ခက်တာ။ သူက ဖော်မြူလာလည်း မရှိဘူး။ ဘယ်လောက်ကြာမှ အဆိုတော်ဖြစ်မယ်ဆိုတာလည်း နှစ် ကန့်သတ်ချက်မရှိဘူး။ ဖြစ် မဖြစ်ဆိုတာလည်း မပြောနိုင်ဘူး။ ဖြစ်ပြီဆိုရင်လည်း ပရိသတ်က ဘယ်**

**လောက်ကြာကြာ လက်ခံမယ်ဆိုတာလည်း မသိဘူး။ အဲ့ဒီလို မသေချာ မရေရာတဲ့ အသက်မွေးဝမ်းကျောင်းကို ငယ်ငယ်ကတည်းက ဆုံးဖြတ်ရွေးချယ်ရဲတဲ့ နင့်သတ္တိကို ငါသဘောကျတာပါ။**

အဲ့ဒီလို စိတ်ဓာတ်ပြင်းပြပြီး မဖြစ်မနေလုပ်တတ်တဲ့ သူတိုင်းဟာ နောက်ဆုံးတော့ သူတို့ဖြစ်ချင်တာ ဖြစ်သွားကြတာပါပဲ။

နင့်မှာ မိဘနှစ်ပါးမရှိတော့လို့ စိတ်မကောင်းပါဘူး။ ပေါ်လီယာနာအတွေးမျိုးနဲ့ တွေးရရင်တော့ မိဘနှစ်ပါးမရှိတော့လည်း နင့်မှာ ငဲ့ညှာထောက်ထားပြီး ကျွေးမွေးပြုစုစောင့်ရှောက်ရမယ့် လူနှစ်ယောက် နည်းသွားတာပေါ့။ မိဘတွေ မရှိတော့ တစ်ခါတလေ အငြိမ်းစိတ်အားငယ်မှာပဲနော်။ ငါ ကိုယ်ချင်းစာပါတယ်။ ဒါပေမယ့် အခု နင့်မှာ ခင်မင်စရာကောင်းတဲ့ သူငယ်ချင်းလေးရှိနေပြီဆိုတော့ ဘာပဲဖြစ်ဖြစ် ငါ့ဆီကို ရင်ဖွင့်ပြလို့ ရတာပေါ့နော်။

ပြီးတော့ နင်မေးထားတာတစ်ခုရှိသေးတယ်။ ငါ့ စာတွေကို ဘာဖြစ်လို့ လေယာဉ်ပျံလို ခေါက်ချိုးပြီး ထည့်ပေးရတာလဲတဲ့။ နားထောင် ... ငါ ပြောပြမယ်။

ငါ ... ငယ်ငယ်တုန်းက မြန်မာပြည်မှာ အဘွားနဲ့နေကျန်ခဲ့ဖူးတယ်။ အဘွားက ငါ့ကို ပုံတွေအများကြီးပြောခဲ့ဖူးတယ်။ လနတ်သမီးပုံပြင်တွေ။ ရွှေယုန်နဲ့ရွှေကျား သက်ငယ်ရိပ်သွားတဲ့ပုံပြင်တွေ။ ရှင်မွေးနွံနဲ့ မင်းနန္ဒာပုံပြင်တွေ ပြောဖူးတယ်။ ပြီးတော့ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းဘုရား၊ ဘုရင့်နောင်စတဲ့ သူရဲကောင်းဘုရင်တွေအကြောင်းလည်း ပြောဖူးတယ်။

**အဲဒီလို သူရဲကောင်းတွေအကြောင်းပြောတဲ့ အချိန်မှာ ကောင်းကင်မှာ လေယာဉ်တစ်စင်းပျံသွားတာကို မြင်ရတော့ ငါ့စိတ်ထဲမှာ အဲ့ဒီ လေယာဉ်လို ကောင်းကင်ပျံတက်သွားချင်လိုက်တာလို့ အဘွားကို ပြောမိတယ်။ အဘွားက ဒါဆို ငါမြေးက လေယာဉ်မောင်းတဲ့ Pilot လုပ်ပေါ့တဲ့။**

**ငါက လေယာဉ် Pilot ဘယ်လို လုပ်ရမှာလဲလို့ မေးတော့ အဘွားက ကိုယ်ဖြစ်ချင်တာကို ရည်မှန်းချက်ထားပြီး ကြိုးစားပေါ့တဲ့။ အချိန်တန်လာရင် ဖြစ်မှာပေါ့တဲ့။**

**အဲ့ဒီကတည်းက လေယာဉ် Pilot ဖြစ်ချင်ပြီး လေယာဉ်ရုပ်ကလေးတွေ Crazy ဖြစ်လာတာပါပဲ။ အခုတော့ အဲ့ဒီလေယာဉ်လေးတွေနဲ့ နင့်ဆီပျံသန်းချင်တဲ့ စိတ်ကူး လေးတွေပါ ပိုလာခဲ့ပြီပေါ့။**

ဒါဆို ငါ ဘာဖြစ်ချင်သလဲဆိုတာ နင်သိ

လောက်ပါပြီ။ ပြီးတော့ နင်မေးထားတာ ကျန်သေးတယ်။ ငါ့ အကြိုက်ဆုံးသီချင်းက Richard Marx ရဲ့ Right Here Waiting ဆိုတဲ့ သီချင်းပဲ။ သီချင်းစာသားလေး နည်းနည်းရွတ်ပြရင် နင်လည်းကြိုက်သွားမလား မသိဘူး။

Right Here Waiting

**ဒီနေရာကပဲ အမြဲစောင့်မယ်**

Ocean apart day after day

နေ့တွေရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားသလို ကိုယ့်ရင်ထဲက (မျှော်လင့်ခြင်း) သမုဒ္ဒရာလေးဟာလည်း တစ်စစနဲ့ ခမ်းခြောက်သွားခဲ့ပြီ။

And I slowly go insane

ကိုယ်ဟာ အသိဉာဏ်ကင်းမဲ့စွာနဲ့ ခြေဦးတည့်ရာ လျှောက်သွားနေမိတယ်။

I hear your voice on the line

ဖုန်းထဲက မင်းရဲ့ အသံကို ကိုယ်ကြား ယောင်မိတဲ့အခါမှာ

But it doesn't stop the pain

ကိုယ့်ရင်တွင်းက နာကျင်မှုတွေဟာ ရပ်တန့်မသွားနိုင်တော့ဘူး။

If I see you next to never

နောက်ထပ်တစ်ကြိမ် တစ်ခါလေးတောင် မင်းကို တွေ့ခွင့်မရတော့ဘူးဆိုရင်

How can we see forever

ကိုယ်တို့ရဲ့ ထာဝရ တွေ့ဆုံနိုင်ခြင်းဟာ ဘယ်လိုဖြစ်နိုင်တော့မှာလဲ။



* (Wherever you go

မင်းလေး ဘယ်ဆီကိုပဲသွားသွား

Whatever you do

ဘာတွေကိုပဲ လုပ်လုပ်

I will be right here waiting for you

မင်းထားခဲ့တဲ့ ဒီနေရာလေးမှာပဲ အသေအချာ ကိုယ်စောင့်နေပါ့မယ်။

Whatever it takes

ကိုယ့်ဆီက မင်းလေး ဘာကိုပဲ ယူသွားယူသွား

Or how my heart breaks

ကိုယ့် အသည်းနှလုံးတွေ ဘယ်လိုပဲ ကျေပျက်သွားပါစေ

I will be right here waiting for you

မင်း ထားခဲ့တဲ့ ဒီနေရာလေးမှာပဲ အသေအချာ ကိုယ်စောင့်နေပါ့မယ်။

I took for granted, all the times that I thought would last some how

ဘယ်လို အကြောင်းတရားတွေကြောင့်ပဲဖြစ်ဖြစ် ကိုယ့်ရဲ့ သဘောထားတွေဟာ အချိန်နာရီတွေ အားလုံးအတွက် နိုင်မြဲတည်တံ့စေလိမ့်မယ်လို့ ရဲရဲကြီး ကိုယ်သစ္စာဆိုခဲ့ပါတယ်။

I hear the laughter, I taste the tears

ရင်နာနာနဲ့ မျက်ရည်ကျနေရတဲ့အချိန် ကိုယ့်ရဲ့နားထဲမှာ မင်းရဲ့ လှောင်ပြောင်ရယ်မောသံတွေ ကြားနေရသလိုပဲ

But I can't get near you now
ဒါပေမဲ့ ခုတော့ မင်းရဲ့နံဘေးမှာ ကိုယ်မှ မရှိနိုင်တော့တာပဲလေ။
Oh! can't you see it baby
အိုး မင်းကိုယ့်ကို နားမလည်နိုင်တော့ဘူးလား၊ ကလေးရယ်။
You're got me goin crazy
မင်းလေးကတော့ ကိုယ်ရင်ထဲမှာ စိုးမိုးစွဲလန်းနေဆဲပါပဲ
Repeat (*)
I wonder how we can survive this romance
ဒီလို လွမ်းဆွေးတမ်းတမှုတွေနဲ့ ဘယ်လိုလုပ်ပြီး ကိုယ်အသက်ရှင်သန်နိုင်တော့မှာလဲ။
But in the end if I am with you
I'll take the chance
ဒါပေမဲ့လည်းလေ ကိုယ်ဘဝရဲ့ နောက်ဆုံးချိန်မှာ မင်းနဲ့အတူရှိနေဖို့ အခွင့်အရေးတစ်ခုကိုတော့ ကိုယ်ရအောင်ယူမယ်။
Wherever you go I'll be right here waiting for you. မင်း ဘယ်ကိုပဲသွားသွား မင်းကို အမြဲတမ်း ဒီမှာပဲ စောင့်နေမယ်တဲ့။ နင် ... ရှာပြီး နားထောင်ကြည့်စမ်းပါ။ ကြိုက်လွန်းလို့ နေ့တိုင်း ဆိုနေလိမ့်ဦးမယ်။

ငါ **အကြိုက်ဆုံးစာအုပ်ကတော့** K.SRI DHAMMANANDA **ရေးတဲ့** Why Worry **ဆိုတဲ့ စာအုပ်**



ပဲ။ ဖေဖေက ဘာသာရေးတော်တော်လုပ်တယ်ဟ။ ဗုဒ္ဓဘာသာ စစ်စစ်။ အမြဲတမ်း တရားထိုင်တယ်။ စိတ်ရဲ့ငြိမ်းချမ်းခြင်းကို ဝိပဿနာတရား ကျင့်ကြံခြင်းဖြင့်သာ ရနိုင်တယ်တဲ့။ ငါ့ကို အမြဲ ပြောဆိုဆုံးမပြီး တရားထိုင်ခိုင်းတယ်။ အမေမရှိတော့တဲ့နောက်ပိုင်းမှာ အဖေဟာ တရားကျင့်ကြံအားထုတ်ခြင်းကို အမြဲတမ်း လုပ်နေတော့တာပဲ။ အဖေက အမေ့ကို သိပ်ချစ်တော့ ခွဲခွာမှုဒဏ်ကို တရားနဲ့ တောင့်ခံနေသလား မသိဘူး။

စာကျက်ရင် ၁၀ မိနစ်လောက် တရားထိုင်ပြီးမှ စာကျက်တဲ့အကျင့်ကို ဖေဖေက လေ့ကျင့်ပေးထားတော့ စာဖတ်ရတာ ပိုပြီး ရသလိုပဲ။ အချိန်အားရင်တော့ ပန်းချီဆွဲလေ့ကျင့်တယ်။ ငါလည်း နင့်လိုပါပဲဟာ GCE 'O' Level စာမေးပွဲက သိပ်ခက်တော့ နေ့တိုင်းစာဖတ်ရတယ်။ လေ့ကျင့်ခန်းတွေ လုပ်ရတယ်။ ဒီကြားထဲ ကျောင်းကခိုင်းတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ရတယ်။ အချိန်အားမရှိပါဘူးဟာ။ **ဘယ်လောက်ပဲ အလုပ်များများ နင့်ဆီကိုတော့ စာရေးမပျက်ပါဘူး။ နင့်ဆီကို စာရေးနေရတာ ငါ့အတွက် စိတ်ရဲ့ထွက်ပေါက်တစ်ခုပါပဲ။**

တော်ပြီဟာ ဒီမှာပဲ ရပ်လိုက်တော့မယ်။

P.S. နင်ကော စာတွေကို လေ့ကလေးလို ခေါက်ချိုး ပြီး ဘာလို့ ငါဆီပို့ရတာလဲ။ ပြီးတော့ နင့်မှာ ယောကျ်ား လေးသူငယ်ချင်းရှိသလား။

ချစ်သော

**မိုးသက်ခိုင်**

**မိုးသက်ခိုင် ...**

**တစ်သက်လုံးပဲ သတိရနေတယ် ရင်ထဲမှာ ... မျှော်လင့်ချက်ကလေးတွေလည်း ... ရင်ထဲအမြဲတမ်း ထားလို့သာ .. အဖော်မဲ့တဲ့ ဘဝရဲ့ အလယ်မှာ ... တစ်ယောက်တည်းပါ ... ဆိုတဲ့ ကိုင်စာရဲ့ သီချင်းကို ငါ ဒီကနေဆိုပြလိုက်ပါတယ်။ အိပ်ရာထဲမှာ လှဲပြီး စိတ်နဲ့ခံစားပြီး နားထောင်ကြည့်ပါလား။ ငါ့ရဲ့ အဖော်မဲ့ အထီးကျန်တဲ့ ခံစားမှုကို နင် သိနားလည်သွားမှာပါ။**

ငါ့မှာ အဖေအမေလည်း မရှိ။ ညီအစ်ကို မောင် နှမလည်း အရင်းအချာမရှိ။ မွေးစားအမေကလည်း သူ့ ကျောက်ပွဲစား အလုပ်နဲ့ရှုပ်နေလေတော့ အိမ်ကို ပြန် လှည့်မကြည့်နိုင်။ ညီမလေးကလည်း ငါနဲ့ အတန်းတူ။ သူက သမီးအရင်းဖြစ်လေတော့ အကောင်းဆုံး ကျူရှင် တွေတက်။ ယောကျ်ားလေး သူငယ်ချင်းတွေ ရည်းစား တွေနဲ့ အလုပ်ရှုပ်နေလေတော့ အစ်မကို ချစ်ခင်တွယ်တာ

ရကောင်းမှန်းလည်း မသိပါဘူး။ ငါ့မှာ အိမ်အလုပ်တွေ နိုင်ခံလုပ်ပေးပြီး နေ့တစ်ဝက် ကျောင်းကို အပြေးအလွှား သွားတက်ပြီး စာမေးပွဲအောင်ဖို့ ကြိုးစားနေရတယ်။

ဒါပေမဲ့ သူများအိမ်မှာ အိမ်ဖော်လုပ်ရတာ ထက်တော့ နည်းနည်းသာတယ်။ အဒေါ်က တူမလို ချစ်တော့ မနှိပ်စက်ဘူးပေါ့လေ။

တော်ပါပြီဟာ။ ငါရဲ့ အကျည်းတန်တဲ့ ခံစားမှု ကို မပြောတော့ပါဘူး။ အဆိုတော် ဖြစ်ချင်တဲ့ ငါရဲ့ ဆန္ဒကို တိုက်တွန်းအားပေးတဲ့အတွက် နင့်ကို သိပ် ကျေးဇူးတင်ပါတယ်။ ငါ **အဆိုတော်ဖြစ်အောင် ကြိုးစား မယ်ဟာ။ နင်ပြောသလို လူတွေက တန်ဖိုးထားချစ်ခင် လေးစားရတဲ့ အနုပညာရှင်တစ်ဦးဖြစ်အောင် ကြိုးစား မယ်။**

ပြီးတော့ ဝမ်းသာစရာပြောရဦးမယ်။ နင့်ရဲ့ အကြိုက်ဆုံး သီချင်း Right Here Waiting. ဆိုတဲ့ သီချင်းကို ငါဆိုတတ်တယ်သိလား။ ပြီးတော့ ကြိုက် လည်း သိပ်ကြိုက်တယ်။ သီချင်းရဲ့အစ စန္ဒယား သံလေး ကို သိပ်ကြိုက်တာပဲ။ နင်နဲ့ငါဟာ အကြိုက်ချင်း သိပ်တူ နေပါလား။

နင့်ရဲ့ အကြိုက်ဆုံး Why Worry ဆိုတဲ့ စာအုပ် တော့ ငါ မဖတ်ဖူးဘူး။ နင်ပြောမှ ကြားဖူးတာ။ ငါက

အင်္ဂလိပ်စာမှ မတော်တာ။ အခုမှ The Best English မဂ္ဂဇင်းက ဘာသာပြန်ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ပြီး လေ့ကျင့်သင်ကြားနေတုန်းပဲ ရှိတာ။ အဲ့ဒီတော့ နင်သိသလောက် ငါ့ကို နည်းနည်းစီ ပြောပြဟာ။ ငါ နားထောင်ချင်တယ်။

နင်ရဲ့ ဖေဖေက နင့်ကို ၁၀မိနစ်လောက် တရားထိုင်ခိုင်းပြီး စာကျက်ခိုင်းတယ်ဆိုတော့ နင်ဟာ အဖေကောင်းတစ်ယောက်ကို ရထားတဲ့အတွက် သိပ်ကံကောင်းတာပဲ။ ငါ့မှာလည်း အဲ့ဒီလို အဖေမျိုးရှိချင်လိုက်တာ။

**အလုပ်တွေ မအားတဲ့ကြားထဲက ငါ့ဆီကို စာမှန်မှန်ရေးပေးတဲ့အတွက် နင့်ကို ငါ သိပ်ကျေးဇူးတင်ပါတယ်။ နင့်စာတွေ ဖတ်ရတာ ငါ့မှာတအားပါပဲ။ စာပို့သမားကြီး လာပြီဆိုရင်ငါ့မှာ ပျော်လွန်းလို့ နင့်ရဲ့ ပဲပင်ပေါက်လို တွန့်လိမ်လိမ် လက်ရေးလေးကို မြင်ရရင် အရမ်းဝမ်းသာတာပဲ။ ငါ့ကို နားလည်ခံစားအားပေးနေတဲ့သူဟာ နင်တစ်ယောက်တည်းရှိပါတယ်။ ဒါဆို ငါ့မှာ ယောကျ်ားလေးသူငယ်ချင်း ရှိသလားဆိုတဲ့မေးခွန်းကို ဖြေစရာမလိုတော့ဘူးပေါ့။**

နင်မေးထားတာ ကျန်သေးတယ်။ နင့်ဆီရေးတဲ့စာတွေ လေ့ကလေးလိုခေါက်ချိုးပြီး ဘာလို့ထည့်ရသလဲဆိုတော့ ငါ ငယ်ငယ်တုန်းက ရေကန်နံဘေးက အိမ်လေးတစ်အိမ်မှာ နေခဲ့ရတယ်။ အဖေနဲ့ အမေရန်ဖြစ်ရင် အဲ့ဒီ ရေကန်လေးကိုသွားပြီး စက္ကူလှေကလေးလွှတ်လေ့ရှိတယ်။ လှေကလေးကမျှောချင်ရာမျှောပြီးငါကလည်း ထိုင်ပြီး ငေးချင်ရာငေးနေတော့တာပေါ့။ ငါ့ရဲ့ စိတ်ဆင်းရဲမှု၊ မွန်းကြပ်မှု အလိုဆန္ဒမပြည့်ဝမှုတွေကို အဲ့ဒီစက္ကူလှေကလေးထဲ ထည့်မျှောလိုက်ချင်တဲ့ သဘောပါပဲ။ အခုလည်း ငါ့ဘဝရဲ့ အဆင်မပြေမှုတွေ သောကဒုက္ခတွေကို လှေကလေးထဲထည့်ပြီး နင့်ဆီ မျှောလိုက်တာပါပဲ။

ငါ့ရဲ့ စိတ်ဆင်းရဲမှုတွေ နင့်ဆီ လှေကလေးကတစ်ဆင့် လွှင့်မျှောပြောပြလိုက်တာဟာ သဘာဝကျရဲ့လား၊ တရားရဲ့လား။ နင့်အပေါ် စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မိသလားလို့ ငါအမြဲ ပြန်စဉ်းစားပါတယ်။ **ဒါပေမယ့် ... ငါဟာ တွယ်ရာမဲ့ လှေကလေးတစ်စင်းပါပဲ။ နင် နားလည်ပေးနိုင်ပါစေလို့ ငါ ဆုတောင်းပါတယ်။**

**ဘဝကို လက်တွေ့ကျကျ ရင်ဆိုင်ရုန်းကန်နေရတဲ့ ကံကြမ္မာက မျက်နှာသာမပေးတဲ့ ကောင်မလေးတစ်ယောက်ရဲ့ စိတ်ထွက်ပေါက်ကို နင်သိမှာပါ။**

တကယ့်ဘဝမှာ ငါအားမငယ်တတ်ပါဘူး။ ငါ စာတွေ တအားဖတ်တယ်။ ဖတ်ထားတဲ့ စာတွေနဲ့ ဘဝကို

အောင်မြင်အောင် ကြိုးစားရုန်းကန်နေတယ်။ ဒါပေမယ့် နင့်ဆီကို စာရေးရင်တော့ စက္ကူလှေကလေး မျှောလိုက်ရသလိုပဲ ငါခံစားပြီး ရေးခဲ့တယ်။ နင် ငါ့ကို ဘယ်လို နားလည်နိုင်မှာလဲ။ ငါ မသိဘူးဟာ။ နင့်စာတွေ ဖတ်ရရင် ငါ့စိတ်တွေ အေးချမ်းပြီး အားတက်လာတယ်။ ဒါပဲ ငါသိတယ်။

တော်ပြီဟာ ဆက်မရေးချင်တော့ဘူး။

နင့်ရဲ့
**မေမိုးခင်**

**မေမိုးခင် ...**

နင့်စာရတော့ စင်ကာပူက မြန်မာဆိုင်တစ်ဆိုင်မှာ တစ်သက်လုံးပဲ သတိရနေမယ်ဆိုတဲ့ သီချင်းပါတဲ့ ခွေ သွားရှာပြီး ဝယ်တယ်။ ကံကောင်းချင်တော့ ရခဲ့တယ်ဟ။ အဲ့ဒီသီချင်းကို ကက်ဆက်ဖွင့် နားထောင်လိုက်တယ်။ ပြီးမှ ကက်ဆက်ပိတ် အိပ်ရာပေါ်ပစ်လှဲပြီး နင်ဆိုတဲ့ သီချင်းကို စိတ်နဲ့ခံစားပြီး နားထောင်ရတာ သိပ်ကောင်းတာပဲဟာ။ နင့် အသံဟာ ချိုသာပြီး ကြည်လင်ပြတ်သားနေလိမ့်မယ်လို့ ငါယုံတယ်။

နင် ... တကယ် သီချင်းဆိုတဲ့အခါ စေတနာစိတ်နဲ့ ခံစားမှုကိုပေါင်းပြီးဆိုရင် အရမ်းကောင်းမှာသေချာတယ်။ **စေတနာစိတ်ဆိုတာ ကိုယ်ဆိုနေတဲ့ သီချင်းကို နားထောင်နေတဲ့သူတွေ ရွှင်လန်းအပန်းပြေပါစေဆိုတဲ့ စေတနာကို ထည့်၊ တစ်ယောက်ယောက်ကို စိတ်မှန်းပြီး ခံစားမှုကိုထည့် ဆို၊ အဲ့ဒါကို ပြောတာ။** တစ်ယောက်ယောက်ကို မှန်းစရာမရှိရင် ငါ့ကို စိတ်ထဲမှာ မှန်းပြီး တစ်သက်လုံး သတိရနေမယ်ဆိုတဲ့ အတွေးနဲ့ ဆို။ နင် အောင်မြင်မှာ သေချာတယ်။

အကျည်းတန်တဲ့ နင့်ဘဝကို ပြောပြလို့ ကြားရတဲ့ ငါအဖို့ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ဟာ လူတကာက တန်ဖိုးထား လေးစားရတဲ့ အနုပညာရှင်တစ်ယောက်ဖြစ်ဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ။ ကြမ်းတမ်းတဲ့ ဘဝခရီးလမ်းကို ဖြတ်သန်းခဲ့ကြရတာချည်းပဲ။ အောင်မြင်သူတွေရဲ့ အထုပ္ပတ္တိကို ဖတ်ကြည့်စမ်းပါ။ ငယ်ငယ်က ဆင်းဆင်းရဲရဲနဲ့ ဒုက္ခမျိုးစုံ ကြုံပြီးမှ အောင်မြင်ကြတာပါ။ နင် အခုလို စိတ်ဆင်းရဲမှုတွေ ကြုံပြီး ယုံကြည်ရာကို စိုက်လိုက်မတ်တပ် လုပ်တော့မယ်ဆိုရင် သေချာပေါက် အောင်မြင်ကျော်ကြားမှာပဲ။

ငါ့အဖေက ပြောတယ်။ ဘဝမှာ **အမြတ်များများ လိုချင်ရင် အရင်းအနှီးကြီးကြီးမားမား ပေးရသတဲ့။ အောင်မြင်မှုဆိုတာ လမ်းဘေးက ဈေးပေါပေါနဲ့ ဝယ်လို့ရတဲ့ ပစ္စည်းမျိုး မဟုတ်ဘူးတဲ့။ ထိုက်ထိုက်တန်တန်**

**စွန့်စားရန်းကန်ကြိုးပမ်းယူမှ ရတာမျိုးတဲ့။ နင်လိုချင်တဲ့ အောင်မြင်မှု နင်ဖြစ်ချင်တဲ့ အနုပညာရှင်ဖြစ်မယ်ဆိုတာ ငါ အသေအချာယုံတယ်။**

ပြီးတော့ ငါကြိုက်တဲ့သီချင်း နင်ရတယ်ဆိုတော့ ငါ သိပ်ဝမ်းသာတယ်။ တစ်နေ့ကျ အဲ့ဒီသီချင်းကို နင့်ကို ဆိုခိုင်းရဦးမယ်။

**စက္ကူလေ့ယာဉ်လေးထဲမှာ ထည့်မျှောလိုက်တဲ့ နင့်ရဲ့ သောကတွေ စိတ်မွန်းကြပ်မှုတွေကို ငါ့ရဲ့ နှလုံးသားအိမ်ထဲမှာ ထည့်သိမ်း ဆေးကြောပြီး ပျော်ရွှင်စရာအတွေးတွေ အားတက်စရာ စကားတွေအဖြစ် ငါ့ရဲ့ လေယာဉ်ပျံလေးနဲ့ ပြန်ပို့လိုက်မယ်နော်။**

Why Worry ဆိုတဲ့ စာအုပ်လေးအကြောင်း နင် သိချင်တယ်ဆိုလို့ ငါ ပြောပြပါမယ်။ ငါတို့ သွားနေကျ ဘုရားကျောင်းတစ်ကျောင်းမှာ အလကား ဝေပေးတဲ့ စာအုပ်ဟာ။ ကောင်းလွန်းလို့ လေးငါးခေါက်လောက် ငါ ဖတ်ပြီးပြီ။ အတိုချုပ်ပြောရရင်တော့ ဘာကြောင့် သောကတွေ ဖြစ်ရတာလဲ၊ စိုးရိမ်ပူပန်စိတ်တွေ ဖြစ်ရတာလဲ။ အဲ့ဒီ စိုးရိမ်ပူပန်စိတ်သောကတွေကို ဘယ်လို ဖြေဖျောက်ကျော်လွှားမလဲ။ စိုးရိမ်သောကဖြစ်ပြီး ထိုင်ငိုနေတော့ကော အဲ့ဒီ စိုးရိမ်သောကတွေက ပျောက်သွားမလား။ အဲဒီ စိုးရိမ်သောကတွေက လူတွေကို ဒုက္ခ



ပေးနေမှန်းသိရက်နဲ့ ဝင်လာတာကို ကြည်ကြည်ဖြူဖြူ လက်ခံမလား။ မောင်းထုတ်မလား။ အရှည်ကြီးပဲဟာ။ တစ်နေ့ကျ နင်ဖတ်ခွင့်ရအောင် နင်တို့ဘာသာနဲ့ ပြန်ဆိုပြီး အလှူဒါနလုပ်ပေးဖို့ ပါပါးကို ငါပြောလိုက်မယ်။ အဲ့ဒီကျမှပဲ နင်အသေအချာ ဖတ်ကြည့်ပေတော့။

အခု ငါလည်း GCE စာမေးပွဲကို ဘာသာစုံဂုဏ်ထူးနဲ့အောင်တယ်။ အဲ့ဒါ ပါပါးက အမေရိကားက တက္ကသိုလ်မှာ စီးပွားရေးပညာ သွားသင်ခိုင်းနေတယ်။ ငါ မသွားချင်ဘူးဟာ။ စီးပွားရေးလည်း ဝါသနာမပါဘူး။ ဒါပေမဲ့ ဘဝမှာ လုပ်ချင်တာနဲ့ လုပ်သင့်တာကို ခွဲခြားနားလည်ရမယ်။ ပါပါးရဲ့ လုပ်ငန်းအမွေအနှစ်ကို ဆက်ခံနိုင်တဲ့သား ဖြစ်သင့်တယ်တဲ့။ ဒါနဲ့ ငါလည်း အမေရိကားတော့ မသွားချင်ဘူး။ ပါပါးနဲ့ မခွဲနိုင်ဘူး။ စင်ကာပူမှာပဲ စီးပွားရေးဆိုင်ရာ တက္ကသိုလ်မှာ တက်မယ်ဆိုပြီး တက်နေတယ်။

**လူကြုံရှိတာနဲ့ နင့်အတွက် Walkman ကက်ဆက်လေးတစ်လုံး ပေးပို့လိုက်ပါတယ်။ နင့်အတွက် ငါအကြိုက်ဆုံး Right Here waiting သီချင်းပါတဲ့ တိတ်ခွေနဲ့ နာမည်ကြီး Love Songs တွေပါတဲ့ တိတ်ခွေ (၅)ခွေ ပေးလိုက်ပါတယ်။**

ငါ့ လက်ဆောင်လေးရပြီးရင် နင် ပျော်ရွှင်လိမ့်မယ်လို့ ငါယုံကြည်ပါတယ်။

ချစ်သော

**မိုးသက်ခိုင်**

**မိုးသက်ခိုင် ...**

နင့်လက်ဆောင်လေးကို ရတော့ ငါသိပ်ဝမ်းသာသွားတာပဲ။ ငါ အနှစ်သက်ဆုံးပစ္စည်းတွေကို လက်ဆောင်ပေးတဲ့အတွက် နင့်ကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင်မသိတော့ဘူး။ **နင်ပေးတဲ့ လက်ဆောင်တိတ်ခွေလေးထဲမှာ ထူးဆန်းတဲ့ တိတ်ခွေလေးတစ်ခွေ ပါလာတယ်။ မေမိုးခင်အတွက် ထာဝရအမှတ်တရ တိတ်ခွေလို့ရေးထားတော့ ငါ အရင်ဆုံးဖွင့်ကြည့်တာပေါ့။ နင့်အသံလည်း မကြားရဘူး။ ဒါပေမဲ့ နင့်အခန်းထဲက နင် အကြိုက်ဆုံးသီချင်း Right Here Waiting သီချင်းသံ သဲ့သဲ့ရယ်။ ည (၁၂) နာရီမှာ ထမြည်တဲ့ နာရီသံရယ်။ လမ်းလျှောက် နေသံရယ်၊ ကုတင်ပေါ် ပစ်လှဲလိုက်တယ်လို့ထင်ရတဲ့ အသံရယ်၊ မီးခလုတ်ဖွင့်ပိတ်သံတွေရယ် ကြားနေရတယ်။ ပြီးတော့ တစ်သက်လုံးပဲ သတိရနေမယ်ဆိုတဲ့ သီချင်းသံလည်း ကြားသေးတယ်။**



အစကတော့ နင်ဘာကြောင်တာလဲ။ ငါ့ကိုဘာတွေ ပဟေဠိလုပ်နေတာလဲလို့ တွေးပြီး ငါ့ခေါင်းခြောက်အောင် စဉ်းစားမိတာပေါ့ဟာ။ ဒါနဲ့ နောက်တစ်ကြိမ် ငါပြန်ဖွင့်တော့ ငါ ရိပ်မိလာတယ်။ နင့် idea တွေ ငါ သိလာသလိုပဲ။ နင် ဘာဆိုလိုချင်တယ်ဆိုတာ ငါ ပြောမယ်။ မှန် မမှန် ငါ့ကို ပြောပြရမယ်နော်။

နင် ... ငါ့ကို ပြောစရာစကားတွေ အများကြီးရှိတယ်။ တိတ်ခွေတစ်ခွေလောက်နဲ့ ပြောလို့ အကြောင်းထူးမှာ မဟုတ်ဘူး။ နင့်အကြိုက်ဆုံး ငါ့အကြိုက်ဆုံးသီချင်းတွေဖွင့်ပြီး ငါအကြောင်းတွေ တွေးနေတယ်။ ငါ့ကိုသတိရနေတယ်။ ညနက်တဲ့တိုင်အောင် နင် မအိပ်ဘဲစိတ်ထဲကနေ စကားတွေ ပြောနေတယ်။ နင်ပြောနေတဲ့စိတ်ထဲက အသံလှိုင်းတွေဟာ ကက်ဆက်ထဲကို စီးဝင်သွားပြီး ငါ့ရဲ့ အသိစိတ်ထဲကို ရောက်ရှိ နားလည်မှာပဲလို့ နင်ယူဆပြီး လုပ်လိုက်တာပဲ မဟုတ်လား။

**နင့် အယူအဆမှန်ပါတယ်။ နင့် ရင်ထဲမှာဘာရှိသလဲဆိုတာ ငါ ခန့်မှန်းနိုင်ပါတယ်။ နင့်ရဲ့သံယောဇဉ် အတိမ်အနက်ကိုလည်း ငါ့နှလုံးသားကနက်ရှိုင်းစွာ ခံစားနားလည်ရပါတယ်။ နင်ဟာ စိတ်ပျော့ညံ့တဲ့ ယောကျ်ားမဟုတ်ဘူး။ မိန်းကလေးတွေကိုချွဲချွဲပစ်ပစ် ပြောမယ့် လူစားလည်းမဟုတ်ဘူး။ တရား**

**ထိုင် တရားကျင့်ပြီး မေတ္တာကို အမြဲတမ်း နှလုံးသွင်း နေတဲ့ လူတစ်ယောက်ရဲ့ မေတ္တာလှိုင်းဟာ အဲ့ဒီတိတ်ခွေ ထဲကနေ ငါ့နှလုံးသားကို လှုပ်ခါယမ်းစေခဲ့ပါတယ်။**

**မိုးသက်ခိုင် ... နင်ဟာ ငါ့ဘဝမှာ အထူးခြား ဆုံး ချစ်ခင်လေးစားရပြီး တန်ဖိုး အထားရဆုံး ယောကျ်ားတစ်ယောက်ပါဟာ။** အဲ့ဒီ တိတ်ခွေဆုံးသွား တဲ့အခါ ငါ ငိုမိတယ်။ ငါ့အပေါ်မှာ နားလည် လေးစား တန်ဖိုးထားတဲ့ သူငယ်ချင်းတစ်ယောက်ရှိနေတယ်ဆိုတဲ့ အသိနဲ့ ဝမ်းသာပြီး ငိုမိတာပါ။ အဲ့ဒီဝမ်းသာစိတ်နဲ့ ကျလာ တဲ့ မျက်ရည်တွေဟာလည်း အဖိုးမဖြတ်နိုင်တဲ့ ပုလဲ မျက်ရည်တွေပါပဲကွယ်။

ငါ့မျက်စိထဲမှာ နင့်ကို မြင်လာတဲ့အထိ စိတ်နဲ့ မှန်းကြည့်မိတယ်။ ဓာတ်ပုံမှ မရှိတော့ အတိအကျ ဘယ် သိနိုင်မလဲနော်။ ဒီလောက်တို့တွေ ချစ်ခင်ရင်းနှီးနေတာ တောင် ငါ့ဓာတ်ပုံလည်း နင်မတောင်း၊ နင့်ဓာတ်ပုံလည်း ငါကို မပို့တာ အကြောင်းတစ်ခုတော့ရှိမယ်။ အဲ့ဒီ အကြောင်းကို ငါ သိချင်တယ်ဟာ။

နင့်ရဲ့ အချစ်ဆုံး
မိုး

◆ ◆ ◆



## အခန်း ၂

မိုး ...

ကံတရားတွေက လွဲချော်သွားတဲ့အခါ နင်နဲ့ ငါ မမျှော်လင့်ဘဲ တော်တော်ကြာ အဆက်အသွယ်ပြတ် သွားခဲ့ရတယ်နော်။ နင့်ရဲ့စာကို ငါမရတာကြာပြီ။ နင် လိပ်စာပြောင်းသွားတာ ငါမသိဘူး။

ဒီစာရေးနေတဲ့ အချိန်မှာ ငါဟာ စင်ကာပူ ဆေးရုံတစ်ခုမှာ အရေးပေါ် သွေးသွင်းကုသခံနေရတယ်။ ငါ့ အမေရဲ့ရောဂါ **လူကေးမီးယား**ခေါ်တဲ့ သွေးကင်ဆာ ကို ငါ အမွေဆက်ခံရသတဲ့လေ။

တစ်လတစ်ကြိမ် သွေးသွင်းနေရတော့ ဘယ်ကို မှ သွားလာလို့ မရနိုင်တဲ့ အခြေအနေမျိုးပါပဲ။ အခုမှ ဖေဖေ့ရဲ့ ဉာဏ်အမြော်အမြင်ကြီးမားပုံကို သိရတော့ တယ်။

ငါ့မှာ မိဘရဲ့မျိုးရိုးဖြစ်တဲ့ သွေးကင်ဆာရနိုင် တယ်ဆိုတာ ကြိုသိလို့ တရားဓမ္မကို ကြိုလေ့ကျင့်ပေး ခဲ့တယ်။ ဝေဒနာကို ခံနိုင်အောင်၊ ဘဝကို စိတ်ပျက် အားငယ် အရှုံးမပေးရလေအောင် အမြဲတမ်း ဆွေးနွေး ဝေဖန်ပေးခဲ့တယ်။ စာအုပ်ကောင်းတွေကို ရှာဖွေပြီး ဖတ် ခိုင်းခဲ့တယ်။

အကျိုးရှိတဲ့ ဝါသနာလည်းပါတဲ့ အလုပ်တွေကို စိတ်ကြိုက်လုပ်ခိုင်းခဲ့တယ်။ အဲ့ဒီမတိုင်ခင်လေးမှာ လူသားပီပီသေမင်းကို ကြောက်ပြီး စိတ်ချောက်ချားခဲ့မိသေးတယ်။ အဲ့ဒီအချိန်က ငါ့ရဲ့ခံစားမှုတွေဟာ ဘဝကို စိတ်ပျက်အားငယ်နေမိတယ်။ **ဒီအချိန်မှာ နင့်ဆီကိုရေးတဲ့ စာတွေဟာ နင့်ကို စိတ်ထိခိုက် ဝမ်းနည်းစေမှာပဲဆိုပြီး နင့်ဆီကိုတမင် စာမထည့်ခဲ့တာပါ။ ဒါပေမဲ့ နင့်အကြောင်းကို ငါ အမြဲနားစွင့်နေလျက်ပါ။**

နင်က နဂိုရ်ကတည်းက စိတ်ပျက်အားငယ်နေတာ ငါ့စာကို ဖတ်ရရင်ပိုဆိုးမှာပေါ့လို့ ပါပါးကလည်း အကြံပေးခဲ့တယ်လေ။ ဒါကြောင့် သူကလည်း ပေးမထည့်ခဲ့တာပါ။ **သံယောဇဉ်ဆိုတာ မီးလိုပဲပူပြင်းတောက်လောင်နိုင်တာမို့ ဘယ်သူပေါ်မှ နက်နက်ရှိုင်းရှိုင်း သံယောဇဉ်မတွယ်တာမိဖို့ ပါပါးက တရားဓမ္မနဲ့ ငါ့ကို ဆုံးမပြီး တရားရှုမှတ်ပြီး မေတ္တာနှလုံးသွင်းခိုင်းခဲ့ပါတယ်။ ဒါ့ကြောင့် နင့်ကို အဆက်အသွယ် မလုပ်ခဲ့တာ။**

အခုတော့ ငါ့စိတ်တွေ တည်ငြိမ်သွားပါပြီ။ မေတ္တာကို ငါနားလည်သွားပြီ။ မေတ္တာဆိုတာ သူ့အကျိုးလိုလားခြင်းပဲ။ မေတ္တာရဲ့ အကျိုးရလဒ်မှာ သောကတွေ ဝမ်းနည်းကြေကွဲခြင်းတွေ မရှိဘူး။ နင့်အပေါ်မှာထားတဲ့ ငါ့မေတ္တာဟာ ဖြူစင်သန့်ရှင်းတဲ့ သူငယ်ချင်းမေတ္တာမျိုး



ပါပဲ။ ဒီရောဂါအကြောင်းကို နင်လည်း သိသင့်သလောက်သိမှာပါ။ ကုရာနတ္ထိ ဆေးမရှိသေးပါဘူး။ အချိန်ကာလတစ်ခုရောက်တဲ့အခါမှာ သေမင်းနောက်ကို ကောက်ကောက်ပါအောင် လိုက်ရတာပဲ မဟုတ်လား။ အဲ့ဒီအခါမှာ မကြောက်မရွံ့ ရဲရဲတင်းတင်း စိတ်ရှင်းရှင်းနဲ့ လိုက်သွားနိုင်ဖို့ပဲ အရေးကြီးပါတယ်။

မိုး ... ရယ် ... ငါ့အတွက် စိတ်မပူနဲ့နော်။

**တို့တစ်တွေဟာ တစ်နေ့မသေ၊ တစ်နေ့သေကြမှာပဲ မဟုတ်လား။ ဘယ်သူက အရင်သေမယ် ဘယ်သူက နောက်မှသေမယ်လို့ ကြိုတင်စာချုပ် ချုပ်ဆိုထားတာ မရှိပါဘူး။ ပြီးတော့လည်း အရင်သေသွားတဲ့ သူက ကောင်းလား၊ မသေသေးဘဲ ရှင်ကျန်နေတဲ့သူက ကောင်းသလားဆိုတာ ဘုရားကလွဲပြီး ဘယ်သူမှ မသိနိုင်ပါဘူး။ ဒီတော့ သေခြင်းတရားကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ဖို့ လေ့ကျင့်ပြင်ဆင်ထားတဲ့သူအဖို့တော့ မသေခင်မှာ အများကောင်းကျိုးကို ဆောင်ရွက်သွားဖို့ လူ့လောကအတွက် အမှတ်တရတွေထားခဲ့ဖို့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တွေ ပွားများနိုင်သမျှ ပွားများဖို့ အရေးကြီးပါတယ်။**

ဒါတွေအတွက် အချိန်ရှိတုန်းမှာ တတ်နိုင်သမျှ ငါလုပ်ခဲ့တယ်။ ငါ့ရဲ့ ပန်းချီကားတွေကို ပါပါးက ပြပွဲ

လုပ်ပြီး ရောင်းပေးတယ်။ ရတဲ့ငွေနဲ့ မိဘမဲ့ကလေးကျောင်းတွေကို လှူတယ်။ ဘုရားကျောင်းတွေမှာ လှူတယ်။ မရှိဆင်းရဲတဲ့သူတွေကို အဝတ်အစားထောက်ပံ့တယ်။ စာတော်ပြီး ပညာဆက်မသင်နိုင်တဲ့ သူတွေကို ပညာသင် ကြေးထောက်ပံ့တယ်။

အဲ့ဒီ ကုသိုလ်ဒါနတွေကို နင်ကို သိစေချင်ပြီး ဒါနတွေကို ဝေငှပေးချင်တဲ့ စေတနာနဲ့ ဒီစာကို ရေးလိုက်တာပါ။ စိတ်ခါတ် ကျမသွားနဲ့နော်။ **ဘဝဆိုတာ စိတ်ပျက်အားငယ်စရာ မဟုတ်ဘူး။ မေတ္တာတရားနဲ့ အများကောင်းကျိုးဆောင်ရွက်သွားရမယ့် နေရာ။ အဲဒါကို နင်အသေအချာယုံပါ။**

နင့်အတွက် အဝါရောင်လမ်းကလေး ပန်းချီကားဆွဲပြီးသွားပါပြီ။ ပြခန်းမှာတင်တော့ လူကြိုက်များတယ်။ ဝယ်ချင်သူတွေလည်း ရှိတယ်။ ငါ မရောင်းဘူး။ နင့်ဆီကို ငါ ကိုယ်တိုင်လက်ဆောင်လာပေးချင်တယ်။

ဆေးရုံပေါ်က ဆင်းလို့ရပြီး လှုပ်ရှားသွားလာနိုင်တဲ့ တစ်ချိန်မှာပေါ့နော်။

ပြီးတော့လည်း ... နင့်ကို ငါတွေ့သွားချင်တယ် ... မိုး ... ရယ်။

နင့်ရဲ့ အချစ်ဆုံး
**မိုးသက်ခိုင်**

◆ ◆ ◆



## အခန်း ၊၃၊

''သား ... နေလို့ ထိုင်လို့ သက်သာရဲ့လား''

''သက်သာပါတယ် ... ပါ ပါး''

''ဆေးရုံပေါ်က ဆင်းလာတာ သိပ်မကြာသေးတော့ လှုပ်လှုပ်ရှားရှား သွားသွားလာလာ သိပ်မလုပ်နဲ့ဦး''

''ဟုတ်ကဲ့ ... ပါပါး၊ ဒါပေမဲ့ ...''

''ဘာ ... ဒါပေမဲ့လဲကွ''

''သား ... အခြေအနေကို သားသိနေသလို ပါပါးလည်း သိနေပါတယ်။ လူ့လောကမှာ ကျွန်တော်ရဲ့ နေထိုင်ခွင့် ပါမစ်ဟာ ၆–လ အများဆုံးပဲလို့ ဆရာဝန်တွေ ယူဆခဲ့ကြပြီးပြီလေ။ ပြီးတော့ ရောဂါရဲ့ နောက်ဆုံးအဆင့်ကို ရောက်ခါနီးနေပြီပဲ''

''ဒါတွေ ... မပြောပါနဲ့သားရယ်။ တို့တွေ အသက်ရှင်နေထိုင်ခြင်း အကြောင်းပဲ ပြောကြရအောင်။ သား ဘာတွေ လှူချင် တန်းချင်သေးလဲ''

''ကျွန်တော်မှာ လုပ်စရာတစ်ခုရှိနေသေးတယ် ပါပါး။ အဲ့ဒါ ကျွန်တော်မသေခင် လုပ်သွားချင်တယ်''

''ဘာလဲ ... ပန်းချီပြပွဲ လုပ်ချင်သေးလို့လား။ လုပ်ပေါ့ကွာ။ ဘယ်ဟိုတယ်မှာ လုပ်ချင်သလဲ။ ပါပါး စီစဉ်ပေးမယ်''

''မဟုတ်ဘူး ပါပါး။ ကျွန်တော် မရောင်းဘဲ ထားခဲ့တဲ့ **အဝါရောင်လမ်းကလေး** ပန်းချီကားကို ကျွန်တော်အတွယ်တာရဆုံး ကောင်မလေးကို သွားပေးချင်တယ်''

''သား ကျန်းမာရေးက သိပ်ကောင်းသေးတာ



မဟုတ်တော့ သားကိုယ်စား ပါပါးသွားပေးလို့ မရဘူးလား''

''မရဘူး ပါပါး။ သူ့ကို ကျွန်တော်ကိုယ်တိုင် သွားပေးချင်တယ်။ ပြီးတော့ သူနဲ့ တွေ့သွားချင်တယ်''

''ဖြစ်ပါ့မလား သားရယ်။ ခရီးဝေးလှပါတယ်။ ပါပါး သားကို စိတ်မချဘူး''

**"ပါပါး ပြောခဲ့ဖူးတယ်လေ။ လူဆိုတာ သေနေ့စေ့ သေကြတာပဲ။ ဘယ်နေရာမှာ ဘယ်လို သေကြမယ်ဆိုတာ ဘယ်သူမှ သိနိုင်တာမှ မဟုတ်တာဆိုတာလေ။ အခုလည်း ကျွန်တော် ဘာရောဂါနဲ့ ဘယ်နေရာမှာ သေရမယ်မှန်းမှ မသိတာ။ ဒီတော့ ကျွန်တော်အလုပ်ချင်ဆုံးအလုပ်ကို လုပ်ပြီး သေပါရစေ။ အဲ့ဒီလိုမှ မလုပ်ရရင် ကျွန်တော် သေခါနီး သူ့ကိုစွဲလန်းသွားနိုင်တယ်ဖေဖေ။ သေခါနီး ဘာကိုမှ မစွဲလန်းဘဲ ကိုယ်ရဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တွေကို ဆင်ခြင်ပွားများပြီး သေဖို့ ကြိုးစားသင့်တယ်လို့ ပါပါးပဲ သင်ကြားပေးခဲ့တာလေ။"**

''အေးလေ ... သား ဒီလောက် စိတ်ပြင်းပြနေမှတော့ ပါပါး မတားတော့ပါဘူး။ ဒါပေမဲ့ ... သားနဲ့အတူ ပါပါးရဲ့ မန်နေဂျာကို ထည့်ပေးလိုက်မယ်။ ရန်ကုန်

မှာရှိတဲ့ ဖေဖေ့ကိုယ်စားလှယ်ကိုလည်း လိုတာလုပ်ပေးဖို့ တယ်လီဖုန်း ကြိုဆက်ထားပေးမယ်၊ သား ဘယ်တော့သွားချင်တာလဲ''

''အခုပဲ ဖေဖေ''

''ဩော် ... သွားရယ်''

◆ ◆ ◆



## အခန်း [၄]

''ဟော့ဒါ ... ကျွန်တော်တို့ ဘော့စ် မစ္စတာလျှူရှောက်တန်ရဲ့သား မက်(ခ်)ကရီတန်''

''တန် ... ဒါ ... တို့ ကုမ္ပဏီရဲ့ မြန်မာပြည် ကိုယ်စားလှယ် ဦးစောနိုင်တဲ့''

''တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်။ ကျွန်တော့်ကိစ္စနဲ့ ပတ်သက်ပြီး ပါ ပါးပြောထားပြီးပြီထင်ပါတယ်။''

''ပြောထားပြီးပါပြီ။ အန်ကယ်အားလုံး စုံစမ်းစိစဉ်ထားပြီးပါပြီ။ ကောင်မလေးနာမည်က မေမိုးခင်။ အခု တော်ဝင်သဇင်စားသောက်ဆိုင်မှာ သီချင်းဆိုပါတယ်။ မွေးစားအမေနဲ့အတူ တာမွေမှာ နေပါတယ်။ အရင်က ကုမ္ပဏီတစ်ခုမှာ နိုင်ငံခြားသားတစ်ယောက်ရဲ့ အတွင်းရေးမှူး လုပ်ဖူးပါတယ်။ ၁၀–တန်းအောင်ပြီး အဝေးသင်တက္ကသိုလ်က ဘွဲ့ရပါတယ်။ အင်္ဂလိပ်စကားပြောနိုင်ပြီး ကွန်ပျူတာလည်း တတ်ပါတယ်။ နောက်တော့ သူ့ညီမ သီချင်းဆိုနေတဲ့ တော်ဝင်သဇင်မှာ ပင်တိုင်အဆိုတော်အဖြစ် အင်္ဂလိပ်သီချင်းတွေ ဆိုနေပါတယ်။ အန်ကယ် စုံစမ်းသိရှိသမျှ ဒါအကုန်ပါပဲ။ မစ္စတာတန် သီချင်တာလေးတွေ ကျန်ပါသေးလား''

''ဟာ ... လုံလောက်ပါတယ်၊ အန်ကယ်။

''အန်ကယ် ဦးစောနိုင်ရဲ့ အစီအစဉ်လေး ပြောပါဦး။ ကျွန်တော်သိချင်လှပြီ။ မေမိုးခင်ကို ကျွန်တော် ဘယ်အချိန် ဘယ်လိုတွေ့ရမှာလဲ''

''ဒီနေ့တော့ နားပါ။ နောက်နေ့မှာ ကောင်မလေးကို ရုံးကားလွှတ်ပြီး အခေါ်ခိုင်းလိုက်ပါ့မယ်''

''ဟာ ... ဒီလို မလုပ်ပါနဲ့။ ဒီအစီအစဉ်ကို ကျွန်တော်မကြိုက်ဘူး။ သူ့ရဲ့ အခြေအနေတွေကို ကျွန်တော်အနီးကပ် သိချင်သေးတယ်''

''ဘာကို ဆိုလိုတာလဲ မစ္စတာတန်''

''သူနဲ့ ပြန်တွေ့လို့ သူဟာ မိုးသက်ခိုင်ဆိုတဲ့ သူငယ်ချင်းကို မေ့သွားပြီဆိုရင် နောက်တစ်နေ့ ကျွန်တော် ပြန်သွားမှာပါ။

''မိုးသက်ခိုင်ကို မမေ့သေးဘူးဆိုရင်တော့ သူ့ကို ကျွန်တော်ကောင်းမွန်စွာ ပြောဆိုနှုတ်ဆက်ပြီး ပြန်ချင်ပါတယ်''

''ဒါဆို မစ္စတာတန် ရဲ့ သဘောပါပဲ။ သူနဲ့ တွေ့ချင်ရင် ညဘက် တော်ဝင်သဇင်မှာ ညစာသွားစားရုံပါပဲ''

''ဒါဆို ဒီညပဲ တော်ဝင်သဇင်မှာ ညစာ သွားစားကြမယ်လေ။ အန်ကယ်ဦးစောနိုင်ရဲ့ တွေ့ဆုံမိတ်ဆက် ညစာ စားပွဲပေါ့နော်''

''ကောင်းပါပြီ၊ မစ္စတာတန်''

◆ ◆ ◆



## အခန်း (၅)

''မစ္စတာတန် ... အဲ့ဒါ ဦး သူငယ်ချင်း တော်ဝင်သဇင်စားသောက်ဆိုင်ပိုင်ရှင် ဦးစိုးပဲ''

''ဟောဒါကတော့ ကျွန်တော့်ရဲ့မိတ်ဆွေရဲ့ သား စင်ကာပူနိုင်ငံကလာလည်တဲ့ မစ္စတာတန်တဲ့''

''တွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်''

''တွေ့ရတာ ဝမ်းသာတယ်။ အန်ကယ့်ဆိုင်ကို လာအားပေးတဲ့အတွက်လည်း ဝမ်းသာပါတယ်။ လိုတာရှိရင်လည်း ပြောပါ''

''ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်။ လိုတာရှိခဲ့ရင်ပြောပါ့မယ်''

''ကဲ ... မစ္စတာတန် ဘာစားမလဲ၊ ဘာသောက်မလဲ''

''အန်ကယ်ပဲ ကြည့်မှာလိုက်ပါ။ ကျွန်တော့်အတွက် ကိုကာကိုလာဆိုရပါပြီ။ ပြီးတော့ ... ပူပူစပ်စပ်မပါတဲ့ ဟင်းတွေမှာပေးပါ''

''ကဲ ... ဦးစိုးရေ ... ခင်ဗျားဆိုင်ရဲ့ အကောင်းဆုံးတွေ ကြည့်ချပေးတော့ဗျာ''

''ဟုတ်ကဲ့ ... ကောင်လေးတွေကို ကျွန်တော်ကြည့်ပြောလိုက်ပါ့မယ်''

''တန် ... မင်းပြောတဲ့ ကောင်မလေးနာမည်ကဘယ်သူ''

''အန်ကယ်ဆန်နီကလည်း မေ့ပြန်ပြီ။ မေမိုးခင်လေ''

''သူ့နာမည် မကြားသေးဘူးကွ''

''မပူပါနဲ့ မစ္စတာဆန်နီ၊ တော်ကြာ သူ့အလှည့်ရောက်လာပါလိမ့်မယ်။ ဦးစိုးကို ကျွန်တော်ပြောပြီးပါပြီ''

◆ ◆ ◆



## အခန်း ၆

''ယခု ဖျော်ဖြေတင်ဆက်မယ့်သူက မေမိုးခင်ဖြစ်ပါတယ်။ သူဖျော်ဖြေမယ့် သီချင်းကတော့ **"မိုးသို့တမ်းချင်း"** ဖြစ်ပါတယ်။ ခံစားနားဆင်ကြည့်ပါရှင်''

**အရွက်ကြွေတဲ့ နွေ ... ပူရှိန်ပြင်းလို့ တောက်လောင်နေ ... နေရာတိုင်းမှာ မစိုပြည် သွေ့ခြောက်နေတဲ့ နွေ ... အပူငွေ့နဲ့ အရှိန်မသေ ... အမြန်လာပါတော့ မိုး ... ရေ။**

**ကိုယ့်ဘဝ နွေကန္တာ ... ဤလိုအဖြစ်မျိုးပမာ ပျော်စရာ ခေါင်းပါးလာ ... နေရာတိုင်းမှာ ခြောက်သွေ့နေရှာ ... လာပါတော့ မိုးရေ ... အမြန်လာပါ ... ရွာပါ မိုး ... ရေ။**

အကြင်နာ မိုး ... စေတနာ မိုး ... မေတ္တာမိုး ရွာသွန်းဖြိုးပါ ... ကိုယ်ဘဝက နွေကန္တာ ... အကြင်နာ မိုးစက်များ ဖြန်းပက်ပါ။ မေတ္တာမိုးစက်များ ဖြန်းပက်ပါ။ ကိုယ့်အတွက် အိပ်မက်ပမာ ... ရွာဟန်ပြင်သော်လည်း မရွာ ဘယ်ဆီရှောင်ပုန်းလို့ ... ကိုယ့် မျှော်လင့်ချက်တွေ ဆုံးရှုံးစေပြီလား မိုးရာ ...

ကိုယ့် ဘဝနွေကန္တာ ... မရက်စက်ပါနဲ့မိုးရာ အကြင်နာမိုး ... မေတ္တာမိုး ရွာသွန်းဖြိုးပါ ... မိုးကို အမြဲ တောင့်တနေလျက်ပါ။

◆ ◆ ◆



အခန်း (၇)

မိုးရယ် ... နင့်ရဲ့ အသံဟာ သိပ်ချိုတာပဲနော်။ ရုပ်ရည်လေးကလည်း သန့်ပြန့်လိုက်တာ။ အသားဖြူဖြူ ပိန်ပိန်သွယ်သွယ် နှာတံချွန်ချွန်၊ ဆံပင်ရှည်ရှည်လေးနဲ့ သိပ်လှနေပါလား။ နင်ဆိုတဲ့ သီချင်းလေးကလည်း ငါ့ ရင်ကို ထိခိုက်နာကျင်စေပါတယ်။

နင်ဟာ ... မိုးသက်ခိုင်ဆိုတဲ့ ငါ့ကို မျှော်လင့် စောင့်စားတဲ့အနေနဲ့ ဒီသီချင်းကို ဆိုနေတာလား။ ငါလာ ရကျိုးနပ်ပါပြီ။ နင့်အတွက်လည်း ငါ ဂုဏ်ယူပါတယ်။

**နင် အဆိုတော်ဖြစ်ပြီလေ။ လူတွေရဲ့ စိတ်နှလုံးကို အပန်းဖြေရွှင်လန်းစေနိုင်တဲ့ တေးသီချင်းတွေကို နင် သီဆိုနိုင်ခဲ့ပြီပဲ။ လူတကာက တန်ဖိုးထား လေးစားရတဲ့ အနုပညာရှင်တစ်ယောက်ဖြစ်ဖို့ပဲ လိုတော့တယ်။ အခွင့်ရေးရခဲ့ရင် နင့်ကို အနုပညာစင်မြင့်ပေါ် ငါတင်ပေးခဲ့ချင်ပါတယ်။ ငါ့အတွက် အချိန်တွေဟာ သိပ်နည်းနေပြီ။**

အဲဒီနည်းပါးတဲ့ အချိန်တွေထဲကနေ နင့်အတွက် တစ်ခုခု ငါလုပ်ပေးခွင့်ရပါစေလို့ မျှော်လင့်နေမိတယ်။ နင့် အလှည့်ပြီးသွားတော့ အန်ကယ် ဦးစောနိုင်ကို အကူအညီတောင်းပြီး နင့်ကို သီချင်းနှစ်ပုဒ် Request လုပ်ခဲ့တယ်။ တစ်ပုဒ်က မြန်မာသီချင်း၊ ကိုင်ဇာရဲ့ **"တစ်သက်လုံးပဲ သတိရနေမယ်"** ဆိုတဲ့ သီချင်း။ တစ်ပုဒ်က "Right Here Waiting" တဲ့။

**"မိုးသို့ တမ်းချင်း"** သီချင်းဆိုတော့ ပန်းကုံး၊ ပန်းခြင်း၊ သရဖူ တွေ တစ်ယောက်ထဲစွပ်ပေးလိုက်တဲ့ ငါ့ကို နင် အသေအချာ ဂရုတစိုက်ကြည့်ပြီး ပြုံးပြခဲ့တယ်နော်။

အခု ''တစ်သက်လုံးပဲ သတိရနေတယ်'' ဆိုတဲ့ သီချင်းကိုဆိုတော့ နင့် ... ငါ့ကို ငေးစိုက်ကြည့်ပြီး ဆိုနေတယ်။ နင့်စိတ်ထဲ ဘယ်လိုခံစားပြီး ဆိုနေရသလဲ



ဆိုတာ၊ ငါ ရိပ်မိပါတယ်။ ထုံးစံအတိုင်း ပန်းကုံးတွေ ပန်းခြင်းတွေ ဆုချပြန်တော့ နင် ငါ့ကို အသေအချာ စူးစိုက်ပြီးကြည့်ပြန်တယ်။

''ကျေးဇူးတင်ပါတယ်'' ဆိုတဲ့ နင့်အသံလေးကို နားထောင်ပြီး နင့်ကို လက်ဆွဲနှုတ်ဆက်ခဲ့ရတော့ ငါ့လက်တွေတောင် အေးစက်ပေါ့။

"Right Here Waiting" သီချင်းကို ငါ့အတွက် နင်ဆိုပေးတော့ ငါ့စိတ်ထဲမှာ ကြည်နူးဝမ်းသာနေမိပေါ့။ ဒီသီချင်းကို ရှာရှာဖွေဖွေ Request လုပ်တဲ့သူ ဘယ်သူလဲလို့ နင် သီချင်မှာပဲ ထင်ပါရဲ့။

မိုးသက်ခိုင်ဆိုတဲ့ နင့်အချစ်ဆုံး သူငယ်ချင်း။ နင့်ဘဝမှာ အထူးခြားဆုံး ချစ်ခင်လေးစားရပြီး တန်ဖိုးထားရဆုံး ယောကျ်ားတစ်ယောက်ဖြစ်တယ်ဆိုတဲ့ ... မိုးသက်ခိုင်ဆိုတဲ့ ငါပဲပေါ့။

ဒီသီချင်းနှစ်ပုဒ်ကို ဆိုခိုင်းတဲ့သူဟာ ငါ မဟုတ်ဘဲ အန်ကယ်ဦးစောနိုင်၊ အန်ကယ်ဦးဆန်နီ ဖြစ်နေလေတော့ နင် ဇဝေဇဝါဖြစ်နေဦးမလား မသိ။

**ဒါပေမယ့် နင့်ကိုလာ ပန်းကုံးစွပ်ပြီး သရဖူဆောင်းပေးတဲ့ သူဟာ နင်အတွေ့ချင်ဆုံး အမြင်ချင်ဆုံး နင့်ရဲ့ Pen Friend ဖြစ်တဲ့ Macry Tan ဆိုတဲ့ မိုးသက်ခိုင်ပဲပေါ့။**

**ငါ နင့်ကို အမှန်အတိုင်း ဖွင့်ပြောပြလိုက်ရင် ကောင်းမလားလို့ စဉ်းစားမိပါသေးတယ်။ ဒါပေမယ့် မိုးရယ်။ ငါဟာ သေမိန့်ချ ခံထားရတဲ့ သွေးကင်ဆာ ရောဂါသည်တစ်ဦးပါ။ လပိုင်းပဲ ခံတော့မယ်လို့ ဆရာဝန်တွေက ပါ ပါးကို အသိပေးပြီးထားပါပြီ။ နင့်ကို သောကဝေဒနာတွေပေးပြီး ပူဆွေးနိုင်းရမှာလား။**

ပြီးတော့ ... နင့်ဘဝ ... ဒီလောက်ကြာတဲ့ နှစ်တွေမှာ ဘာတွေ ပြောင်းလဲကုန်ပြီလဲ။ ငါ့ထက် ချစ်ခင်တွယ်တာရတဲ့သူ တွေ့ပြီလား။ အားကိုးရတဲ့ ယောကျ်ား ရပြီလား။ ဒါဆို ငါဟာ နင့်ကို ဝေဒနာသက်သက် လာပေးခဲ့သူ ဖြစ်နေတော့မှာပေါ့။

မိုးရယ် Wherever you go, Whatever you do, I'll be right here waiting for you ဆိုတဲ့ စာသားက ငါ့ကိုကြည့်ပြီး ဆိုနေတာလားကွယ်။

နင် ရိပ်မိစပြုပြီလား။ အံ့ဩစပြုပြီလား။ နင်ဆိုနေတဲ့ ရှေ့က စားပွဲမှာ ထိုင်နေတဲ့ ငါဟာ နင့်အတွယ်ရဆုံးသူ ဖြစ်နေမလားလို့ နင်သံသယတွေဝင်နေပြီလား။ ပြီးတော့ ဆုတွေအများကြီး ချခဲ့တာ နင် သတိထားမိပြီလား။

နောက်ဆုံး သီချင်းဆိုပြီးလို့ လက်ဆွဲနှုတ်ဆက်တဲ့အခါ ငါ့လက်ကို အကြာကြီးကိုင်ထားပြီး ငါ့ကို အသေ



အချာစိုက်ကြည့်နေသေးတယ်။ ကျေးဇူးတင်လိုက်တာလို့ နှစ်ကိုယ်ကြားရုံလေး ပြောတော့ နင့်မျက်ဝန်းမှာ မျက်ရည်တွေဝေလို့။ ငါလည်း ဘယ်လိုဖော်ပြရမှန်းတောင် မသိတော့ပါဘူး။ ကြည်နူးခြင်းတစ်ဝက်၊ ဝမ်းသာခြင်းတစ်ဝက်နဲ့ နင့်ကို နှုတ်ဆက်ပြီး ပြန်ခဲ့ရပေမယ့် ညဘက်မှာ ထမင်းလုံးတစ္ဆေချောက်လို့နေပေါ့။

တို့ ငယ်ငယ်တုန်းက ရေးခဲ့တဲ့စာလေးတွေက အစ ပြန်အမှတ်ရမိတာပေါ့ မိုးရယ်။ ဟိုးတုန်းကလိုပဲ နင့်ကို ငါအားပေးစကားတွေ ပြောချင်ပါသေးတယ်။

ဒါပေမယ့် အခုတော့ နင်ဟာ ကြောက်လန့်အားငယ်နေတတ်တဲ့ ယုန်သတ္တဝါလေးလို မဟုတ်တော့ပါဘူး။ ယောကျ်ားတွေအကြောင်း လူတွေအကြောင်းကို ကောင်းကောင်းသိပြီး ကိုယ့်ဘဝခရီးကို ကိုယ်နည်းကိုယ့်ဟန်လျှောက်နေတဲ့ အားမာန်အပြည့်နဲ့ မိန်းမသားတစ်ဦးပါပဲ။ နင့်အတွက် ငါဂုဏ်ယူလေးစားလျက်ပါ။ မြန်မာပြည်မှာမွေးပြီး စင်ကာပူမှာ ကြီးပြင်းခဲ့ရလို့ မြန်မာစကားပြောတတ်တဲ့အကြောင်း။ မြန်မာပြည်ကို လာလည်တဲ့ ငါ့အကြောင်းတွေကိုလည်း ဆိုင်ရှင်ဦးစိုးက နင့်ကို ပြောမှာပါ။

နင့်ရဲ့ အခြေအနေကို သိချင်တာနဲ့ အန်ကယ်ဦးစိုးကတစ်ဆင့် နင့်ကိုအပြင်ခေါ်ထုတ်ဖို့ စီစဉ်ကြပါ

သေးတယ်။ ဒီမိန်းကလေးဟာ ဝါသနာပါလို့ ရိုးရိုးသား သား သီချင်းဆိုတဲ့သူပါတဲ့။ သူတို့ဆိုင်ကလည်း အပြင်လူတွေနဲ့ ထည့်ပေးလေ့မရှိပါဘူးတဲ့။

အဲ့ဒီစကားကြားတော့ နင့်အတွက် ငါဂုဏ်ယူလိုက်တာ။ နင်ဟာ သတ္တိအပြည့်နဲ့ အရည်အချင်း တကယ်ရှိတဲ့ အနုပညာရှင်တစ်ယောက်လို့ ငါ မှတ်တမ်းတင်ဂုဏ်ပြုလိုက်ပါတယ်။

◆ ◆ ◆



## အခန်း(၈)

မိုးသက်ခိုင် ... နင့်ကို ငါ သတိရနေတုန်း။ နင့် အကြိုက်ဆုံး သီချင်းနဲ့ ငါအကြိုက်ဆုံး သီချင်းနှစ်ပုဒ်ကို ဒီည ငါဆိုလိုက်ရတယ်။ အဲ့ဒီအတွက်လည်း နင်နဲ့ ရွယ်တူလူတစ်ယောက်က ဆုတွေ ချလိုက်တာ။ ငါ့ အတွက်တော့ ဒီတစ်ညဟာ အောင်ပွဲပါပဲဟာ။ ပရိသတ်တွေကလည်း လက်ခုပ်သံ တဖြောင်းဖြောင်းနဲ့ အားပေးလိုက်ကြတာ။ ငါ နင့်ကို မြင်စေချင်ပါတယ်။ ကြားစေချင်ပါတယ်။

ငါ့ ဆန္ဒပြည့်ပြီလား မသိပါဘူးဟာ။ ငါ့ကို သရဖူလာဆောင်းပြီး ပန်းကုံးစွပ်တဲ့ သူဟာ နင့်များဖြစ်နေမလား။ ဘာပြုလို့လည်းဆိုတော့ "Right Here Waiting" ဆိုတဲ့ သီချင်းကို ဘယ်သူမှ Request မလုပ်ဖူးဘူး။ ဒီသီချင်းက နင်အကြိုက်ဆုံးသီချင်း။ ဒါပေမယ့် Request လုပ်တဲ့သူက ဦးစောနိုင်ဆိုတဲ့ အန်ကယ်ကြီး ဖြစ်နေတော့ ငါ စဉ်းစားရကြပ်နေတယ်''

ပြီးတော့ ''တစ်သက်လုံးပဲ သတိရနေမယ်'' ဆိုတဲ့ သီချင်းဟာ ငါ့အကြိုက်ဆုံး သီချင်းပဲ။ ဒီသီချင်းကို တောင်းတဲ့သူက ဦးဆန်နီတဲ့။ ဘာဖြစ်လို့ ဒီ သီချင်း နှစ်ပုဒ်ကိုပဲ ရွေးတောင်းပြီး ပြန်သွားရတာလဲ။

**ငါ့ကို ဆုချတဲ့လူငယ်ရဲ့ မျက်လုံးပြာပြာလေး တစ်စုံဟာ ငါ့ရင်ကို ဘာလို့ခုန်စေရတာလဲ။ ငါ့ နှလုံး**

**သားကို နီးကြားပြီး ငါ့ ရင်ကို ခုန်စေတာ နင် တစ်ယောက်တည်းရှိပါတယ် မိုးသက်ခိုင်။ ငါရဲ့ မသိစိတ်မှာ အဲ့ဒီလူဟာနင်ဖြစ်နေလိမ့်မယ်လို့ခံစားနေရတယ်။**

ဒါပေမဲ့ နင့်စာအရဆိုရင် နင်ဘယ်လိုဖြစ်နိုင်မလဲ။ သွေးကင်ဆာရောဂါနဲ့ စင်ကာပူဆေးရုံတစ်ရုံပေါ်မှာ အရေးပေါ်သွေးသွင်း ကုသခံနေရတယ်။ အဲ့ဒီလိုလူက တော်ဝင်သဇင်စားသောက်ဆိုင်မှာ လာစားသောက်ပြီး သီချင်းတွေ နားထောင်နေကယ်။ ငါ ဘယ်လို နားလည်ရမှာလဲဟာ။ နင်ဟာ ရိုးသားဖြောင့်မတ်တယ်၊ တည်ကြည်တယ်၊ စိတ်ထား သိမ်မွေ့တယ်၊ ဘဝကို ရဲရဲရင့်ရင့် ရင်ဆိုင်ရဲတယ်။ နင်ဟာ ငါ့ရဲ့စံပြသူရဲကောင်းပါ။ အဲ့ဒီလိုလူရဲ့ ဝတ်စားဆင်ယင်မှုဟာ သန့်ပြန့်မယ်၊ သေသပ်သန့်ရှင်းမယ်၊ စမတ်ကျမယ်လို့ ငါ့စိတ်ထဲ အမြဲမြင်နေတယ်။ အခုတော့ နင့်ဒီဇိုင်းက နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေနဲ့ တီရှပ်မဲမဲကြီးကိုဝတ်ပြီး ကာကီရောင်ဘောင်းဘီတိုနဲ့ဆိုတော့ နင်မဖြစ်နိုင်ဘူးလို့လည်း ထင်ပြန်ရော။ ဒါပေမဲ့ အသားဖြူဖြူ အရပ်မြင့်မြင့်နဲ့ ဆံပင်ကို အလယ်ခွဲထားတဲ့ နင့်စတိုင်ကိုကြိုက်တယ်။ ငါ ရူးချင်ပြီ မိုးသက်ခိုင်ရယ်။

နင့်အတွက် တန်ခိုးကြီးဘုရား အဆူဆူကိုသွားပြီး နင်ကျန်းမာစေကြောင်း ဆုတောင်းရတာ အမောပါပဲ။ ဗေဒင်ဆရာတွေဆီသွားပြီး နင့်အတွက် ဗေဒင်မေးတော့ ဒီနှစ်ထဲမှာ နင် ကျန်းမာရေးသိပ်ညံ့နေတယ်။



ရွှေတိဂုံဘုရားမှာ ရှားမီးသွားထွန်းပါဆိုလို့ နင့်အတွက် သက်စေ့ရှားမီး သွားထွန်းခဲ့ရသေးတယ်။

နင်က သေခြင်းတရားကို အေးဆေးတည်ငြိမ်စွာ ရင်ဆိုင်မယ်။ သေသူက ကောင်းသလား၊ ရှင်ကျန်နေတဲ့သူက ကောင်းသလားဆိုတာ ဘုရားကလွဲလို့ ဘယ်သူမှ မသိနိုင်ပါဘူး။ နင့်အတွက် စိတ်မပူပါနဲ့လို့ ပြောပေမယ့် ငါ ဘယ်လိုအနေဖြောင့်မှာလဲ။ ငါ့ဘဝရဲ့ အဖေ၊ အစ်ကို၊ သူငယ်ချင်း၊ ချစ်ခင်တွယ်တာ မြတ်နိုးရတဲ့သူအားလုံးဟာ နင်တစ်ယောက်တည်းပါပဲ။ နင်သာ ငါ့အဖေ၊ နင်သာ ငါ့အစ်ကို၊ နင်သာ ငါ့သူငယ်ချင်း၊ နင်သာ ငါ့ရဲ့ ချစ်ခင်တွယ်တာမြတ်နိုးရတဲ့သူ။ အဲ့ဒီလူအတွက် ငါဘယ်လောက် စိတ်ပူပြီး သောကရောက်ရသလဲဆိုတာ နင် မသိဘူးနော်။

နင့်ကိုလည်း မသိစေချင်ပါဘူး။ နင်သိရင် ငါ စိတ်မဖြောင့်မှာ စိုးတယ်။ သွေးကင်ဆာဆိုတာ ငါ့အသိဆရာဝန်တွေမေးတော့ အချိန်မှန်မှန် သွေးသွင်းနေရပြီး နောက်ဆုံးတော့ ဆရာဝန်တွေ လက်လျှော့ရတဲ့ ရောဂါတစ်မျိုးပါပဲတဲ့။

**ငါ ဘယ်လိုဖြေသိမ့်ရတော့မှာလဲ မိုးသက်ခိုင်ရယ်။ နင့်ဆီကို ငါပြေးလာချင်ပါတယ်။ နင့်ရဲ့ နောက်ဆုံးအချိန်လေးမှာ နင့်အနားမှာ ငါရှိချင်တယ်။ မျက်ရည်စက်တွေ သိုဝှက်ပြီး ဘဝအတွက် အားတက်စရာ စကားတွေ ပြောပြချင်လို့ပါ။ နင့်ရဲ့ ပေါ်လီယာ**

**နာလို သဘောထားမျိုးတွေ နင့်ကြောင့် ငါပြောတတ်နေပါပြီ။ နင်ပေးတဲ့ဘဝအားမာန်တွေနဲ့ ဘဝကို ရဲရဲကြီး ရင်ဆိုင်ရုန်းကန်နိုင်ပါပြီ။ နင့်လက်ကို ကိုင်ပြီး နင်နဲ့အတူ သေခြင်းတရားကို ရင်ဆိုင်ချင်ပါတယ်။ ပြီးတော့ နင့်ဘဝရဲ့ ငြိမ်းချမ်းမှုလေးအတွက် မေတ္တာသုတ်တွေ ပရိတ်တွေ ငါရွတ်ပေးချင်ပါတယ်။**

ကြေကွဲဝမ်းနည်းစရာ စကားတွေ ရင်ထဲမှာ သိမ်းထားပြီး နင်ပြုလုပ်ခဲ့တဲ့ ကုသိုလ်ဒါနတွေကို ငါ အမျှဝေကြည်နူးမှာပါ။ လူ့လောကကို ရောက်လာပြီး လူ့လောကထဲက အဓိပ္ပာယ်ရှိရှိ သတ္တိရှိရှိ ထွက်ခွာသွားမယ့် နင့်ကိုကြည့်ပြီး ငါ အတုယူပါရစေ။ ဘဝတာတိုတိုလေးမှာ မေတ္တာချိုချိုလေးတွေ နင် ဝေငှသွားမှာပဲဆိုတာ ငါ အကြွင်းမဲ့ယုံတယ်။

မိုးသက်ခိုင်ရယ် ... နင့်ကို တွေ့ချင်လွန်းလို့ ငါ စင်ကာပူမှာ အလုပ်လုပ်မယ်။ အလုပ်ကောင်းကောင်းရအောင် အင်္ဂလိပ်စာတွေသင်၊ ကွန်ပျူတာတွေ သင်၊ လစာကောင်းတဲ့အလုပ်ကို ရှာ။ ငွေစုပြီး စင်ကာပူကို လိုက်လာဖို့ပဲ။

ဒါပေမဲ့ ကံတရားက ငါ့ကို မျက်နှာသာမပေးဘူးဟာ။ ငါ့ရဲ့ စိတ်ကူး ရည်မှန်းချက်တွေ ပြိုပျက်သွားအောင် ဖျက်ဆီးလိုက်တယ်။ ငါ အတွက်အချက် လွဲမှားလို့ တစ်ကွက်မှားပြီး အစားခံလိုက်ရတယ်။ ဒါတွေ နင့်ကို ငါ ဘယ်လိုဖွင့်ပြောရက်ပါ့မလဲ။



**လောကကြီးထဲမှာ နင့်လို သဘောထားကောင်းမွန်ပြီး စာနာကြင်နာတတ်တဲ့ ယောကျ်ားတွေ အများကြီးရှိလိမ့်မယ်လို့ ငါထင်ခဲ့တာ။ ပါစင်အောင်မှားပါလေရော။ ယောကျ်ားဆိုတဲ့အတိုင်း ကျားတွေပါလား။ အခွင့်အရေးလေးရတာနဲ့ လူသားစားချင်တော့တာပဲ။ လူသားစားဖူးတဲ့ ကျားနဲ့တွေ့လို့ကတော့ ယုံလွယ်တတ်တဲ့ မိန်းကလေးတွေရဲ့ ဘဝဟာ ဘယ်လိုမှ ပြေးမလွတ်နိုင်ဘဲ ပြန်ပြီးမတိုက်ခိုက်နိုင်တဲ့ နွားဘဝကို ရောက်ကြရတော့တာပါပဲ။**

အငြိုးအတေးထားပြီး ပြန်ကလဲ့စားချေမယ်။ ကိုယ့်ဘဝကို အဆုံးစီရင်ပစ်လိုက်မယ်လို့ စိတ်ကူးမိပေမယ့်လည်း နင်သင်ကြားပေးခဲ့တဲ့ ဘဝဒဿနတွေကြောင့် ဘဝကို အရှုံးမပေးဘဲ ဆက်လက်အသက်ရှင်ခဲ့တယ်။ အဓိပ္ပာယ်ရှိတဲ့ အလုပ်တွေကိုလုပ်ဖို့ အသက်ရှင်ဖို့ ကြိုးစားရမယ်ဆိုတဲ့ အတွေးတွေ နင့်ကြောင့် ငါ့ခေါင်းထဲရောက်ခဲ့ရတာပါ။

ပြီးတော့ နင့်ကို ငါတွေ့ချင်တယ်။ မြင်သွားချင်တယ်။ အဲ့ဒါ ငါ့ဘဝရဲ့ ပြင်းပြတဲ့ ဆန္ဒတစ်ခုပဲ။ အဲဒီ့ ပြင်းပြတဲ့ဆန္ဒကြောင့် နင်နဲ့ငါ တွေ့ဆုံရလိမ့်မယ်လို့ ငါယုံကြည်တယ်။ တို့နိုင်ငံမှာ နာမည်ကြီးတဲ့ ဗေဒင်ဆရာ စံဇာဏီဘိုကို ဗေဒင်သွားမေးတော့လည်း ဒီနှစ်ထဲမှာပဲ နင်နဲ့ ပြန်ဆုံရမယ်တဲ့။

ဝမ်းသာလိုက်တာ။ မမျှော်လင့်တဲ့ဖြစ်ရပ် အခြေအနေတစ်ခုကြောင့် ပြန်ဆုံတွေ့မယ်။ ဒါပေမယ့် စင်ကာပူမှာ မဟုတ်ဘူး။ မြန်မာပြည်မှာပဲ ဖြစ်မယ်တဲ့။ စင်ကာပူကိုလိုက်သွားရမလားဆိုတော့ ဒီနှစ်အတွင်းမှာ နိုင်ငံခြားသွားဖို့ ကံဇာတာမရှိဘူးတဲ့။ ဗေဒင်ဆရာစကားကို ငါပြန်သတိထားမိတော့ ... ဟိုနေ့ညက လူဟာ နင်ပဲလား။

ငါ ဝမ်းသာရအောင် ပွင့်ပွင့်လင်းလင်းပဲ ပြောပါလား မိုးသက်ခိုင်ရယ်။ နင်ဟုတ်ရင်လည်း ဟုတ်တယ်ပေါ့။ အခုတော့ နင့်အတွက် ငါအိပ်ရေးပျက်နေရပြီ။ နင့် အကြောင်းတွေ တွေးပြီး ငါ မအိပ်နိုင်တော့ဘူး။

ဒါပေမယ့် ... ငါများ အတွေးလွန်တာလား။ ဆေးရုံပေါ်မှာ သွေးသွင်းပြီး ကုသခံနေရတဲ့ လူတစ်ယောက်က ဘယ်လိုရောက်လာနိုင်သလဲ။

တော်ပြီဟာ ... ငါ ခေါင်းခြောက်လာပြီ။ ဆက်မတွေးနိုင်တော့ဘူး။ နင့်အတွက် ဆုတောင်းရွတ်ဆိုပေးနေကျ မေတ္တာသုတ်နဲ့ ပရိတ် ငါရွတ်ပေးရဦးမယ်။

နင့် ရောဂါကို ကုသပျောက်ကင်းစေနိုင်တဲ့ ဆေးတွေ့ပြီး နင်အမြန်ဆုံး ကျန်းမာပါစေလို့ ငါဆုတောင်းပေးပါတယ်။ ကောင်းသောညပါ ... မိုးသက်ခိုင်။

◆ ◆ ◆



## အခန်း ၉

"မေမိုးခင် ... ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်။ ဘာများပြောစရာရှိလို့ပါလဲ"

"တော်ဝင်သဇင်ကို သီချင်းဆိုသွားမလို့ထင်တယ်"

"ဟုတ်ပါတယ်"

"ဒါဆို အတော်ပဲ။ ကျွန်တော်လည်း အဲ့ဒီသွားမလို့၊ ရှေ့မှာရပ်ထားတဲ့ ကျွန်တော့်ကားနဲ့ လိုက်ပို့ပါရစေ"

"ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မဘာသာပဲ လမ်းလျှောက်သွားပါ့မယ်"

"အဲ့ဒီလို မစိမ်းကားနဲ့လေ။ ငါက မင်းရဲ့ တစ်ခါတုန်းက ဘော့စ် မစ္စတာရော်နယ်ကောင်းရဲ့ အရင်းနှီးဆုံးမိတ်ဆွေတွေပါ။ သူပြောပြခဲ့လို့ မေမိုးခင် ဘယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာ တို့သိပါတယ်။ ကြေးမနည်းစေရပါဘူး။ တို့နဲ့ အေးအေးဆေးဆေးလိုက်ခဲ့ပါ။

''ရှင် ဘာပြောတယ်။ ခွေးတိရစ္ဆာန်ရော်နယ် ကောင်းရဲ့ အပေါင်းအသင်းဟုတ်လား။ နှုမချင်းမစာ ပြောရဲလိုက်တာ။ အဲ့ဒီအတွက် မေတ္တာလက်ဆောင်။

''ဟား ... ဟား ... ဟား ... မင်း သတ္တိကောင်း တယ် မဆိုးဘူး။ ငါဟာ မိန်းမတစ်ယောက် ပါးရိုက် တာကို ပန်းလေးနဲ့ပေါက်တယ်လို့ သဘောထားတတ်တဲ့ ယောက်ျားမျိုးမဟုတ်ဘူး။ စိမ်ခေါ်ရင် တိမ်ပေါ်အထိ လိုက် တယ်။ မင်း တို့ကို စိမ်ခေါ်တာပဲ။ ဒီညမင်းနဲ့ ငါနဲ့ ဘယ် သူနိုင်မလဲဆိုတာ အားစမ်းကြည့်ကြတာပေါ့''

''ဟော့ကောင်တွေ ... ငိုင်ကြည့်မနေနဲ့ ကား ပေါ်ဆွဲတင်လိုက်။ ပြေပြေလည်လည် ညှိလို့ မရမှတော့... အတင်းအဓမ္မ ညှိရမှာပဲ။ မိုးကျော်သူတဲ့ မှတ်ထား။ ကိုယ့်ပါးကို တစ်ချက်ရိုက်ရင် သူပါးကို တစ်ချက်ပြန်ရိုက် ရမှ ကျေနပ်မယ့် လူစား ... အလကားကောင် မဟုတ် ဘူး။ မေမိုးခင် ... မင်းကောင်းကောင်းကြီး နောင်တရ စေမယ်''

◆ ◆ ◆



## အခန်း [၁၀]

''မစ္စတာတန် ... အန်ကယ် မင်းကို မေးစရာ ရှိတယ်၊ အန်ကယ် အငြိမ်းစားရဲမှူးဆိုတော့ ပဟေဠိ လေးတွေ စိတ်ဝင်စားတယ်။ မင်း မနေ့က သီချင်းနှစ်ပုဒ် တောင်းပြီး ပဟေဠိလုပ်ခဲ့တာလား။ မေမိုးခင်ဟာ အင်္ဂလိပ် သီချင်းဆိုတော့ မင်းကိုပဲစိုက်ကြည့်ပြီး မင်းတစ်ယောက် တည်းအတွက် ဆိုပြခဲ့သလိုပဲ။ ပြီးတော့ မင်းက ဘာလို့ ဖွင့်မပြောပြလိုက်တာလဲ။ သူ သီချင်းဆိုပြီးတဲ့အခါ ဦးစိုး ကိုခေါ်နိုင်းလိုက်ပြီး အမှန်အတိုင်း ဖွင့်ပြောလိုက်ရင် ပွဲ ပြီးပြီပဲ မဟုတ်လား''

''အန်ကယ် ဦးစောနိုင်ပြောတာ မှန်ပါတယ်။ ဒီနေ့ ကျွန်တော်သူ့ကို အဲ့ဒီအင်္ဂလိပ်သီချင်း ဆိုပြဦးမယ်။ စင်ပေါ်မှာ ကျွန်တော်ဆိုလို့ ရပါတယ်နော်၊ ပြီးတော့မှ ကျွန်တော် သူ့ကို ဖွင့်ပြောသင့်ပြောတော့မယ်''

''မစ္စတာတန် ... ဦးစောနိုင် ပြောတာမှန်တယ်။ မင်း ပါ ပါးက မှာလိုက်တယ်။ ကောင်မလေးနဲ့ တွေ့လို့ ပေးစရာပေးပြီးရင် မြန်မြန်ပြန်ခဲ့တဲ့။ သွေးသွင်းချိန် နောက်မကျစေနဲ့တဲ့။ ဒါပေမဲ့ မင်းကိုတော့ အတင်း အကြပ် မပြောနဲ့တဲ့။ အခု ကောင်မလေးနဲ့တွေ့ပြီပဲ။ မင်းပေးစရာ ရှိတာပေးလိုက်လေ။ ပြီး ... တို့ ပြန်ကြ တာပေါ့။ မင်းကျန်းမာရေးကလည်း သိပ်ကောင်းသေး တာ မဟုတ်ဘူး''

''အန်ကယ်ဆန်နီ၊ ကျွန်တော် သူနဲ့အေးအေး

ဆေးဆေး စကားပြောချင်သေးတယ်။ သူ့အကြောင်းတွေ သိချင်သေးတယ်။ သူ့ကို ကျွန်တော် ဘာကူညီခဲ့ရမလဲ သိချင်တယ်။ ပြီးတော့ ... အမှန်အတိုင်း ဝန်ခံရရင် သူ့ သီချင်းသံလေး ကြားချင်သေးတယ်။ သူသိပ်ပိန်တာပဲ။ ရောဂါတစ်ခုခု ခံစားနေရပုံပဲ။ သူ့ကို ကျွန်တော် စင်ကာပူ ခေါ်သွားချင်တယ်။ ချက်ခြင်းကြီး ဖွင့်ပြောခေါ်သွားလို့ သူယုံမှာ မဟုတ်ဘူး။ အကြံအဖန်လာလုပ်တယ်ထင်ရင် ဒုက္ခပဲ''

''မင်းမှာ အထောက်အထားတွေ အများကြီးရှိတာပဲ။ မင်းတို့နှစ်ယောက်ချင်း သိတဲ့အကြောင်းတွေ ပြောင်ဖွင့်ပြောပြီး စင်ကာပူလိုက်ဖို့ခေါ်လိုက်ရင် ပြီးတာပဲ မဟုတ်လား။ Yes (or) No ပေါ့ကွာ''

**"အင်းလေ ... ပွဲကို တိုတိုနဲ့ အဆုံးသတ်လို့ ရအောင် ကျွန်တော်ကြိုးစားပါ့မယ်။** ဒါပေမယ့် ... အန်ကယ်တို့ ဝင်မပါဖို့တော့ ကျွန်တော် တောင်းပန်ပါရစေ၊ ဆိုလိုတာက ကျွန်တော်မသိအောင် မေမိုးခင်ကို ဦးစိုးကတစ်ဆင့် အမှန်အတိုင်း ပြောခိုင်းလိုက်တာမျိုး ပေါ့လေ''

''မစွတာတန် .... မင်းလည်း တစ်ကွက်ကြိုမြင်ဘတ်သားပဲ။ စိတ်ချပါကွာ။ အန်ကယ် ကတိပေးပါတယ်။ အန်ကယ်တို့ မင်းကိစ္စမှာ ဝင်မပါပါဘူး''

''အန်ကယ် ဦးစောနိုင် ... ကားကို ရပ်ပါဦး၊ ရှေ့မှာ မိန်းကလေးတစ်ယောက်ကို လူနှစ်ယောက် ဝိုင်းဆွဲနေတယ်၊ မေမိုးခင်နဲ့ တူလိုက်တာ''

◆ ◆ ◆



## အခန်း (၁၁)

''လမ်းလယ်ကောင်မှာ မိန်းကလေးတစ်ယောက်ကို အတင်းအဓမ္မ အနိုင်ကျင့်နေတာ မကောင်းပါဘူး''

''တို့ကိစ္စမှာ ဝက်သားတုတ်ထိုးရောင်းတဲ့ တရုတ်က ဝင်ရှုပ်စရာမလိုဘူး။ မင်းရဲ့ မျက်နှာလုလုလေး အရုပ်ဆိုး အကျည်းတန် မသွားစေချင်ရင် အေးအေးဆေးဆေး လှည့်ပြန်သွား''

**“လူတစ်ယောက်က တစ်ယောက်ကို အနိုင်ကျင့်စော်ကားနေတာတွေ့ရင် ဝင်ပြီး ကူညီဖြေရှင်းပေးဖို့ လူတိုင်းမှာ တာဝန်ရှိတယ်။ ပြီးတော့ အားနဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ခင်ဗျားတို့က ဗလအားကိုးပြီး အနိုင်ကျင့်ဖို့ကြိုးစားတာ လူမဆန်ဘူး။ အားကြီးတဲ့သူက အားသေးတဲ့သူကို အင်အားနဲ့ အနိုင်ယူချင်တာ အဲ့ဒါ တိရစ္ဆာန်စိတ်ဓာတ်။ ခင်ဗျား တိရစ္ဆာန်မဟုတ်ရင် မိန်းကလေးကို လွှတ်ပြီး ကိုယ်လမ်းကိုယ်သွားပါ”**

“မင်းက တော်တော်သူရဲကောင်းဆန်ချင်တာကိုး။ အဲ့ဒီတော့ ထိုက်ထိုက်တန်တန် ဆုချရသေးတာပေါ့။ ရော့ ... ကွာ”

“လူသားချင်း စာနာစိတ်ရှိလို့ ကောင်းကောင်းမွန်မွန်ဝင်ပြောတဲ့ လူကို အရက်မူးရမ်းကား ထိုးကြိတ်လိုက်တဲ့အတွက် တစ်နေ့မှာ အဲ့ဒီအကုသိုလ်အတွက် ခင်ဗျား နောင်တရလိမ့်မယ်”

“ဟော့ကောင်တွေ ရပ်လိုက်။ ငါ ... အငြိမ်းစား ရဲမှူးစောနိုင်၊ ဟိုကောင် ... ဘာအေး မဟုတ်လား။ ဒါ... မင်းမဲ့တိုင်းပြည် မဟုတ်ဘူး။ မင်းတို့လုပ်ချင်တိုင်း လုပ်လို့ မရဘူး”



“အခြေအနေ မဟန်ဘူးဆရာ။ အဲ့ဒါ ရဲမှူးဦးစောနိုင်ပဲ။ ဒီနယ်မြေမှာ သူ့တပည့်တွေ အများကြီး။ လစ်ကြရအောင်။ ဟော့ကောင် ကားစက်နှိုး ... မြန်မြန်မောင်း”

“မေမိုးခင် ... ဘာမှ မဖြစ်ဘူးနော်”

“မစ္စတာတန် ... မစ္စတာတန် ... ဘာဖြစ်သွားသေးလဲ။ မစ္စတာဆန်နီ ... မစ္စတာတန် သတိလစ်သွားပြီ။ ဒီနားမှာ အနီးဆုံးမေတ္တာမွန်ဆေးခန်းကို သွားရအောင်။ မိန်းကလေးက အဆိုတော်မေမိုးခင် မဟုတ်လား။ တော်ဝင်သဇင်ဆိုင်က ဦးစိုးရဲ့ မိတ်ဆွေပါ။ ရဲစခန်းစစ်ချက်ယူရင် အလွယ်တကူရအောင် အန်ကယ်တို့နဲ့ တစ်ပါတည်း ဆေးခန်းကိုလိုက်ခဲ့ပါ။ ဆေးခန်းရောက်တော့မှ ဦးစိုးကို တယ်လီဖုန်းနဲ့ လှမ်းပြောပေးပါ့မယ်”

“ဟုတ်ကဲ့ပါ။ အန်ကယ်။ ကျွန်မကြောင့် ခုလိုဖြစ်သွားရတာ စိတ်မကောင်းပါဘူး။ ကျွန်မလိုက်ခဲ့ပါ့မယ်”

“သူက မနေ့က ကျွန်မကို ပန်းကုံးလာစွပ်တဲ့ နိုင်ငံခြားသား မဟုတ်လား ... အန်ကယ်”

“ဟုတ်ပါတယ်ကွယ်”

"သူက သမီးနာမည် မေမိုးခင်ကို ဘာဖြစ်လို့ ပီပီသသပြောနိုင်ရတာလဲဟင်"

"ဒါကတော့ ... မနေ့က သမီးဖျော်ဖြေသီဆိုတဲ့ သီချင်းလေးတွေကို ကြိုက်ပြီး သမီးနာမည် မှတ်မိလို့ နေမှာပေါ့ကွယ်"

◆ ◆ ◆



အခန်း (၁၂)

"............ရဲစခန်းက မောင်အောင်နိုင်လား"

"ဟုတ်ပါတယ်"

"အငြိမ်းစားရဲမှူး စောနိုင်ပါ"

"ဟုတ်ကဲ့ ရဲမှူး အမိန့်ရှိပါခင်ဗျာ"

"တို့ ဒီနေ့ စားသောက်ဆိုင်တစ်ခု အသွားမှာ မိန်းကလေးတစ်ယောက်ကို ယောကျ်ား ၃ ယောက်က ဆွဲလားရမ်းလားလုပ်နေလို့ တို့နဲ့ပါလာတဲ့ စင်ကာပူနိုင်ငံသား မစ္စတာတန်ဆိုတဲ့ လူငယ်က သွားဝင်တားတယ်။ အဲဒါ ဟိုကောင်တွေက ထိုးကြိတ်ထွက်ပြေးသွားကြတယ်။ လက်ကောက် ဘအေးတို့အဖွဲ့။ သူတို့စီးသွားတဲ့ကားက ဆူပါဆလွန်းအဖြူ။ ကားနံပါတ်က ၃က/ xxxx ။ မိန်းကလေးနဲ့ အတိုးခံရတဲ့ နိုင်ငံခြားသားက မေတ္တာမွန်

အထူးကုဆေးခန်းမှာ ရောက်နေတယ်။ မင်းလူတစ်ယောက်လွှတ်ပြီး စစ်ချက်ယူခိုင်းပေးပါ။ ကျန်တာ ဥပဒေအတိုင်း ဆက်လုပ်ပေါ့''

''ဦးစောနိုင်ရေ ... ကျွန်တော်တော့ ဒုက္ခပဲဗျာ။ ကျွန်တော့်ဘော့စ်သာ သိသွားရင်တော့ ကျွန်တော့်ကို ကောင်းကောင်းဆဲမှာပဲ။ သူကိုယ်တိုင် လိုက်လာမှာ သေချာတယ်။ ဆရာဝန်တွေကို အသေအချာပြောပြပေးပါဗျာ''

''စိတ်ချပါ။ မစ္စတာဆန်နီ၊ ဆရာဝန်တွေနဲ့ ကျွန်တော် ဆွေးနွေးပြီးပါပြီ။ အထိုးခံရပြီး သွေးလန့်လို့ ရှော့ခ်ဖြစ်သွားတာပါတဲ့။ သူ့မှာ သွေးအားနည်းရောဂါ အခံရှိလို့ အကြမ်းပတမ်း မခံနိုင်ဘဲ ဖြစ်သွားတာပါလို့ ပြောတယ်။ မကြာခင် သတိပြန်ရလာပါလိမ့်မယ်''

◆ ◆ ◆



## အခန်း ၊၁၃၊

''ဒီက မိန်းကလေးနာမည်က ....''

''မေမိုးခင်ပါ''

''ဘာလုပ်ပါသလဲ''

''တော်ဝင်သဇင် စားသောက်ဆိုင်က အဆိုတော်ပါ''

''ဖြစ်ပျက်ပုံလေး ပြောပါဦး''

''ဒီနေ့ စားသောက်ဆိုင်ကို သီချင်းဆိုဖို့ မလာခင် အမေနေမကောင်းတာနဲ့ ဆေးခန်းပို့ပေးခဲ့ပါတယ်။ အိမ်ပြန်ရောက်ပြီး ထွက်လာတော့ ည (၇)နာရီခွဲလောက် ရှိနေပါပြီ။ အမေ့အတွက် ဆေးဖိုးကုန်သွားတဲ့အတွက် ခါတိုင်းလို တက္ကစီမစီးတော့ဘဲ ဘတ်(စ်)ကားနဲ့ စီးလာပါတယ်။ စားသောက်ဆိုင်ကို မှတ်တိုင်ကနေကုန်းကြောင်း လျှောက်ခဲ့ပါတယ်။ အဲ့ဒီအချိန်မှာ ကားတစ်စင်းက ကျွန်မ ရှေ့နားမှာ ထိုးရပ်ပြီး အမည်မသိ လူတစ်ယောက်က တော်ဝင်သဇင်ကို သူလိုက်ပို့ပေးမယ်၊ သူနဲ့အတူလိုက်ခဲ့ဖို့ခေါ်ပါတယ်။ ကျွန်မက ကောင်းကောင်းမွန်မွန်ငြင်းတော့ အတင်းအဓမ္မ ဆွဲခေါ်ကြပါတယ်။ အဲ့ဒီအချိန်မှာ အန်ကယ် ဦးစောနိုင်တို့ ကားရောက်လာပြီး မစ္စတာတန်ဆိုတဲ့ နိုင်ငံခြားသားက ကောင်းကောင်းမွန်မွန် ဝင်ပြောပါတယ်။ အဲ့ဒီလို ဝင်ပြောတဲ့အတွက် ကျွန်မကို အတင်းဆွဲခေါ်တဲ့

သူက စထိုးပါတယ်။ မစ္စတာတန်ဆိုတဲ့ လူငယ်က ဘာမှ ပြန်မလုပ်ဘဲ ရှောင်တိမ်းပါတယ်။ ပြီးတော့ လက်သီးနဲ့ အထိုးခံထိပြီး လဲကျသွားတာပါပဲ။

''မိန်းကလေးက အဲ့ဒီလူနဲ့ အရင်က သိကျွမ်းဖူးသလား''

''တစ်ခါမှ မတွေ့မမြင်ဖူးပါဘူး''

''ဒီနိုင်ငံခြားသားနဲ့ကော အသိအကျွမ်း မိတ်ဆွေလား''

''ယခင်က မသိပါဘူး၊ မနေ့က ကျွန်မ ဆိုင်ကို လာစားသောက် အားပေးကြတဲ့သူတွေပါ''

''သမီးကို အတင်းအဓမ္မဆွဲတဲ့သူက အရက်သောက်ထားလား''

''သောက်ထားပါတယ်၊ အရက်မူးနေပုံရပါတယ်''

''ရပါပြီ။ မိန်းကလေး ပြန်ချင်ပြန်လို့ ရပါပြီ''

''ကျွန်မကို ဝင်ကူညီတဲ့ မစ္စတာတန်ကို ကျေးဇူးတင်စကား ပြောချင်ပါသေးတယ်။ ကျွန်မစောင့်လိုက်ပါဦးမယ်''

''ဒါဆို ကျွန်တော် ရဲမှူးဦးစောနိုင်တို့ကို မျက်မြင်သက်သေအဖြစ် စစ်ချက်သွားယူလိုက်ပါဦးမယ်၊ ကျေးဇူးတင်ပါတယ်''

''ကျွန်မကလည်း ကျေးဇူးတင်ပါတယ်ရှင်''

◆ ◆ ◆



## အခန်း (၁၄)

''မေမိုးခင်'' နင့်ဘဝကို ငါမြင်တော့ ငါ့ရင်ထဲမှာ မကောင်းဘူး။ နင့်ဘဝ အခြေအနေကို ငါစိတ်မချဘူး။ အဲ့ဒီနေ့က ငါတို့နဲ့သာမတွေ့ရင် နင့်ဘဝဘယ်လောက်အထိ အခြေအနေဆိုးသွားမလဲ မသိဘူးနော်။

နင့်အတွက် ငါစိတ်မချနိုင်ဘူးဟာ။ ငါ နင့်ကို စင်ကာပူခေါ်သွားချင်တယ်။ ပါပါးကုမ္ပဏီမှာ အလုပ်သွင်းထားပြီး နင်ဆိုချင်တဲ့ သီချင်းတွေ ဆိုခွင့်ရအောင် ဖန်တီးပေးချင်တယ်။

နင်ဟာ အရည်အချင်းရှိတဲ့ မိန်းကလေး၊ ရုပ်ရည်သန့်ပြန့်ပြီး စိတ်ဓာတ်ကောင်းမွန်တဲ့ မိန်းကလေး၊ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတဲ့ မိန်းကလေး။ အဲ့ဒီ မိန်းကလေးမျိုးကို ဘာလို့ဒီလို ကောင်မျိုးတွေက ထိပါးစော်ကားရဲရတာလဲ။

ငါ နင့်ကို အကူအညီပေးမယ်ဟာ။ ထိရောက်တဲ့ အကူအညီမျိုးဖြစ်အောင် ငါ ကြိုးစားမယ်။ ငါဟာ နင့် သူငယ်ချင်းမိုးသက်ခိုင်၊ နင် တန်ဖိုးထားချစ်ခင်ရတဲ့ မိုးသက်ခိုင်အဖြစ်တော့ မဟုတ်ဘူးပေါ့။ နင့်ရဲ့ အနုပညာကို အထင်ကြီးလေးစားတဲ့ မစ္စတာတန်အဖြစ်နဲ့ နင့်ရဲ့ဘဝကို လုံခြုံစိတ်ချအောင် ငါလုပ်သွားပါ့မယ်။

**ငါရဲ့ နောက်ဆုံးပိုင်းမှာ ဘယ်သူ့ကိုမှ စွဲလန်းမသွားချင်ဘူး မေမိုးခင်။ တွယ်တာမှု သံယောဇဉ်တွေပြတ်အောင်ဖြတ်ပြီး လူ့ဘဝထဲက တိတ်တိတ်ဆိတ်ဆိတ်ဘာသိဘာသာ ထွက်သွားချင်တာပါ။** ဒါပေမဲ့ အခုတော့ ငါရဲ့ အချိန်အချို့ကို နင့်ကို ပေးရဦးမယ်။ နင့်ဘဝ လုံခြုံစိတ်ချရတဲ့ နည်းလမ်းတွေ ငါရှာရဦးမယ်။ စင်ကာပူ



ကို နင့်ကို တရားဝင်ခေါ်သွားနိုင်အောင်လည်း ငါကြိုးစားမယ်။

အဲ့ဒီနေ့က နင့်ရဲ့ဒေါသတွေကို မြင်လိုက်ရပေမယ့် အဲ့ဒီအထဲမှာ ရင်ဆိုင်ရဲတဲ့သတ္တိကိုလည်း ငါ တွေ့ရတယ်။ ပြီးတော့ နင်မငိုဘူး။ မျက်ရည်မကျဘူး။ ပြဿနာကို နည်းလမ်းတကျ ဖြေရှင်းမှုကို နင်လက်ခံတယ်။

ပြီးတော့ ... ငါ့အပေါ် မိုးသက်ခိုင်ဖြစ်နေမလားဆိုတဲ့ အတွေးနဲ့ သံယောဇဉ်ငွေ့ငွေ့လေး ရှိနေတာလည်း ငါ ခံစားရတယ်။ ငါသတိရလာတဲ့အချိန်မှာ နင်ဟာ ငါ့အနားမှာ တစ်ညလုံးစောင့်နေခဲ့တယ်လို့ အန့်ကယ်ဆန်နီက ပြောတယ်။

နင့်ကို ကူညီကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်အဖြစ် ကျေးဇူးတင်စကား ပြောချင်လို့ဆိုပြီး စောင့်နေခဲ့တာတဲ့။ ငါကလည်း ကျေးဇူးတင်ပါတယ်။ မေမိုးခင် ... ငါ့အချစ်ဆုံးသူငယ်ချင်း ငါ့အနားမှာ ဘေးမသီ ရန်မခရှိနေတဲ့အတွက် ဘုရားသခင်ကို ကျေးဇူးတင်နေတာပါ။

အဲ့ဒီနေ့ကလေ နင့်ကို Right Here Waiting ဆိုတဲ့ သီချင်းကို နင့်အတွက် ငါဆိုပြမလို့၊ အန်ကယ်ဦးစောနိုင်ကို စီစဉ်ခိုင်းထားပြီးသားပါ။ မမျှော်လင့်ဘဲ အခုလိုကိစ္စမျိုး ဖြစ်လိုက်တော့ နင့်ကို အဲ့ဒီသီချင်း မဆိုပြဖြစ်တော့ပါဘူး။

နင့်ရဲ့ အနာဂတ်ဘဝအတွက် စေတနာရှင်းရှင်းနဲ့ ငါကူညီချင်ပါတယ်။ ငါလည်း ငါသွားမယ့်လမ်းကို အစွဲအလန်းမရှိဘဲ ဖြောင့်ဖြောင့်တန်းတန်းသွားချင်ပါတယ်။

ဒါကြောင့် မိုးသက်ခိုင်ဆိုတာ ငါပဲလို့ နင်မသိစေချင်တော့ပါဘူး။

◆ ◆ ◆



## အခန်း (၁၅)

"မစွတာ တန် … သတိရလာပြီနော်"

"အို … ခင်ဗျား မပြန်သေးဘူးလား"

"ကျွန်မကို ကူညီကယ်တင်တဲ့ ကျေးဇူးရှင်အဖြစ် ကျေးဇူးတင်စကား ပြောချင်လို့ တစ်ညလုံး မအိပ်ဘဲ စောင့်နေတာပါ။"

"တကယ်လို့ … ကျွန်တော် ဒီနေ့သတိ ပြန်မရသေးရင်ကော"

''ကျွန်မ ဆက်စောင့်နေမှာပါ''

''ကျွန်တော် တစ်ခါတည်း သတိပြန်လည် မလာတော့ဘဲ သေသွားပြီဆိုရင် ခင်ဗျားစောင့်နေဦးမှာ ပဲလား''

''ကျွန်မ မျက်စိအောက်က ရှင့်ရဲ့ ရုပ်ခန္ဓာ ပျောက်ဆုံးသွားတဲ့အထိ ကျွန်မစောင့်နေမှာပါ''

''ကျေးဇူးတင်ပါတယ်၊ မမေမိုးခင်''

''မစ္စတာတန်ကို ကျွန်မ မေးခွန်းတစ်ခု မေးလို့ ရမလား''

''ရပါတယ် မေးပါ''

''ရှင်နာမည် မစ္စတာတန်လို့ ကျွန်မသိထားပါ တယ်။ အဲ့ဒါမိသားစုနာမည်လို့ ထင်ပါတယ်။ ရှင်နာမည် အရှည်ကို ပြောပြပေးနိုင်မလား''

''ပြောပြနိုင်ပါတယ်။ တန်ကျင့်လျန်ပါ။ ဘာကိစ္စ ရှိလို့ သိချင်တာလဲ''

**''စိတ်မရှိပါနဲ့နော်။ စက်ာပူမှာ ကျွန်မရဲ့ Pen Friend Macry Tan ဆိုတာရှိတယ်။ သူများ ဖြစ်နေ မလားလို့ပါ''**

''အဲ့ဒီလို ထင်စရာ အကြောင်းရှိလို့လား''



''ရှိပါတယ်။ မနေ့က ရှင်တို့အဖွဲ့ Request လုပ်တဲ့ သီချင်းနှစ်ပုဒ်ဟာ ကျွန်မနဲ့သူ့ရဲ့အကြိုက်ဆုံး သီချင်းနှစ်ပုဒ်ဖြစ်နေတယ်။ အဲ့ဒါ ကျွန်မအတွက် သိပ် ထူးဆန်းနေတယ်''

''ခင်ဗျားတို့က သိပ်ခင်ကြတာပဲလား''

**''ကျွန်မဘဝမှာ သူတစ်ယောက်ကလွဲပြီး ချစ်ခင်လေးစား တန်ဖိုးထားရမယ့်သူ မရှိခဲ့ပါဘူး။**

''ဒါတောင် ... ဓာတ်ပုံလေးဘာလေး မပေးကြ ဘူးလား။ ရှိတယ်ဆိုရင် ကျွန်တော့်ပုံနဲ့ တိုက်ကြည့်လိုက် ပေါ့။ ရှင်းသွားမှာပါ''

''သူကလည်း ဓာတ်ပုံ မတောင်းဘူး။ ကျွန်မ ကိုလည်း သူ့ ဓာတ်ပုံမပေးဘူး။ အစကတော့ ကျွန်မ သူရဲ့ ချစ်ခင်တွယ်တာမှုကို သံသယဖြစ်မိတယ်။ စိတ်ကူး ယဉ်ပြီး အပျော်အပျက် ရေးလိုက်တာပဲလို့ ထင်တယ်။ နောက်တော့ လူကြုံနဲ့ ကက်ဆက်လေး တစ်လုံးပေး လိုက်တယ်။ ကျွန်မအကြိုက်ဆုံး သီချင်းတွေ လည်းပါ တယ်။ အဲ့ဒီထဲမှာ **သူ့ရဲ့ အသံမဲ့တိတ်ခွေကို နား ထောင်ပြီးမှ သူ ကျွန်မအပေါ် ဘယ်လောက်တောင် အလေးအနက်ထားတယ်။ နက်နက်ရှိုင်းရှိုင်းတွယ်တာ ခဲ့တယ်ဆိုတာ ကျွန်မသိခဲ့ရတယ်။ အဲ့ဒီ အချိန်ကစပြီး**

**သူဟာ ကျွန်မဘဝရဲ့ တန်ဖိုးအထားရဆုံး လူတစ်ယောက်အဖြစ် သတ်မှတ်လိုက်ပါတယ်။ လောကကြီးမှာ ဖွင့်ပြောပြီး နားလည်မှုရယူရတဲ့ အချစ်ရှိသလို ဖွင့်မပြောဘဲ နားလည်နိုင်ကြတဲ့ အချစ်တွေ ရှိနေတယ်ဆိုတာ ကျွန်မသိလိုက်ရပါပြီ။**

‘‘နောက်တော့ အဆက်ပြတ်သွားတယ်။ နှစ်တော်တော်ကြာတယ်။ ကျွန်မဘွဲ့တစ်ခုရတဲ့အထိပါပဲ။ ကျွန်မလည်း စင်ကာပူမှာ အလုပ်သွားလုပ်ပြီး သူ့ကိုရှာဖို့ အရမ်းကြိုးစားခဲ့တယ်။ မစားရက်မသောက်ရက် ကျွန်မငွေစုခဲ့တယ်။ စင်ကာပူသွားရဖို့ အခွင့်အလမ်းမျှော်ပြီး နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ သူဌေးရဲ့အတွင်းရေးမှူးလုပ်ခဲ့တယ်။ တကယ်တော့ အဆက်ပြတ်သွားတဲ့ သူ့ကိုတွေ့အောင်ရှာချင်လို့ အပြင်းအထန် ကြိုးစားခဲ့တာပါ။ ဒါပေမယ့် ကံကြမ္မာက မျက်နှာသာမပေးဘဲ ကျွန်မမျှော်လင့်ချက်တွေကို အစိပ်စိပ်အမွှာမွှာဖြစ်အောင် ရိုက်ခွဲပစ်လိုက်တယ်။ ကျွန်မ အလိမ်မိသွားတယ်။’’

‘‘အေးဗျာ .... ခင်ဗျားပြောတာ ကြားရတော့ စိတ်မကောင်းပါဘူး။ အခု ခင်ဗျားသူငယ်ချင်းကော စင်ကာပူမှာ ရှိသေးလား’’

‘‘ရှိသေးတယ်။ သူရဲ့နောက်ဆုံးစာကို ဖတ်ရ



တော့ ကျွန်မဆောက်တည်ရာ မရအောင် ကြေကွဲဝမ်းနည်းခဲ့ရတယ်။ သူ့အမေရဲ့ မျိုးရိုးဗီဇအရ သူလည်း သွေးကင်ဆာဖြစ်ပြီး အမြဲသွေးသွင်းနေရသတဲ့။ သွေးကင်ဆာရောဂါရဲ့ နောက်ဆုံးအဆင့်နားကို ရောက်နေပြီဖြစ်တဲ့အတွက် တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ဖို့ သူ ကြိုးစားနေသတဲ့။ သူ့အတွက် ကျွန်မဗေဒင်ဆရာတွေ လျှောက်မေးကြည့်တော့ ဒီနှစ် သူ့အတွက် ကျန်းမာရေး ကံမကောင်းဘူးတဲ့။ **သူရဲ့ ကျန်တဲ့အချိန်လေးမှာ သူ့အနားကို သွားအားပေးချင်တယ်။ သူ့ကို မြင်ချင်တွေ့ချင်တယ်။ ဝမ်းနည်းကြေကွဲပြီး ငိုဖို့မဟုတ်ပါဘူး။ သေခြင်းတရားကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်မယ့်သူ့ကို ချီးကျူးအားပေးချင်လို့ပါ။ ဒါပေမယ့် ကျွန်မ သူ့အတွက် ယတြာချေ ဆုတောင်းပေးရုံကလွဲလို့ ဘာများတတ်နိုင်ဦးမှာတဲ့လဲ”**

‘‘ဒီလိုဆို ကျွန်တော် ခင်ဗျားကို ကူညီချင်ပါတယ်။ စင်ကာပူကိုရောက်အောင် စိတ်ချလုံခြုံစွာ ကျွန်တော်ခေါ်သွားပါ့မယ်။ ဟိုကျ ခင်ဗျားပြောတဲ့အတိုင်း ခင်ဗျား သူငယ်ချင်းကို တွေ့အောင်ရှာပြီး အားပေးပေါ့နော်’’

‘‘ကျွန်မကို ကူညီမယ်ဆိုလို့ ကျေးဇူးတင်ပါ

**တယ်။ ဒါပေမဲ့ ကျွန်မ ဘယ်နိုင်ငံခြားသားကိုမှ မယုံတော့ပါဘူး။ ဘယ်သူ့ အကူအညီမှ မယူချင်ပါဘူး။ ကျွန်မ အစွမ်းအစနဲ့ပဲ ကျွန်မသွားချင်တယ်။ ဒီလို ပွင့်ပွင့်လင်းလင်း ပြောလိုက်တဲ့အတွက် ခွင့်လွှတ်ပါလို့ ကျွန်မ တောင်းပန်ရမှာပါပဲ"**

ကျွန်တော် နားလည်ပါတယ် မမေမိုးခင်။ သူတစ်ပါးကို မှီခိုအားကိုးချင်စိတ် မရှိတဲ့ မမေမိုးခင်ကို ကျွန်တော်က နည်းပေးလမ်းပြ ကူညီမှာပါ။ ကျွန်တော် ကိုယ်တိုင်က ဘာကောင်မှမဟုတ်တော့ မမေမိုးခင်ကို စင်ကာပူခေါ်သွားနိုင်တဲ့ အရည်အချင်းလည်း မရှိပါဘူး။ မမေမိုးခင် အရည်အချင်းနဲ့ အလုပ်လျှောက်ပြီး အလုပ်ရခဲ့ရင် ကျွန်တော်က လမ်းပြတဲ့အနေနဲ့ ကူညီခေါ်သွားချင်တဲ့သဘောပါ။ ကျွန်တော် လာခါနီးမှာ ကုမ္ပဏီကြီးတစ်ခုက အတွင်းရေးမှူးရာထူးတစ်ခု လိုတယ်လို့ ကြားရတယ်။ အဲ့ဒီကုမ္ပဏီကို မမေမိုးခင် အလုပ်လျှောက်ကြည့်ပါ။ သူတို့ကြိုက်လို့ အလုပ်ခန့်ရင် သွားဖို့လာဖို့ကိစ္စတွေ ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ် ဦးစောနိုင်က လိုက်ကူညီပေးပါ့မယ်။ ကျွန်တော် အပြန်ကြုံလို့ ကျွန်တော်ကိုယုံရင် ကျွန်တော် ကူညီလမ်းပြခေါ်သွားလို့ ရတယ်ဆိုတဲ့ သဘောပြောတာပါ။

''ဒီလို ကျွန်မအစွမ်းအစနဲ့ လျှောက်လို့ ကုမ္ပဏီ



က ကြိုက်လို့ခန့်ပြီး ကျွန်မတို့ W. P (သို့မဟုတ်) E.P ပို့ပေးပြီဆိုမှ ကျွန်မသွားမှာပါ။ မသေချာ မရေရာဘဲနဲ့တော့ ကျွန်မ မသွားပါဘူး။ နောက်တစ်ခါ ကျွန်မအလိမ် မခံချင်တော့ဘူး မစ္စတာတန်''

''မမေမိုးခင်ရဲ့ ဆန္ဒနဲ့ မမေမိုးခင်ရဲ့ ကံကြမ္မာအတိုင်းပါပဲ။ ကျွန်တော်က မမေမိုးခင် စင်ကာပူကို သွားနိုင်ပါစေလို့ပဲ ဆုတောင်းပေးပါတယ်''

''မစ္စတာတန်ရဲ့ စေတနာကို တန်ဖိုးထားလေးစားပြီး ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်မကို အခွင့်အရေးတစ်ခု ထပ်ပေးပါဦး''

''ပြောပါ မမေမိုးခင်''

''ကျွန်မ နောက်ဆုံးမေးခွန်းတစ်ခု မေးချင်တယ်''

''မေးပါ။ ကျွန်တော် ဖြေနိုင်တာကို ဖြေပါ့မယ်''

**"ကျွန်မ သူငယ်ချင်း မိုးသက်ခိုင်ဟာ ဘယ်တော့မှ ကျွန်မအပေါ်မှာ လိမ်ညာမှုမရှိဘူး၊ ရှင်ဟာ ကျွန်မ သူငယ်ချင်း မိုးသက်ခိုင်လား"**

''ကျွန်တော်သာ မိုးသက်ခိုင်ဖြစ်မယ်ဆိုရင် သိပ်

ကံ ကောင်းတဲ့လူ ဖြစ်မှာပဲ။ မကျန်းမာတဲ့အချိန်မှာ ခုလို အနားမှာထိုင်ပြီး အားပေးစကားတွေ ပြောပေးမယ့် ခင်ဗျားလို မိတ်ဆွေသူငယ်ချင်းကောင်း တစ်ယောက်ရှိ နေလို့ပါပဲ''

◆ ◆ ◆



## အခန်း |၁၆|

''မစ္စတာလျူရှောက်တန် စိတ်ပူပြီး လိုက်လာမယ်ဆိုတာ ကျွန်တော် မျှော်လင့်ထားပြီးသားပါ။ မမျှော်လင့်တဲ့ ကိစ္စတစ်ခုဖြစ်ပြီး ခင်ဗျားသားက မိန်းကလေးရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာကို ဝင်ကာကွယ်လိုက်တဲ့အတွက် အရက်မူးသမား တစ်ယောက်ရဲ့ တွန်းထိုးခြင်းကို ခံလိုက်ရပြီး ရှော့(ခ်)ဖြစ်သွားတာပါ'' လူရမ်းကားတွေလည်း ချက်ချင်းဖမ်းမိပြီး တရားဥပဒေအရ အရေးယူထားပါတယ်။ ခင်ဗျားသားလည်း အထူးကုဆေးခန်းမှာ အနားယူတာ ပိုအဆင်ပြေမယ်ထင်လို့ ဆေးခန်းမှာပဲ ဆက်ထားပါတယ်။

''ဦးစောနိုင် ကျွန်တော် သားကို စိတ်မချဘူး။ အထူးကုဆေးခန်းကိုပဲ အရင်ပို့ပေးပါ။''

''ဆန်နီ မင်းရှိရက်သားနဲ့ ငါ့သားက ဘာဖြစ်လို့ ခုလို အဖြစ်ခံလိုက်ရတာလဲ မင်းကို ငါ ဘာမှာလိုက်သလဲ''

''ဘော့စ် သူဝင်ကယ်တဲ့ကောင်မလေးက သူ့ကောင်မလေး။ ကျွန်တော်တို့ ညစာစားဖို့ စားသောက်ဆိုင်အသွားမှာ သူ့ကောင်မလေးကို လူ ၃ ယောက်က ဆွဲနေတာမြင်တော့ ကားကို အတင်းရပ်ခိုင်းပြီး ပြေးသွားလို့ ကျွန်တော်တို့ နှစ်ယောက်တား ချိန်မရလိုက်ဘူး။ ကျွန်တော်တို့ ကားထဲကထွက်ပြီး လိုက်သွားတော့ လူမိုက်တွေက ထွက်ပြေးသွားကြပြီ။ ဘော့စ် အပြစ်တင်ရင်လည်း ခံရမှာပဲ။ ကျွန်တော် ကောင်းကောင်း မစောင့်ရှောက်မိလို့ပါ။''

''အေး ဒီတစ်ခါတော့ ရှိစေတော့။ နောက် တစ်ခါ ဒါမျိုးမဖြစ်အောင် မင်းဂရုစိုက်။ ငါ့ သားကို ငါ ဘယ်လောက်ချစ်တယ်ဆိုတာ မင်းသိတယ်မို့လား၊ ငါ့သားဟာ ငါ့ဘဝ၊ ငါ့အသက်၊ သူ့အသက်ကို စောင့်ရှောက်ခြင်းဟာ ငါ့အသက်ကို စောင့်ရှောက်ခြင်းနဲ့ အတူတူပဲဆိုတာ မင်းသဘောပေါက်ပါ''

''မစ္စတာလျူ ခင်ဗျားသားကို ခင်ဗျား သိပ်ချစ်လျက်နဲ့ မြန်မာပြည်ကို ခင်ဗျားလာခွင့်ပေးလိုက်တယ်နော်။ ကျွန်တော်ဆိုရင် ကျွန်တော့်အနားက ဘယ်ကိုမှ ပေးသွားတော့မှာ မဟုတ်ဘူး''



''ဦးစောနိုင် ခင်ဗျားအယူအဆအရ သားသမီးကို ချစ်လွန်းလို့ အနားမှာမခွာဘဲထားတာ ကျွန်တော် အပြစ်မပြောပါဘူး။ ဒါပေမဲ့ ကျွန်တော့်အမြင်တော့ အဲ့ဒါ နည်းလမ်းမကျဘူး။ ခင်ဗျားက ခင်ဗျားသားကို ချစ်လို့ မခွဲနိုင်တဲ့အတွက် ဘယ်ကိုမှ ပေးမသွားဘူးဆိုရင် ခင်ဗျားရဲ့ ဖြစ်ချင်တဲ့ဆန္ဒကို ဦးစားပေးပြီး ခင်ဗျားသားရဲ့ ဆန္ဒကို လျစ်လျူရှုပစ်ပယ်လိုက်တာပဲ။ သူလုပ်ချင်တဲ့ ဆန္ဒတွေဟာ နည်းမှန်လမ်းမှန် ဖြစ်ရက်သားနဲ့ ခင်ဗျားက တားမြစ်ထားမယ်ဆိုရင် အဲ့ဒါ ချစ်တာမဟုတ်ဘူး။ ကိုယ်ရဲ့ အတ္တကြောင့် ချုပ်ချယ်ဖိနှိပ်ထားတာ။ ကျွန်တော်ဟာ ကျွန်တော့်သားကို သိပ်ချစ်ပါတယ်။ ကျွန်တော်လည်း လူသားပီပီ အဖေတစ်ယောက်အနေနဲ့ ဘယ်ခွဲချင်ပါ့မလဲ။ ဒါပေမဲ့ သူဟာ လပိုင်းသာ အသက်ရှင်နိုင်တော့မယ့် လူတစ်ယောက်ဖြစ်နေပြီ။ ဒါ့ကြောင့် သူ့အလိုဆန္ဒတွေကို အစွမ်းကုန်ဖြည့်ဆည်းပေးဖို့ ဆုံးဖြတ်ပြီး လွှတ်လိုက်ခြင်းဖြစ်တယ်။ ပြီးတော့ ကျွန်တော့်သားဟာ ကျွန်တော့်အတွေးအခေါ်မျိုးရှိတယ်။ ရင့်ကျက်တည်ငြိမ်တယ်။ အသက်ငယ်ပေမယ့် တရားဓမ္မရှိတယ်။ သူဟာ ဘယ်တော့မှ သူတစ်ပါးထိခိုက်နာကျင်စေတဲ့ အမှားမျိုးမလုပ်ဘူးဆိုတာ ယုံကြည်တယ်။ သူ့ကြောင့် သူတစ်ပါး ဝန်လေးမှာကို စိုးတယ်။

သူတတ်စွမ်းသမျှလေးနဲ့ ရသမျှအချိန်အတွင်းမှာ လူ့လောကကို အလှဆင်သွားတယ်။ လူတိုင်းအပေါ် မေတ္တာစေတနာနဲ့ ဆက်ဆံပြီး လောဘဒေါသတွေကို နည်းနိုင်သမျှ နည်းအောင် ကြိုးစားနေတဲ့သူ ဖြစ်တယ်''

''ဘော့စ် ပြောတာမှန်ပါတယ်။ ''တန်'' ဟာ သာမန်လူငယ်တစ်ယောက် မဟုတ်ပါဘူး။ အင်မတန်စိတ်ရင်းစေတနာကောင်းတဲ့ လူငယ်တစ်ယောက်ပါပဲ''

**''ဒီမှာ ဦးစောနိုင်၊ လူတစ်ယောက်ဟာ ဘဝရဲ့ အဓိပ္ပာယ်ကို အသေအချာသိပြီး ဘယ်လိုနေထိုင်ရမယ်၊ နောက်ဆုံးအချိန်ကို ဘယ်လိုတည်တည်ငြိမ်ငြိမ် ရင်ဆိုင်ရမယ်ဆိုတာ ကျွန်တော့်သား သိနေပြီလို့ ကျွန်တော်ယုံကြည်တယ်။ ကျွန်တော်ဟာ ကျွန်တော့်သားကို ချစ်လွန်းလို့ အလွန်အကျွံ ချီးမွမ်းနေတာ မဟုတ်ပါဘူး။ သူဟာ တကယ့်ကို မွန်မြတ်တဲ့ စိတ်ဓာတ်ရှိတဲ့ ကလေးမို့ ကျွန်တော် အရမ်း နှမြောနေတာ။ သေခြင်းတရားနဲ့ စီးချင်းထိုးကြတဲ့တိုက်ပွဲမှာကျွန်တော်ရဲ့ အင်အားတွေ အကုန်သုံးပြီး သူ့ဘက်က အနိုင်တိုက်မှာပါ။ ဒါပေမဲ့ဗျာ သခင်္ခါရတရားဆိုတာ ကျွန်တော်တို့ လွန်ဆန်နိုင်တာမှ မဟုတ်တာ။**

◆ ◆ ◆



## အခန်း [၁၈]

''အလုပ်တွေပစ်ပြီး ကျွန်တော့်ဆီကို လိုက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ် ပါပါး။ ကျွန်တော့်အတွက် တစ်အားပါပဲ။ အစကတော့ ကျွန်တော်တွေ့ချင်တဲ့သူကို တွေ့၊ ပေးချင်တဲ့ပစ္စည်းလေးပေးခဲ့ပြီး သံယောဇဉ်ဖြတ်ပြန်ခဲ့ဖို့ပဲ။ အခုတော့ ကျွန်တော့် ကောင်မလေးမှာ အခက်အခဲဒုက္ခတွေ အများကြီးရှိနေတယ်။ ပြီးတော့ သူ့မှာ

လူကေးမီးယားဖြစ်လို့ သွေးသွင်းနေရတဲ့ စင်ကာပူက သူ့ သူငယ်ချင်းဆီကို သွားပြီး အနားမှာထိုင် အားပေးချင်တဲ့ဆန္ဒ ပြင်းပြင်းပြပြရှိနေသတဲ့''

''ဒီမှာပဲ ပွင့်ပွင့်လင်းလင်း ပြောပြလိုက်ပါလား သားရယ်။ သံယောဇဉ်အစွဲအလန်းကို တန်းလန်းတန်းလန်းနဲ့ ဘာဖြစ်လို့ တို့နိုင်ငံထိ ယူသွားချင်ရတာလဲ''

''**"ကျွန်တော် သူ့ကို သိပ်မြတ်နိုးတယ်။ ကျွန်တော်သူ့ရဲ့ ခက်ခဲပင်ပန်းစွာ ရုန်းကန်နေရတဲ့ ဘဝကို စိတ်မချဘူး။ ပါပါးမျက်စိအောက်မှာ စိတ်ချလက်ချထားခဲ့ချင်တယ်။ သူ့အတွက် ပါပါးကုမ္ပဏီမှာ လစာကောင်းတဲ့အလုပ် တစ်ခုပေးပါ။ သူ့မှာ အရည်အချင်းရှိတယ်။ အင်္ဂလိပ်လို ပြောနိုင်တယ်။ ကွန်ပျူတာ ကျွမ်းကျင်တယ်။ ပြီးတော့ သူဝါသနာပါတဲ့ သီချင်းခွေတ်ပြားခွေတွေ ပါပါးထုတ်ပေးပါ။ ကျွန်တော့်ကိုယ်စားလုပ်ပေးဖို့ ပါပါးကို အသနားခံတာပါ"**

''အသနား မခံပါနဲ့သားရယ်။ သားရဲ့ ရင်ထဲက ခံစားမှုတွေကို ပါပါး နားလည်ပါတယ်။ သားဖြစ်စေချင်တာတွေအားလုံး ပါပါးအကုန်လုပ်ပေးဖို့ ကတိပေးပါတယ်ကွာ''



''ပါပါးရယ် ...ကျွန်တော့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်တော်သိလို့ သိပ်ခံစားရပါတယ်။ ကျွန်တော့်အတွက် ပါပါးဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးအဖေပါပဲ။ ပါပါးရဲ့ ကျေးဇူးတရားတွေကို ဒီဘဝမှာ အကြေမဆပ်နိုင်တော့တဲ့အတွက် နောင်ဘဝမှပဲ အကြေပေးဆပ်ပါတော့မယ်''

''သားရယ် မင်းဟာ သိတတ်တဲ့အရွယ်ကစပြီး ပါပါးကို ဘာတစ်ခုမှ စိတ်ဆင်းရဲအောင် မလုပ်ခဲ့ပါဘူး။ တစ်ခါမှလည်း ဆိုးမိုက်ခဲ့ခြင်း မရှိပါဘူး။ ပါပါးပေါ်မှာ စာနာ နားလည်ပြီး ပါပါးအကြိုက် လိုက်လုပ်ပေးခဲ့တာတွေဟာ ကျေးဇူးဆပ်ခြင်းတစ်မျိုးပါပဲ။ ပါပါးရဲ့ ကျေးဇူးတွေကို မင်းအကြေ ပေးဆပ်ခဲ့ပြီးပါပြီ။ ပါပါးကသာ သားအပေါ်မှာ သားဆန္ဒတွေ ပြည့်ဝအောင် လုပ်မပေးနိုင်ခဲ့လို့ တာဝန်မကျေမှာစဲစိုးတယ်။ ဒီလို လိမ္မာတဲ့ သားမျိုးကိုမှ ကံကြမ္မာက မျက်နှာသာမပေးတာ ပါပါး အခံရခက်ဆုံးပါပဲ''

**"စိတ်မကောင်း မဖြစ်ပါနဲ့ ပါပါးရယ်။ ဒါတွေဟာ ဝဋ်ကြွေးတွေပဲ မဟုတ်လား။ ကျွန်တော်တို့တွေဟာ သံသရာခရီးသည်တွေဆို။ ဘယ်သူအရင်ရောက်မယ်မှန်း မသိတဲ့ ခရီးလမ်းတစ်ခုကို သွားနေကြတဲ့ ဘဝခရီး**

သွားတွေဆို။ ကိုယ်သွားရမယ့် ခရီးကိုသိပြီး ကိုယ့်ခရီးကို အေးအေးဖြောင့်ဖြောင့် တန်းတန်းမတ်မတ် သွားနိုင်အောင် လေ့ကျင့်သင်ကြားပေးတဲ့ ပါပါးကို နှောင်ဘဝထိ ကျေးဇူးတင်နေမှာပါ”

◆ ◆ ◆



## အခန်း [၁၈]

မိုးရယ် ... နှင့်ကို ငါစင်ကာပူ ခေါ်သွားနိုင်မှာပါ။ သေမင်းနဲ့ နပမ်းလုံးနေတဲ့အချိန်မှာ နှင့် အပြုံးလေးတွေဟာ ငါ့အတွက် ဆေးတစ်ခွက်ဖြစ်ချင် ဖြစ်နေမှာပါ။

ပြီးတော့ နှင့်ဘဝကို လုံခြုံစိတ်ချရတဲ့နေရာမှာ ငါထားခဲ့ချင်တယ်။ ပါပါးက နှင့်ကို သမီးလေးလို သဘောထားပြီး ငါ့ကိုယ်စား စောင့်ရှောက်ပေးဖို့ သဘောတူပါတယ်။ နှင့်ကို စင်ကာပူခေါ်ဖို့ နည်းလမ်းတွေရှာပြီး ကြိုးစားနေကြတယ်။

**စင်ကာပူရောက်တော့မှ နှင် သိနေတဲ့ မစ္စတာတန်ဟာ နှင့်ရဲ့ အတွယ်တာဆုံး သူငယ်ချင်းမိုးသက်ခိုင် ဖြစ်နေရင် နှင်သိပ်ဝမ်းသာသွားမှာလား။ ပြီးတော့ ... မကျေမနပ်နဲ့ ငါ့ကို နှုတ်ခမ်းရှူနေမှာလား ငါသိချင်လိုက်တာ။ နှင့်ကို လှည့်စားပြီးခေါ်သွားတယ်လို့တော့ မထင်စေချင်ပါဘူး။**

အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောလိုက်ရင် နှင် မယုံမှာကို ငါစိုးမိတယ်။ နှင်မယုံမှာစိုးလို့ အမှန်အတိုင်း ဖွင့်မပြောဘဲ မစ္စတာတန်ဆိုပြီး ပိပိရိရိ လိမ်လာခဲ့မိတယ်။ အခုမှ မဟုတ်ဘူး။ မိုးသက်ခိုင်ဆိုတာ ကျွန်တော်ပါပဲဗျလို့ ဖြစ်မတဲ့လား၊ အဲ့ဒီအခါကျ နှင့်အပေါ် မရိုးမသား ဆက်ဆံတယ်၊ နှင့်အချစ်ဆုံး မိုးသက်ခိုင်ဟာ

နင့်ကို ဘယ်တုန်းကမှ မညာခဲ့ဘူး။ အခုလို လိမ်ညာပြောတတ်တဲ့အတွက် ရှင်ဟာ မိုးသက်ခိုင်မဟုတ်တာ သေချာသွားပြီဆိုပြီး ငါ့အပေါ် နားလည်မှုလွဲသွားရင် နင့် အပေါ်မှာထားတဲ့ ငါ့စေတနာတွေ အလကားဖြစ်သွားမှာပေါ့ဟာ။

စင်ကာပူရောက်လို့ အလုပ်တွေရ၊ နေသားကျသွားမှ ဆေးရုံပေါ်ရောက်ပြီး သွေးသွင်းကုသမှုခံယူနေမဲ့ ငါ့ဆီကို ပါပါးက ခေါ်လာမှာပါ။ အဲ့ဒီအချိန်မှာ ငါဟာ မစွတာတန်ပဲဖြစ်ဖြစ် မိုးသက်ခိုင်ပဲဖြစ်ဖြစ် အရေးမကြီးတော့ပါဘူး။ သေခြင်းတရားနဲ့ စီးချင်းထိုးဖို့ အသင့်ပြင်ဆင်နေရတဲ့ လူတစ်ယောက်ဖြစ်နေပြီပဲ။

**ဒါတွေအတွက် ဘာမှတွေးမပူတော့ဘဲ နင့်ဘဝ လုံခြုံဖို့ နင့်ဘဝ အစစအဆင်ပြေစေဖို့ မှသားဖြူဖြူလေးတွေ ငါသုံးလိုက်ရတာပါ။ နင် နားလည်ခွင့်လွှတ်လိမ့်မယ်လို့ မျှော်လင့်ယုံကြည်နေမိတယ်။**

ငါ့ရဲ့ စေတနာနဲ့ လုပ်ဆောင်ချက်တွေဟာ နင့်အတွက် ဝမ်းသာစရာဖြစ်ပါစေလို့ ငါ ဆုတောင်းပါတယ်။ ငါနေကောင်းတဲ့အခါ နင်နဲ့အတူ ရန်ကုန်မြို့ကို လိုက်ပို့ပေးမယ်လို့ ပါပါးက ပြောတယ်။ ဒီကြားထဲ နင်လည်း စိတ်ပန်းကိုယ်ပန်းဖြစ်ပြီး ဖျားနေသတဲ့။ မကြာခဏလည်း မောပြီး အားကုန်သလိုဖြစ်သတဲ့။ နင့်ကိုပါ ဆေးကုပြီး ခေါ်ရမလားလို့တောင် ပါပါးက ပြောနေသေးတယ်။

◆ ◆ ◆



## အခန်း (၁၉)

''သားနဲ့ ပါပါး ဆွေးနွေးစရာရှိတယ်၊ မေမိုးခင်နဲ့ပတ်သက်လို့''

''ပြောပါ ပါပါး''

''မေမိုးခင်ကို သားဆန္ဒအတိုင်း စင်ကာပူခေါ်ဖို့ ဆန်နီ့ကို ဖေဖေခိုင်းထားတာ အခက်အခဲတစ်ခု ဖြစ်လာတယ်''

"ဘာ အခက်အခဲလဲ ပါပါး။ အဲ့ဒီအခက်အခဲကို ပါပါးဖြေရှင်း မပေးနိုင်ဘူးလား"

"ပါပါး ဖြေရှင်းပေးနိုင်ရင် သားကို ဘယ်ပြောတော့မှာလဲ၊ ပါပါးဖြေရှင်းပြီးသား ဖြစ်နေပြီပေါ့"

"ဒါဆို ဘာပြဿနာလဲ ပါပါး"

"မေမိုးခင်မှာ AIDS ရောဂါပိုး ရှိနေတယ်တဲ့ ဆေးစာက သေချာတယ်လို့ ဦးစောနိုင်က ပြောတယ်"

"မေမိုးခင်ဟာ အကျင့်စာရိတ္တ ကောင်းမွန်ခိုင်မာတဲ့ အမျိုးသမီးဆိုတာ ကျွန်တော်ယုံတယ်။ ဖြစ်နိုင်ပါ့မလား ပါပါးရယ်"

**"သား တက္ကသိုလ်တက်တုန်းက AIDS နဲ့ ပတ်သက်တဲ့အကြောင်းတွေ သားအများကြီး ကြုံဖူးကြားဖူးမှာပေါ့။ လိင်ဆက်ဆံမှုတစ်ခုတည်းက ကူးစက်တာမျိုး မဟုတ်ဘဲ သွေးသွင်းတာကလည်း ကူးစက်နိုင်တယ်။ သွားပွတ်တံကလည်း ကူးစက်နိုင်တယ်။ သွားနှုတ်သွားဖာတာကလည်း ကူးစက်နိုင်တယ်။ မူးယစ်ဆေးသုံးတဲ့ ဆေးထိုးအပ်တွေကလည်း ကူးနိုင်တယ်။ ခေါင်းရိတ် ခေါင်းညှပ်တဲ့ စက်ကပ်ကျေး၊ ဘရိတ်ဒါးတွေကလည်း**



**ကူးစက်နိုင်တယ်။ နှုတ်ခမ်းချင်း ထိစုပ်လို့ သွားဖုံးမှာ အနာ ဖြစ်နေရင်လည်း ကူးနိုင်တယ်။ ကူးစက်နိုင်တဲ့ နည်းတွေ အများကြီးပဲဆိုတာ သားမမေ့နဲ့လေ။ ပြီးတော့ အဲ့ဒီ ရောဂါဟာ ၆ နှစ်က ၁၀ နှစ်အတွင်းမှာမှ လက္ခဏာတွေ ပေါ်လာတတ်တယ်။ ရောဂါလက္ခဏာ ပေါ်ပြီဆိုရင် ၆ လနဲ့ ၂ နှစ်အတွင်းမှာ ရောဂါတစ်မျိုးမျိုးဝင်ပြီး သေနိုင်တယ်။ ခု သူဒီလိုရောဂါရနေတာ ဘယ်လောက် ကြာပြီလဲ။ သူကော သိရဲ့လား။ တကယ်လို့ သူသိပြီဆိုရင်လည်း တို့တွေဟာ သူ့ကို ပစ်ထားလို့ မဖြစ်ဘူး။ ဝိုင်းဝန်းကူညီအားပေးပြီး စိတ်ဓာတ်မြှင့်တင်ပေးရမယ်"**

"ဒါဆို ... သူ့ကို စင်ကာပူခေါ်သွားလို့ မရတော့ဘူးပေါ့နော်"

"ဒီလိုရောဂါမျိုးရှိတဲ့ သူ့ကို နိုင်ငံတွင်းခေါ်သွင်းသွားဖို့ ဖေဖေတို့ လုပ်သင့်သလား။ ဟိုမှာ ဆေးပြန်စစ်ဦးမှာပဲ။ စင်ကာပူနိုင်ငံမှာ ဖေဖေဟာ နာမည်ကောင်းနဲ့ နေလာခဲ့တာ သားသိပါတယ်"

"ဒီတော့ ... သူ့ကို ဒီမှာပဲ အကောင်းဆုံးဖြစ်အောင် ကြိုးစားဖန်တီးခဲ့ရမှာပဲပေါ့"

"ဒါပေါ့ ... သူ့ကို သားဘာလုပ်ပေးစေချင်သလဲ စဉ်းစားလေ။ ဖေဖေ အတတ်နိုင်ဆုံး ကူညီမှာပါ"

"နက်ဖြန် သူ့ကိုတွေ့ပြီး ကျွန်တော်တို့ ဆွေးနွေးကြည့်ကြမယ် ပါပါး"

◆ ◆ ◆



## အခန်း ၂၀

မိုးရယ် ...

အဲ့ဒီညက ငါအိပ်မပျော်နိုင်ဘူးဆိုတာ နင် သိပါ့မလား။ ငါ့ရဲ့ စိတ်ကူးယဉ်ထားတဲ့ အိပ်မက်လှလှလေးတွေ ပျက်သွားပြီး တစ်စစီပြိုကွဲ လဲကျသွားရတာပါ မိုးရယ်။

AIDS ရောဂါကို နင် ဘယ်လိုပဲရရ ငါ အပြစ်မတင်ပါဘူးဟာ။ ပါပါးပြောသလို နေရာအမျိုးမျိုး အခြေအနေအမျိုးမျိုးက ကူးစက်နိုင်တာပဲဟာ။ နင့်ရောဂါဟာ ၆ နှစ်ကျော်ဦးမှာ မဟုတ်ပါဘူး။ တစ်နေ့တော့ ဆေးတွေ့ဦးမှာပါ။ နင့်ကို သနားလိုက်တာ။ မိမဲ့ဘမဲ့ ဖြစ်နေတဲ့ နင့်ကိုမှ ဒီရောဂါလာဖြစ်ရတာယ်လို့ဟာ။

ငါ နင့်အတွက် စိတ်ပူတယ်။ ဒါပေမဲ့ နင် စိတ်ဓာတ်မကျအောင် အလုပ်တွေ အများကြီးလုပ်ပေးရမယ်။ ဘဝကို စနစ်တကျ ပြန်ထူထောင်ရမယ်။ ကိုယ့်ရောဂါကို သူတစ်ပါးကို မပြန့်ပွားအောင် ကြိုးစားထိန်းသိမ်းရမယ်။ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင် တည်ဆောက်ရမယ်။ AIDS ဆိုတာ ကိုယ်ခံအားနည်းတဲ့ရောဂါ၊ ကိုယ်ခံအားမနည်းအောင် ဂရုစိုက်ရင် ဒီရောဂါဖြစ်လာမယ့် အခြေအနေကို အများကြီး ဟန့်တားနိုင်မှာပါ။

ပြီးတော့ တစ်ကမ္ဘာလုံးက ဆေးသုတေသနပညာရှင်တွေဟာ ဒီဆေးကို ဝိုင်းရှာနေကြပါပြီ။ မကြာခင်တွေ့တော့မယ်လို့ ငါ ယုံကြည်တယ်။ ဒီအတောအတွင်းမှာ စိတ်ဓာတ်ကြံ့ခိုင်စွာနဲ့ တောင့်ခံထားဖို့ လိုတယ်။

ဪ ... မိုးရယ်၊ ဖြစ်မှဖြစ်ရလေခြင်း။

◆ ◆ ◆



## အခန်း [၂၁]

''မမေမိုးခင် ... ကျွန်တော့်ကို ရွှေတိဂုံဘုရားလိုက်ပို့တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ သိပ်စိတ်ကြည်နူးဖို့ ကောင်းတာပဲနော်။ ငယ်ငယ်တုန်းက ရောက်ဖူးပေမယ့် အခုနဲ့ မတူတော့ဘူး။ သိပ်ကို လှပတာပဲနော်''

''မစွတာတန် ... ဘုရားစေတီတွေကို ပြောတဲ့အခါမှာ လှပတယ်လို့ မပြောရပါဘူး။ သပ္ပာယ်တယ်လို့ ပြောရပါတယ်''

''သပွာယ်တယ် ... ဟုတ်ပြီ ... ဟုတ်ပြီ။ ငယ်ငယ်တုန်းက ဘွားဘွားပြောတာ ကြားဖူးတယ်။ ဆောရီးနော်''

''ဒီလိုကြီးကျယ် ထင်ရှားတဲ့ စေတီကြီးကို လာရတာ သိပ်ကို စိတ်ချမ်းမြေ့တာပဲဗျာ။ ရင်ထဲမှာ ဘာ သောကမှ မရှိတော့သလိုပဲ''

''စေတီကြီးလို့ ပြောလေ့မရှိပါဘူး။ ရွှေတိဂုံ စေတီတော်မြတ်ကြီးလို့ သုံးနှုန်းရပါတယ် ... မစ္စတာတန်''

ရွှေတိဂုံစေတီတော်မြတ်ကြီး ... ဟုတ်တာပေါ့။ သိပ်ကိုလေးနက်ပြီး အဓိပ္ပာယ်ရှိသွားတယ်။ အခုလို ပြင်ပေးတာ ကျေးဇူးတင်ပါတယ်''

''ရွှေတိဂုံစေတီတော်မြတ်ကြီးဟာ မြန်မာလူ မျိုးတွေအတွက် တကယ့်ကို ဂုဏ်ယူစရာပဲနော်''

''ကျွန်မတို့အတွက်တော့ အဖိုးမဖြတ်နိုင် လောက်အောင် ဂုဏ်ကျက်သရေရှိလှပါတယ်၊ ရှင်ကော ဂုဏ်မယူဘူးလား''

''ဘာကို ဆိုလိုတာလဲ မမေမိုးခင်''

**ရှင်ဟာ မြန်မာပြည်မှာမွေးပြီး မြန်မာသွေးပါ ခဲ့ရင် မြန်မာပြည်မှာ ဒီလိုကြီးကျယ်ထင်ရှား မြင့်မြတ်တဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီး ရှိနေတာကို ဂုဏ်မယူဘူး လားလို့ မေးကြည့်တာပါ''**



''အခုနေမှာ ကျွန်တော်သာ မြန်မာလူမျိုးဖြစ် ခဲ့ရင် အရမ်းဂုဏ်ယူမှာပေါ့''

''ငယ်ငယ်တုန်းက ရှင့်အဖွားက ရှင့်ကို ပုံပြင် တွေပြောပြတဲ့အခါ ရွှေတိဂုံသမိုင်း မပါခဲ့ဖူးထင်တယ် နော်''

''ဟုတ်ပါတယ် မပါဘူး။ တခြားပုံတွေပဲ ပြော ခဲ့တာ။ ကျွန်တော်တို့ စင်ကာပူမှာ ထင်ရှားခဲ့တဲ့ ခေါင်း ဆောင်တွေအကြောင်း လွတ်လပ်ရေးကြိုးပမ်းမှုတွေ အ ကြောင်းတွေပဲ ပြောခဲ့တယ်''

''အဲ့ဒီအထဲမှာ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းဘုရား၊ ဘုရင့်နောင်စတဲ့ သူရဲကောင်း ဘုရင် တွေအကြောင်း မပါဘူးလား''

**(မေမိုးခင်ရယ် ... အလစ်မှာ မင်း ငါ့ကို မိုးသက်ခိုင် ဖြစ်မဖြစ် စစ်ဆေးနေပြန်ပါပြီ။ ငါဟာ မိုးသက်ခိုင်ပါလို့ ပြောလိုက်ချင်ပါပြီ။ အခုတော့ ... ဘယ်လိုမှ ပြောလို့ မဖြစ်တော့ဘူး။ နင့်ကို မညာချင်ဘဲ ငါ ညာရဦးတော့မှာပဲ။)**

''ဘယ်လိုလုပ် ပါနိုင်မှာလဲ မေမိုးခင်ရယ်''

''ထားပါတော့လေ။ ဒါပြီးရင် ကျွန်မတို့ ဘယ် သွားမလဲ''

''မြန်မာထမင်းဆိုင်ကိုသွားပြီး မြန်မာထမင်းစားမယ်။ ပြီးတော့ ပြည်သူ့ဥယျာဉ်ကို သွားလည်မယ်၊ အခုတော့ ကျွန်တော် နာရီဝက် တရားထိုင်ဦးမယ်။ မေမိုးခင်လည်း တရားထိုင်လေ့ရှိလား။ ရှိရင် ကျွန်တော့်နဲ့ တရားအတူ ထိုင်ဖို့ ဖိတ်ခေါ်ပါရစေ''

(မိုးသက်ခိုင် ... နင် ... ငါ့ကို ဘယ်လိုပဲညာညာ နင်ဇာတိတွေ ပေါ်လာနေတာ နင် မသိလိုက်ဘူးနော်၊ ငယ်ငယ်က နင့်အဘွားက နင့်ကိုပုံပြောပြခဲ့တာ၊ ရွှေတိဂုံဘုရားသမိုင်း မပါခဲ့ဘူးလို့ ပြောတယ်။ နင့်အဘွားက နင့်ကိုပုံပြောတာကိုတော့ နင်ဝန်ခံခဲ့တယ်။ အဲ့ဒီအထဲမှာ အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းဘုရား၊ ဘုရင့်နောင်စတဲ့ စစ်သူရဲကောင်းဘုရင်တွေအကြောင်း ပါသေးလားဆိုတော့ နင် ပြုံးတူးပျာတာဖြစ်သွားခဲ့တယ်။ ပြီးတော့မှ ဟန်မပျက် ငါ့ကိုညာခဲ့တယ်။ အခုလည်း နင် တရားထိုင်ဖို့ ငါ့ကို ဖိတ်ခေါ်နေပြန်တယ်။ ၁၀ မိနစ်လောက် တရားထိုင်စာကျက်ခဲ့တဲ့ နင့်အကြောင်းကို ငါ ပြန်ပြောပေးရဦးမလား။ **မိုးသက်ခိုင်ရယ် အကြောင်းတစ်ခုကြောင့် ငါ့အတွက် ငဲ့ညှာပြီး နင် ညာနေတယ်ဆိုတာ ငါနားလည်ပါတယ်။ နင် အမှန်အတိုင်းပြောလိုက်ရင် တစ်ယောက်နဲ့တစ်ယောက် အရမ်းချစ်ခင်တွယ်တာစွဲလန်းပြီး သံယောဇဉ်ဖြစ်သွားမှာ နင်စိုးရိမ်နေတယ်မို့လား။** နင့် စိတ်ကို နင်မနိုင်မှာစိုးသလို ငါလည်း



နင့်အပေါ် တစ်အားတွယ်တာသွားမှာ နင် စိုးရိမ်နေတယ်မဟုတ်လား။ အဲ့ဒီလို ပွင့်ပွင့်လင်းလင်းပဲ ပြောချလိုက်ပါတော့လားဟာ။ ငါ... ကြေကွဲဝမ်းနည်းစရာ ကြုံရမယ်ဆိုရင် အံကြိတ်ပြီး ခံပါ့မယ်)

''မမေမိုးခင် ဘာတွေ စဉ်းစားနေသလဲ ကျွန်တော်ပြောတာ ကြားပါတယ်နော်။ မျက်နှာလည်း မကောင်းပါလား။ ကျွန်တော်နဲ့ လျှောက်လိုက်ရလို့ စိတ်ညစ်သွားလား မသိဘူး''

''မဟုတ်ပါဘူး။ နေ့တိုင်း ၁၀ မိနစ်လောက် တရားထိုင်ပြီးမှ စာကျက်တတ်တဲ့ သူငယ်ချင်းတစ်ယောက် အကြောင်းကို တွေးမိလို့ပါ''

''ကောင်းပြီလေ။ ကျွန်တော်တရားထိုင်တော့မယ်။ မေမိုးခင် စိတ်ပြေတော့မှ ဘုရားရှိခိုးပေါ့''

**"ရတောင့်ရခဲ အခွင့်အရေးကြီးတစ်ခုကို ကျွန်မ ဘယ်လက်လွှတ်ခံနိုင်မလဲ။ ရှင်နဲ့အတူ ဒီရွှေတိဂုံစေတီတော်မြတ်ကြီးမှာ တရားထိုင်ပြီး ရှင့်ကျန်းမာရေးအတွက် ဆုမွန်ကောင်း တောင်းပေးရမှာပေါ့"**

''ကျွန်တော် ဘာဖြစ်လို့လဲ၊ ဘာကြောင့် ကျွန်တော့် ကျန်းမာရေးအတွက် ဆုတောင်းပေးရတာလဲ''

''ရှင် ဆေးရုံတက်ရတာ မေ့သွားပြီလား။

မြန်မာပြည်မှာတော့ အထူးကုဆေးခန်းမှာ ရှင်တက်ပြီး ဆေးကုရတာလေ၊ ရှင့်ကျန်းမာရေးသက်သာ ကောင်းမွန်ဖို့ ကျွန်မဆုတောင်းပေးချင်လို့ပါ''

ဩော် ... မမေမိုးခင်ရယ်။ ခင်ဗျားဟာ သိပ်ပြီး စေတနာကောင်းပြီး ကြင်နာတတ်တဲ့ မိန်းမသားတစ်ဦးပါပဲ။

◆ ◆ ◆



## အခန်း ၂၂

''ပြည်သူ့ဥယျာဉ်ကြီးက အကျယ်ကြီးပဲနော်။ ပျော်ရွှင်စရာ ကစားစရာတွေ၊ ရေကူးကန်တွေ စားသောက်ဆိုင်တွေနဲ့ အတော်ပြည့်စုံတာပဲ၊ စောစောက ထမင်းစားခဲ့ရတဲ့ မြန်မာဆိုင်မှာလည်း အတော်လေး အဆင်ပြေတယ်၊ စားသောက်လို့ ကောင်းတယ်၊ ခင်ဗျားတောင် နာမည်ပြောသေးတယ်''

''သိဒ္ဓိရှင် ...''

''ဩော် ... ဩော် ... သိဒ္ဓိရှင်''

''မစ္စတာတန် ရှင့်ကို ရေကန်လေးရှိတဲ့ နေရာကိုခေါ်သွားမယ်။ အဲ့ဒီနားက ထိုင်ခုံမှာထိုင်ကြတာပေါ့နော်''

''ကောင်းသားပဲ''

"ကျွန်မ ငယ်ငယ်တုန်းက အဲ့ဒီလို ရေကန်ရှိတဲ့ အနားမှာ နေခဲ့ဖူးတယ်။ အမေနဲ့ အဖေ အဆင်မပြေ ရန်ဖြစ်ရင် အဲ့ဒီရေကန်လေးမှာ သွားထိုင်ပြီး စက္ကူလှေကလေး လွှတ်လေ့ရှိတယ်။ ကျွန်မရဲ့ ဒုက္ခတွေ စိတ်ဆင်းရဲမှုတွေကို အဲ့ဒီစက္ကူလှေကလေးထဲထည့်မျှောပြီး သောကအမောတွေကို ဖြေလေ့ရှိတယ်။ ကြီးပြင်းလာ

တော့လည်း စင်ကာပူက ကျွန်မရဲ့ သူငယ်ချင်းဆီ စာရေးတဲ့အခါ အဲ့ဒီစက္ကူလေ့လေးလို ခေါက်ချိုးပြီး ကျွန်မရဲ့ သောကဒုက္ခတွေကို အဲ့ဒီလေ့ကလေးထဲ ထည့်မျှောပေးလိုက်တယ်။ သူက စာများများဖတ်တဲ့သူဆိုတော့ အတွေးတွေက ရင့်ကျက်တည်ငြိမ်ပြီး ကျွန်မကို အမြဲတမ်းဖြောင်းဖျအားပေးခဲ့တယ်။ သူရဲ့ အားပေးစကားတွေကို လေယာဉ်ပျံလေးလို ခေါက်ချိုးပြီး ကျွန်မဆီထည့်ပို့ပေးခဲ့တယ်။ အဲ့ဒီလေယာဉ်ပျံလေးရောက်လာရင် ကျွန်မမှာ ထခုန်မိတဲ့အထိ ပျော်ရွှင်ခဲ့ရဖူးတယ်။ သူကတော့ ကျွန်မရဲ့ လေ့ကလေးရောက်သွားတဲ့အခါ ကျွန်မလို မပျော်နိုင်ဘဲ စိတ်ညစ်သွားမှာပဲ ထင်ပါရဲ့''

''စိတ်ညစ်မယ် မထင်ပါဘူး။ သူလည်း ဝမ်းသာပျော်ရွှင်မှာပါ''

**"ဟင် ... ရှင် ဘယ်လိုသိသလဲ မစ္စတာတန်။ ကျွန်မရဲ့ စက္ကူလေ့လေး ရောက်သွားတဲ့အခါ သူပျော်မယ်လို့ ရှင် အသေအချာ ဘာလို့ပြောနိုင်သလဲ"**

''ကျွန်တော်သာ ခင်ဗျားသူငယ်ချင်းနေရာမှာ ဝင်ခံစားကြည့်ပြီး ပြောမိတာပါ။ ထားပါတော့လေ ... အခု ခင်ဗျားကို အရေးကြီးတဲ့ စကားပြောစရာရှိတယ်။ ဒီစကားကို ကျွန်တော် မပြောချင်ပါဘူး။ ဒါပေမယ့် မပြောလို့လည်း မဖြစ်ဘူး။ ဒါ့ကြောင့် မပြောချင်ဘဲ ကျွန်တော် ပြောရတာပါ''



''ပြောပါ မစ္စတာတန်၊ ရှင်ပြောမယ့် စကားတွေကို ကျွန်မအရမ်းစိတ်ဝင်စားပါတယ်။ မမျှော်လင့်ထားတဲ့ စကားတွေဖြစ်မယ်ဆိုရင်တော့ သိပ်ကောင်းမှာပဲ''

''ဝမ်းနည်းပါတယ် မမေမိုးခင် ... ခင်ဗျားထင်သလို မဟုတ်ပါဘူး''

''ဒါဖြင့် ဘာလဲ၊ မြန်မြန်ပြောပါရှင်။ ကျွန်မ ရင်ထိတ်လိုက်တာ''

(ငါ မပြောချင်ဘူး မေမိုးခင်။ ဒီစကားကို ပြောရမှာ ငါ အရမ်းစိတ်ထိခိုက်တယ်။ ငါ့စကားကို ကြားပြီးရင် နင့်ရဲ့မျှော်လင့်ချက်တွေ ပြိုကွဲသွားတဲ့ မျက်နှာလေးကို ငါ ဘယ်လိုကြည့်နိုင်မှာလဲ။ ဒါပေမယ့် ငါလည်း စိတ်တင်းရမယ်။ နင်လည်း စိတ်တင်းနိုင်ရမယ်။ **ဘာပဲဖြစ်ဖြစ် တို့တစ်တွေဟာတကယ့်လက်ရှိပကတိ အခြေအနေကို အမှန်အကန်သိပြီး လက်ခံဖြေရှင်းနိုင်ရမယ်)**

''ရှင် ဘာငိုင်နေတာလဲ မစ္စတာတန်၊ ကျွန်မရှင့်စကားကို နားစွင့်နေတယ်လေ''

''မမေမိုးခင် စင်ကာပူမှာ အလုပ်သွားလုပ်ဖို့ အန်ကယ်ဦးစောနိုင်က စီစဉ်ပြင်ဆင်ပေးခဲ့တာ သိပါတယ်နော်''

''သိပါတယ်။ အဲ့ဒါ ဘာဖြစ်လို့လဲ''

"အဲ့ဒီထဲမှာ အချက်တစ်ချက်ဟာ ခင်ဗျား စင်ကာပူကို အလုပ်သွားလုပ်ဖို့အတွက် အဟန့်အတား ဖြစ် နေစေခဲ့တယ်"

"ဘာဖြစ်လို့"

"ခင်ဗျားရဲ့ ဆေးစစ်ချက်က မအောင်ဘူး။ HIV positive ဖြစ်နေသတဲ့"

"ဟင်!"

"ရှင် ... နောက်နေတာ မဟုတ်ပါဘူးနော် မစ္စတာတန်"

"ဒါ နောက်စရာကိစ္စလား။ ဒီအတွက် ကျွန်တော်ဘယ်လောက် စိတ်မကောင်းဖြစ်ခဲ့ရတယ်ဆို တာ ခင်ဗျား မသိနိုင်ပါဘူး"

**"ဖြစ်နိုင်စရာ ကိစ္စတွေကို ခင်ဗျား ပြန်စဉ်းစား ကြည့်ပါ။ ကျွန်တော်ကို ယုံကြည်လေးစားလို့ ပြောချင် စိတ်ရှိရင်လည်း ပြောပြပါ။ ပြောမပြနိုင်ရင်လည်း အရေးမကြီးပါဘူး။ ဒါပေမဲ့ ဒီကိစ္စကို ပြုပြင်ပြောင်းလဲ ပြီး ခင်ဗျားကို စင်ကာပူခေါ်သွားလို့ မရနိုင်ဘူးဆိုတာ ကိုပဲ ခင်ဗျား သိစေချင်ပါတယ်"**

◆ ◆ ◆



## အခန်း ၂၃

မိုးသက်ခိုင်ရယ် ... ငါ့ရဲ့ မျှော်လင့်ချက်တွေ ဝုန်းကနဲပြိုကွဲသွားပြီဟာ။ စင်ကာပူကို အလုပ်လျှောက် တော့ အလုပ်ရတယ်။ ဟိုမှာ W.P တင်ဖို့ ဆေးစစ်ခိုင်း တယ်။ အဲ့ဒီဆေးစစ်ချက်မှာ HIV positive တွေ့တယ်တဲ့။ စင်ကာပူနိုင်ငံက လက်မခံနိုင်ဘူးတဲ့။ **နင့်ကို ငါ သိပ် တွေ့ချင်တာပဲဟာ။ နင့်ရဲ့ နောက်ဆုံးအချိန်မှာ နင့် အနားမှာ ငါရှိချင်တယ်။ လောကကြီးထဲက တည်တည် ငြိမ်ငြိမ်နဲ့ နင်ထွက်သွားတာ ငါမြင်ချင်တယ်။ နင့် လက်ကိုဆုပ်ကိုင်ထားပြီး အနားမှာ နောက်ဆုံးချိန်အထိ ငါရှိချင်တယ်။ ရင်ထဲမှာ ငိုနေမယ်။ မျက်ရည်စက် တွေကို သိုဝှက်ထားမယ်။ နှုတ်ဆက်စကားမဆိုဘဲ နှစ် သိမ့်တဲ့အပြုံးနဲ့ နင့်ကို အားပေးမယ်။ အခုတော့ ငါ့ စိတ်ကူးတွေ အလကားဖြစ်သွားပါပေါ့လား။**

နင်ဟာ တကယ်ပဲ မိုးသက်ခိုင်ဖြစ်နေရင် သိပ် ကောင်းမှာဘဲ။ ငါ့စိတ်ထဲမှာ နင်လို့ပဲထင်တယ်။ ငါ့ရဲ့ ဆေးစစ်ချက်ကို ပြောပြတော့ နင် အရမ်းစိတ်မကောင်း ဖြစ်နေတာ ငါမြင်တယ်။ ငါ့ ခံစားမှုကို မကြည့်ရက်လို့ နင့်မျက်နှာကိုတောင် တစ်ဖက်လှည့်ထားတယ်။

ဒါပေမဲ့ နင်ကမှ ဝန်မခံတာ ငါဘယ်လို ပြော ရမလဲ။ ပြီးတော့ အခြားဖြစ်နိုင်ခြေတွေကလည်း ရှိသေး

တော့ ငါဘယ်လို အတင်းအကြပ်ပြောရမှာလဲ။ မစ္စတာ တန်ဟာ နင်လည်းဖြစ်နိုင်တယ်။ နင့်ရဲ့ သူငယ်ချင်းလည်း ဖြစ်နိုင်တယ်။ နင် မလာနိုင်လို့ နင့်ရဲ့ သူငယ်ချင်းကို လွှတ်လိုက်တာလားလို့ ငါ သံသယဖြစ်တယ်။ ဒါပေမယ့် ဟာ နင်ဟာ မိုးသက်ခိုင်ပါ။ ကရုဏာမျက်လုံးတွေနဲ့ ငါ့ကိုကြည့်နေတာတွေဟာ မိုးသက်ခိုင်အစစ်ပါပဲ။

ဒါ့ကြောင့်ပဲ ယုံကြည်ပြီး ငါ အလိမ်ခံရတဲ့ အဖြစ်ကိုပြောမိတာပေါ့။ ငါ အလိမ်ခံလိုက်ရတယ် မိုးသက်ခိုင်။ နင်နဲ့တွေ့ချင်လွန်းလို့ နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်၊ ငွေစုပြီး စင်ကာပူမှာ အလုပ်သွားလုပ်ဖို့ ငါအပြင်းအထန် ကြိုးစားခဲ့တယ်။ ဒီအကြောင်းကို သိတော့ ငါရဲ့ Boss က စင်ကာပူကိုရောက်အောင် သူ ပို့ပေးနိုင်တယ်။ လုပ်ငန်းမအောင်မြင်လို့ ကုမ္ပဏီဖျက်သိမ်းပြီး ပြန်သွားရပေမယ့် ငါ့ဆီကို အလုပ်ခန့်စာပို့ပေးလိုက်မယ်လို့ ပြောတယ်။ မြန်မာပြည်မှာတောင် အောင်မြင်အောင် မလုပ်နိုင်လို့ ပြန်သွားရတဲ့ လူရဲ့ စကားကို ငါယုံစားမိတယ် မိုးသက်ခိုင်။ **ငါ့ကို အမျိုးမျိုး ချဉ်းကပ်တယ်။ သူနဲ့တစ်ပါတည်း ခေါ်သွားမယ်လို့ ပြောသေးတယ်။ သူတို့ မြန်မာအမျိုးသမီးတွေကို အစွင့်အရေး မက်လုံးတွေနဲ့ မြူဆွယ်လို့ မရမှန်းသိတော့ အစမှ သူကြံတော့တာပဲ။ သူပြန်တဲ့ည နှုတ်ဆက်ပွဲမှာ ငါ့ကို လိမ္မော်ရည်တိုက်တယ်။ အဲ့ဒီ ခွက်ထဲမှာ အိပ်ဆေးခတ်ထားတယ်။**



အဲဒီ့လိမ္မော်ရည်သောက်ပြီး လောကကြီးကို မေ့သွားတယ်။ ငါ ဘာဖြစ်လို့ ဘယ်ရောက်မှန်း မသိဘူး။ သိတဲ့အချိန်မှာ အခန်းတစ်ခန်းထဲမှာ ငါတစ်ယောက်တည်း ကျန်နေခဲ့တယ်။ Boss ဆိုတဲ့ လူယုတ်မာလည်း နံနက် စောစောထွက်တဲ့ လေယာဉ်နဲ့ ပြန်သွားတယ်။ Good Bye ဆိုတဲ့ စာတစ်ကြောင်းနဲ့ ဒေါ်လာတစ်ရာတန် တစ်ရွက်ထားခဲ့တယ်။ အဲ့ဒီ ဒေါ်လာတစ်ရာတန်ကို ငါ့ဘဝမှာ တစ်သက်လုံး သင်ခန်းစာရစေဖို့ ပလပ်စတစ်လောင်းပြီး စလင်းဘက်အိတ်ထဲမှာ အမြဲထည့်ထားခဲ့တယ်။ နင့်ကိုတောင် နာနာကြည်းကြည်းနဲ့ ပြဖြစ်ခဲ့ပါသေးတယ်။

**ငါ့အမှားတွေပါဟာ။ ငါတို့ မြန်မာမိန်းကလေးတွေဟာ နိုင်ငံခြားသားတွေနဲ့ အဆက်အဆံနည်းတော့ သူတို့ကို အထင်ကြီးတယ်။ယုံတယ်။သူတို့ရဲ့ ကောက်ကျစ်မှု ပရိယာယ်တွေ မသိခဲ့ဘူး။ ပြီးတော့ ကိုယ့် အလုပ်ရှင်ဆိုပြီး အားနာလိုက်လျော့မိတယ်လေ။ သူတို့ ခေါ်တဲ့ အိမ်တစ်အိမ်မှာ ညစာလိုက်စားပြီး သူတို့ တိုက်တဲ့လိမ္မော်ရည်ကို မရှုးစမ်းဘဲ အလွယ်တကူ သောက်လိုက်မိတယ်။**

အဲ့ဒီမှာ ငါတန်ဖိုးအထားဆုံးအရာတွေ ဆုံးရှုံးကြေမွခဲ့ရတာပါပဲ။ အဲ့ဒီအတွက် ငါ့ဘဝနစ်မွန်းခဲ့ရတယ်။ အဲ့ဒီလူယုတ်မာဆီက အဲ့ဒီရောဂါကူးစက်ခဲ့တာပဲ ဖြစ်ရမယ်။ ၅ နှစ်ကျော်ပြီထင်ပါရဲ့။ ဒါ့ကြောင့် အခုတစ်လောအရင်ကနဲ့ မတူဘဲ မောမောနေတယ်။ တဖြည်းဖြည်း

ပေါင်ချိန်တွေ ကျလာတယ်။ ညအိပ်လို့ မပျော်ဘူး။ နေပူထဲသွားလိုက်ရင် ပိုပြီးအားကုန်သလို ဖြစ်လာတယ်။ ခံနိုင်ရည်မရှိတော့ဘူး။ ရောဂါလက္ခဏာရဲ့အစကို ပြပြီလား မသိဘူး။ ပြီးတော့ လျှာမှာလည်း မက်ခရုလိုလိုတွေ ပေါက်လာတယ်။ မကြာခဏလည်း ဝမ်းပျက်ဝမ်းလျှော သလိုဖြစ်တယ်။ အစားမှား မခံနိုင်ဘူး။

**မိုးသက်ခိုင်ရယ် ... ကံကြမ္မာက နင်နဲ့ငါ့ကြားမှာ အတင်းကာဆီးထားတယ်ထင်ပါရဲ့။ ဒီလို အခြေအနေမျိုးမှာ နင့်ကို ငါဘယ်လိုမျက်နှာပြရမှန်းတောင် မသိဘူး။ နင့်ကို ငါသိပ်တွယ်တာ တန်ဖိုးထားခဲ့တာတွေကိုတောင် ငါ့ရင်ထဲမှာ မျိုသိပ်ထားရတော့မယ် ထင်ပါရဲ့။ နင့်အနားမှာလာပြီး အားပေးချင်တဲ့ ငါကိုယ်တိုင်က ခုခံအားနည်းတဲ့ရောဂါကို ခံစားနေရပြီဆိုတော့ နင့်အတွက်အားတက်စရာစကားတွေ ငါဘယ်လိုများ ပြောနိုင်တော့မှာလဲကွယ်။**

တို့နှစ်ယောက်ဟာ ဒီဘဝမှာ သူငယ်ချင်းဘဝနဲ့တင် ပြီးဆုံးသွားရတော့မှာပါ။ အချစ်ဆုံး သူငယ်ချင်းတွေဘဝကနေ တစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံပြီးရင် သံယောဇဉ်တွေဖြစ်ပြီး အရမ်းချစ်သွားမိလိမ့်လို့ ငါ ပျော်လင့်စိတ်ကူးခဲ့ဖူးပါတယ်။ ဒါပေမယ့်ဟာ ဒါတွေဟာ ကလေးဘဝတုန်းက ကမ်းစပ်မှာသဲအိမ်ဆောက်ခဲ့ကြသလို ပါပဲ။ မကြာခင် ပျက်သွားရတော့မှာပါပဲ။

◆ ◆ ◆



## အခန်း (၂၄)

မိုး ... ရယ် နင့်အဖြစ်ကိုကြားတော့ ငါ ရင်နာလိုက်တာ။ နင်ဟာ AIDS ရောဂါကို စော်ကားခံရလို့ ရခဲ့တာဆိုတော့ နင့်အတွက် ငါ ပိုကြေကွဲရပါတယ်။ ဒါပေမဲ့ဟာ ဒါတွေကို အမြဲတမ်းပြန်တွေးပြီး နာကြည်းနေလို့ကော ဘာလုပ်မှာလဲ။ ပိုပြီး စိတ်ဆင်းရဲရုံရှိတော့မှာပေါ့။

**ဘဝဆိုတာ ကြေကွဲနာကြည်းနေဖို့မှ မဟုတ်တာ။ ငြိမ်းချမ်းပျော်ရွှင်တဲ့ ဘဝတစ်ခုကို တည်ဆောက်ဖို့ပဲမဟုတ်လား။ တို့တစ်တွေဟာ ပျော်ရွှင်ငြိမ်းချမ်းတဲ့ ဘဝတစ်ခုကို ကြိုးပမ်းတည်ဆောက်ရင်းနဲ့ သေမင်းကိုရင်ဆိုင်ဖို့ပဲပေါ့။**

**နင် ဘယ်လောက်စိတ်ထိခိုက်နေမယ်။ စိတ်ဆင်းရဲနေမယ်ဆိုတာ ငါသိပါတယ်။ ဒါပေမယ့် ရခဲတဲ့ လူ့ဘဝကိုရောက်ပြီးမှ တို့တွေဟာ တန်ဖိုးမဲ့တဲ့လူတွေ မဖြစ်သင့်ဘူး။ လူ့လောကအကျိုးကို သယ်ပိုး၊ အများအကျိုးဆောင်ရွက်၊ အများအတွက် အသက်ရှင်နေတဲ့ လူ့အဖိုးတန်တွေ ဖြစ်သင့်ကြတယ်လေ။**

နင်လည်း နင်တတ်တဲ့အနုပညာနဲ့ လူတွေစိတ်ချမ်းမြေ့ပျော်ရွှင်အောင် လူ့ဘဝအမြင်တွေ ပီပြင်ကြည်လင်အောင် သီချင်းတွေဆိုရင်း အသက်ရှင်ရမယ်။ နင်အဲ့ဒီလို သီချင်းဆိုရင်း အသက်ရှင်နိုင်အောင် ငါ ပါပါးကို အကူအညီတောင်းထားပါတယ်။

ပါပါးသူငယ်ချင်းတစ်ယောက်ရဲ့ စားသောက်ဆိုင်တစ်ခုမှာ ဖျော်ဖြေရေးမန်နေဂျာ တစ်ယောက်အနေနဲ့ နင် တာဝန်ယူပါ။ ပင်တိုင်အဆိုတော်အဖြစ် နင်သီချင်းဆိုပါ။ အဲ့ဒီမှာ နင့်ကို လစာကောင်းကောင်း ပေးထားကြပါလိမ့်မယ်။



ပြီးတော့ ...စင်ကာပူကနေ မကြာမီတင်သွင်းတော့မယ့် တို့ ကုမ္ပဏီရဲ့ အလှကုန်ပစ္စည်း၊ ဆေးဝါးပစ္စည်း လျှပ်စစ်ပစ္စည်းတွေအတွက် နင်က ကြော်ငြာတာဝန်ခံ ကိုယ်စားလှယ်လုပ်ပါ။ ကင်မရာမင်းကို ငှားပါ။ တီးဝိုင်းငှားပါ။ နင် ကိုယ်တိုင်ဆိုပါ။ နင်ကိုယ်တိုင် သရုပ်ဆောင်ပါ။ ပြီးတော့ မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ ကြော်ငြာထည့်ပါ။ အဲ့ဒီအတွက် လိုအပ်တဲ့ ငွေကြေးကို အန်ကယ်ဆန်နီ၊ အန်ကယ်ဦးစောနိုင်တို့က နင်နဲ့လာညှိနှိုင်းဆောင်ရွက်ပါလိမ့်မယ်။

ငါတော့ နင်နဲ့ မကြာခဏတွေ့ဆုံဖို့ အချိန်မရတော့ပါဘူး။ ဆရာဝန်က ငါ့ကို အနားယူဖို့လိုတယ်တဲ့။ အချိန်မှန်မှန် သွေးသွင်းဖို့လည်း လိုသတဲ့။ ပါပါးကတော့ စင်ကာပူကို အမြန်ခေါ်သွားချင်ပြီ။ ဒါပေမဲ့ အားမာန်နဲ့ နင်သီချင်းဆိုတာ ငါကြည့်သွားချင်သေးတယ်။ ဒါကြောင့် သီချင်းရေးဆရာတစ်ယောက်ကို ငါကြိုက်တဲ့ သီချင်းတစ်ပုဒ်ရဲ့ သံစဉ်လေးပေးပြီး ငါလိုချင်တဲ့ စာသားအဓိပ္ပာယ်မျိုးနဲ့ နင့်အတွက် သီချင်းတစ်ပုဒ် စပ်ခိုင်းထားတယ်။

အဲ့ဒီသီချင်းလေး နားထောင်ပြီးမှ ငါ စင်ကာပူပြန်မယ်လို့ ပါပါးကို ပြောထားတယ်။ ပြီးတော့ ငါဖြစ်ချင်တာတွေ အားလုံးကို လုပ်ပေးခဲ့ပြီးမှ ငါပြန်မှာပါ။ နင့်အတွက် ငါ စိတ်ချချင်တယ် မိုးရယ်။ **AIDS ရောဂါ**

ရလို့ နင်စိတ်ခတ်ကျပြီး စိတ်ဆင်းရဲမှာစိုးတယ်။ တကယ်တော့ ဒီရောဂါဟာ ကမ္ဘာ့ကပ်ဆိုးပါပဲ။ အဲ့ဒီ ကမ္ဘာ့ကပ်ဆိုးရောဂါကြီးကို ဒီကမ္ဘာမြေပေါ်က ပျောက်ကွယ်သွားအောင် ကြိုးစားဖို့ လူသားတိုင်းမှာ တာဝန်ရှိတယ်ဆိုတဲ့အသိကို လူတိုင်းမှာ ရှိ သင့်တယ်။ လူတိုင်းမှာ အဲ့ဒီအသိမျိုးရှိမှ လူသားမျိုးဆက်ကို ပျက်သုဉ်းစေမယ့် အဲ့ဒီကမ္ဘာ့ကပ်ဆိုးရောဂါကြီး ဒီကမ္ဘာမြေပေါ်က ပျောက်ကွယ်သွားမှာပါ။

◆ ◆ ◆



## အခန်း (၂၅)

''အခုပြောတဲ့ ကိစ္စတွေဟာ ဘယ်သူ့အစီအစဉ်တွေလဲလို့ သိခွင့်မရဘူးလား အန်ကယ်ဦးစောနိုင်''

''ရပါတယ်။ မစ္စတာတန်က မမေမိုးခင်ရဲ့အနုပညာအရည်အသွေးကို သဘောကျခဲ့ပါတယ်။ မြန်မာပြည်ကို တင်သွင်းမယ့်သူ့ရဲ့ ကုန်ပစ္စည်းတွေကို မမေမိုးခင်နဲ့ ကြော်ငြာမယ်ဆိုရင် အောင်မြင်မယ်လို့ သူယုံကြည်ပါတယ်။ ပြီးတော့ မမေမိုးခင်ဟာ ကုမ္ပဏီတစ်ခုရဲ့ စက္ကထရီအလုပ်မျိုးလုပ်ခဲ့ဖူးတော့ ကြော်ငြာတာဝန်ခံ၊ ကိုယ်စားလှယ်အဖြစ် မလုပ်နိုင်စရာ မရှိဘူးလို့ သူထင်ပါတယ်။ ပြီးတော့ မြရိပ်မွန်စားသောက်ဆိုင်မှာ ဖျော်ဖြေရေးတာဝန်ခံ မန်နေဂျာသဘောမျိုးလုပ်ပြီး ဝါသနာပါတဲ့သီချင်းတွေကို ဆိုစေချင်ပါသတဲ့''

''သူကော အခု ဘယ်မှာလဲ။ ဘာပြုလို့ သူကျွန်မကိုလာတွေ့ပြီး ကျွန်မသဘောထားကို ကိုယ်တိုင်မမေးတာလဲ။ သူကောင်းတယ်ထင်လို့ စီစဉ်လိုက်ရင် ကျွန်မက အလွယ်တကူ လက်ခံမယ်လို့ သူက ဘာဖြစ်လို့ သေချာပေါက်တွက်ထားရတာလဲ''

**"အန်ကယ် ဦးစောနိုင်တို့ကို အားနာပါတယ်။ နိုင်ငံခြားသားတစ်ယောက်က စေတနာဗလပွနဲ့ လုပ်ပေးတဲ့ အစီအစဉ်မျိုးကို ကျွန်မက ဝမ်းသာအားရနဲ့ လက်ခံလိမ့်မယ်လို့ မျှော်လင့်မထားစေချင်ပါဘူး။ ကိုယ့်အားကိုယ့်မာန်နဲ့ပဲ ကျွန်မဘဝကို ရှင်သန်ချင်ပါတယ်။ အခွင့်အရေးရတိုင်း အလွယ်တကူယူတတ်တဲ့ လူစားမျိုးထဲမှာ ကျွန်မ မပါဘူးဆိုတာ ရှင်တို့ရဲ့ မစ္စတာတန်ကို ကျေးဇူးပြုပြီး ပြောပြပေးစေချင်ပါတယ်"**

''သူ ... အခု ပုဂ္ဂလိက ဆေးရုံတစ်ခုပေါ်မှာ ထပ်ပြီး ဆေးကုသမှုခံယူနေပါတယ်။ သူ့ရဲ့ စေတနာနဲ့ စီစဉ်ဆောင်ရွက်ချက်တွေကို မမေမိုးခင်ကသာ ငြင်းလိုက်မယ်ဆိုရင် သူအတော်စိတ်မကောင်းဖြစ်သွားမှာပဲ။ ပြီးတော့ ... သူနေကောင်းရင် မမေမိုးခင်ကို လာတွေ့ပြီး သူအစီအစဉ်တွေ ရှင်းပြမှာပဲ။ မမေမိုးခင် လက်ခံတဲ့အထိ သူ Request လုပ်လိမ့်မယ်လို့ ထင်ပါတယ်''

''သူ ... ဆေးကုနေရပြန်ပြီ ဟုတ်လား''

''ဟုတ်တယ်။ မမေမိုးခင်။ သူနေမကောင်းဘူး။ နေမကောင်းတဲ့ကြားထဲက သူ့ဘာသာ အစီအစဉ်ချပြီး ဆောင်ရွက်ခိုင်းလို့ အန်ကယ်တို့က မဖြစ်မနေ လိုက်လုပ်ပေးကြရတာပါ။ ပြီးတော့ သူ့စေတနာဟာ မမေမိုးခင်အပေါ်မှာ မွန်မြတ်သန့်စင်ပါတယ်။ ဘာပြုလို့လည်းဆိုတော့ ဒီအစီအစဉ်တွေပြီးတာနဲ့ သူ စင်ကာပူပြန်တော့မှာပါ။ နောက်တစ်ခေါက် ပြန်လာဖို့ဆိုတာလည်း သူ့အတွက် မလွယ်ပါဘူး။ မမေမိုးခင်ဆီကလည်း သူ ဘာတစ်ခုမှ တောင်းဆိုမသွားပါဘူး။ ဘာ အခွင့်အရေးမှလည်း မယူဘူးဆိုတာ သေချာပါတယ်။ တစ်ခုပဲရှိတယ်။ **သူ့စေတနာကို ယုံကြည်လို့ သူ့အစီအစဉ်ကို လက်ခံတယ်ဆိုရင် အခုလာမယ့် သောကြာနေ့မှာ တော်ဝင်သခင်မှာ မမေမိုးခင်သီချင်းဆိုတာကို နားထောင်ချင်ပါသတဲ့။ အခု သူပေးလိုက်တဲ့ သီချင်းကို ဆိုပြပေးပါတဲ့"**



''သူက သီချင်းစပ်ပေးလိုက်တယ် ဟုတ်လား အန်ကယ် ဦးစောနိုင်''

''ဟုတ်ပါတယ်။ သံစဉ်က သူရှာပေးလိုက်တဲ့ သီချင်းသံစဉ်ပါ။ စာသားအဓိပ္ပာယ်ကိုလည်း သူပဲပေးပြီး သီချင်းရေးဆရာတစ်ယောက်ကို စပ်ခိုင်းထားတဲ့ သီချင်းပါ။ သီချင်းနာမည်က **"သီချင်းဆိုရင်း အသက်ရှင်မယ်"** ဆိုတဲ့ သီချင်းပါပဲ။ သူဟာ မမေမိုးခင်အတွက် စေတနာသန့်သန့်နဲ့ လုပ်ပေးနေတာကို အန်ကယ်အသေအချာသိနေတဲ့အတွက် မမေမိုးခင်အနေနဲ့ ပစ်ပစ်ခါခါ မငြင်းပယ်လိုက်ပါနဲ့လို့ အန်ကယ် Request လုပ်ချင်ပါတယ်''

(သီချင်းနာမည်က ''သီချင်းဆိုရင်း အသက်ရှင်

မယ်'' ဆိုပါလား။ ပြီးတော့ Note တွေလည်း အပြည့်အစုံထည့်ထားပေးတယ်)

''သူ့စေတနာနဲ့ ရည်ရွယ်ချက်ကို ကျွန်မသိပြီ။ ဒါ့ကြောင့် ကျွန်မ သူနဲ့တွေ့ချင်တယ်။ အန်ကယ် သူရှိတဲ့နေရာကို ကျွန်မသွားတွေ့ပါရစေ''

''သူက နေမကောင်းသေးလို့ ပုဂ္ဂလိကဆေးရုံတစ်ခုမှာ ဆေးကုသခံရင်း အနားယူနေပါတယ်။ သောကြာနေ့ကိုလာနိုင်ဖို့ သူအားမွေးနေတယ်နဲ့ တူတယ်။ ပြီးတော့ နောက်အပတ်ထဲမှာ သူ စင်ကာပူပြန်တော့မယ်လေ။ သူ ဘယ်သူနဲ့မှ မတွေ့ချင်ဘူးတဲ့။ သူ့ဘာသာ အနားယူချင်တယ်တဲ့''

**''သူနဲ့ မတွေ့လို့ မဖြစ်ဘူးအန်ကယ် ဦးစောနိုင်။ သူနဲ့ မတွေ့ဘဲ သူဆိုနိုင်းတဲ့သီချင်းကို ဘယ်လိုခံစားမှုမျိုးနဲ့ ကျွန်မဆိုရမှာလဲ၊ ပြီးတော့ ဒီလိုမျိုးအစီအစဉ်တွေ သူဘာလို့ လုပ်ပေးရတာလဲဆိုတာ ကျွန်မမသိဘဲ ဘယ်လို လက်ခံရမှာလဲ။ ကျွန်မ သူနဲ့တွေ့မှဖြစ်မယ်''**

''အေးလေ ... ဒါလည်း ဟုတ်တာပါပဲ။ ဒီလိုဆို အန်ကယ်ပဲ မစ္စတာတန်ဆီ ခေါ်သွားပေးပါ့မယ်''

''ကျေးဇူးတင်ပါတယ် အန်ကယ်''

◆ ◆ ◆



## အခန်း (၂၆)

''မစ္စတာတန် ... သက်သာရဲ့လား ဟင်''

''ကျွန်တော့်ရောဂါက အေးအေးဆေးဆေး အနားယူပြီးရင် သက်သာသွားတာပါပဲ။ ဒါနဲ့ ... မမေမိုးခင် ကျွန်တော့်ကို ဘာလို့ လာတွေ့တာလဲ''

''မစ္စတာတန်ရဲ့ အစီအစဉ်တွေနဲ့ ပတ်သက်ပြီး ပြောစရာရှိလို့ပါ။ ဘာဖြစ်လို့ ဒီအစီအစဉ်တွေကို ကျွန်မအတွက် လုပ်ပေးခဲ့ရတာလဲ''

"ဒီအစီအစဉ်တွေကို ကျွန်တော်အကြောင်းမဲ့ လုပ်ခဲ့တာ မဟုတ်ပါဘူး။ ရည်ရွယ်ချက် (၂)မျိုးပါပါတယ်။ တစ်မျိုးက ကျွန်တော့်ကုမ္ပဏီရဲ့အကျိုးအတွက်ပါ။ ကျွန်တော် မေမိုးခင်ကို ယုံကြည်တယ်။ ပြီးတော့ မေမိုးခင်ရဲ့ အနုပညာစွမ်းရည်ကိုလည်း ယုံကြည်တယ်။ ကျွန်တော်တို့ရဲ့ ကုမ္ပဏီက ပစ္စည်းသစ်တွေကို မမေမိုးခင်နဲ့ ကြော်ငြာရင် အောင်မြင်မယ်လို့ ကျွန်တော် တထစ်ချ ယုံကြည်မျှော်လင့်ထားတယ်။ နောက်တစ်ချက်က ဘဝတူ လူချင်းမို့ ကျွန်တော် ကူညီချင်တယ်"

"ဘဝတူ လူချင်းလို့ မစ္စတာတန် ဘာကိုဆိုလိုပြီး ပြောတာလဲ"

"ကျွန်တော်လည်း နှစ်ပိုင်းလပိုင်းလောက်သာ ခံတော့မယ့်ရောဂါရနေသူ တစ်ယောက်ပါပဲ။ ကျွန်တော်ဟာ သေမိန့်ချခံထားရတဲ့ လူတစ်ယောက်နဲ့ အတူတူပါပဲ"

"ရှင် ... သွေးကင်ဆာရောဂါဖြစ်နေတာတော့ မဟုတ်ပါဘူးနော်"

"မမေမိုးခင်ကလည်း ... ကိုယ့်စိတ်ထဲ ထင်တာတွေ တွေးနေတာကိုး။ ထားပါတော့လေ။ အဲ့ဒီလို ရောဂါကြောင့် သေရတော့မယ်သိတော့ ကျွန်တော်တုန်လှုပ်သွားမိတယ်။ **ကျွန်တော့်ပါပါးက သေခြင်းတရားကို**



**ရင်ဆိုင်နည်းတွေ သင်ပေးခဲ့တယ်။ သေခြင်းတရားပေါ်မှာ ထားရမယ့်သဘောထား။ ရှင်သန်နေရမယ့် အချိန်မှာ လုပ်ရမယ့်အလုပ်။ နောက်ဆုံးအချိန်မှာ ထားရှိရမယ့် သဘောထားတွေကို ပါပါးကြောင့် ကျွန်တော် သိခွင့်ရခဲ့တယ်။ ကျွန်တော့်မှာ အဖေကောင်းရှိတဲ့အတွက် ကျွန်တော့်ဘဝကို တည်ငြိမ်စွာ ရင်ဆိုင်နိုင်ခဲ့တယ်။ ကျွန်တော် လုပ်စရာရှိတဲ့ အလုပ်တွေလုပ်တယ်။ တရားဓမ္မကို လေ့ကျင့်တယ်။ အများကောင်းကျိုးတွေ လိုက်ဆောင်ရွက်တယ်။ လူသားတွေအတွက် အကျိုးရှိမယ့် ကိစ္စတွေကိုလုပ်တယ်။ အလှူဒါနပြုရမယ့်နေရာတွေသွားပြီး လူအားငွေအားနဲ့ အလှူဒါနပြုတယ်။ ဒါ သေတော့မယ်လို့ သေချာသိနေတဲ့ လူတစ်ယောက်ရဲ့အလုပ်ပဲ။ ဒီလူဟာ သေတော့မယ်ဆိုပြီး စိတ်ပျက်ငိုညည်းနေရမှာ မဟုတ်ဘူး။ လုပ်စရာရှိတဲ့ အလုပ်တွေ လုပ်ပြီး အစွဲအလန်း သံယောဇဉ်တွေကို ဖြတ်ရမယ်။ ပြီးတော့ တရားဓမ္မကို နှလုံးသွင်းလေ့ကျင့်ပြီး သေမင်းကို ရဲရင့်တည်ကြည်စွာ ရင်ဆိုင်ရမယ်။**

"မစ္စတာတန် ... ရှင်ဟာ မြန်မာလူမျိုးတစ်ယောက်ရဲ့ အတွေးအခေါ်တွေကို ဘာပြုလို့ ရနေတာလဲ။ ပြီးတော့ ကျွန်မအတွက် အစီအစဉ်တွေ ဘာကြောင့် လုပ်ပေးခဲ့ရသလဲ"

''ကျွန်တော်ဟာ စင်ကာပူ နိုင်ငံသားတစ်ယောက်ဖြစ်ခဲ့ပေမယ့် ဗုဒ္ဓဘာသာဝင် စစ်စစ်တစ်ယောက်ပါပဲ။ ကျွန်တော်တို့ ဘုရားကျောင်းမှာလည်း သေခြင်းတရားနဲ့ပတ်သက်တဲ့ အကြောင်းတွေ လူ့ဘဝမှာ ကောင်းမွန်စွာနေထိုင်နည်း၊ ကောင်းမွန်စွာ သေနည်းတွေကို ညွှန်ပြတဲ့စာအုပ်စာတမ်းတွေကို ဓမ္မဒါန ဝေငှကြပါတယ်။ အထူးသဖြင့်တော့ ကျွန်တော့်ပါပါးက လေ့ကျင့်သင်ကြားပေးခဲ့တဲ့အတွက် ဒီအတွေးတွေရနေခဲ့တာပါပဲ။ ပြီးတော့ မမေမိုးခင်အတွက် အစီအစဉ်တွေလုပ်ပေးခဲ့ရတဲ့ နောက်ရည်ရွယ်ချက်တစ်ခုကတော့ မမေမိုးခင်ဟာ လောလောဆယ်ဆယ် ကုသစရာဆေးမရှိတဲ့ ရောဂါတစ်ခုစွဲကပ်နေပြီဆိုတဲ့ သိလိုက်ရတဲ့ လူတစ်ယောက်ဖြစ်နေလေတော့ ကျွန်တော့်လို စိတ်ဆင်းရဲစွာ ခံစားရမှာပဲဆိုတာ ကိုယ်ချင်းစာမိတယ်။ ဘာအလုပ်မှ မလုပ်ချင်တော့ဘဲ စိတ်ပျက်လက်ပျက်နဲ့ အသက်ရှင်သွားမှာ ကျွန်တော်စိုးရိမ်တယ်။ ဒါကြောင့် မမေမိုးခင်အတွက် အလုပ်တွေအများကြီးပေးခဲ့ချင်တယ်။ အဲ့ဒီအလုပ်တွေလုပ်ရင်း ရောဂါဝေဒနာကို မေ့စေချင်တယ်။ **ပြီးတော့ ကျွန်တော်တို့တွေဟာ မသိခြင်းနဲ့ အသက်ရှင်နေရတာပါ။ ဘယ်နေရာမှာ၊ ဘယ်ရောဂါနဲ့ ဘယ်လိုသေရမယ်ဆိုတာ မသိပါဘူး။ ဒီရောဂါရပေမယ့်လည်း ဒီရောဂါနဲ့ သေချင်မှ သေရမှာပါ။ အဲ့ဒီ မသေခင် ရှင်သန်နေခွင့်ရတဲ့**



**အချိန်မှာ အဓိပ္ပာယ်ရှိတဲ့အလုပ်တွေ အများကြီးလုပ်သွားစေချင်တယ်။ မေမိုးခင်က သီချင်းဆိုတတ်တယ်။ အဲ့ဒီတော့ မသေခင်မှာ လူတွေစိတ်ချမ်းသာဖို့ အပန်းဖြေကြည်နူးနိုင်စေဖို့ သီချင်းဆိုရင်း အသက်ရှင်သွားစေချင်တယ်။** လူအများစုကြီးကို ကိုယ့်မှာရှိတဲ့ စေတနာအင်အားနဲ့ အကျိုးပြုသွားနိုင်ဖို့အတွက် အနုပညာစင်မြင့်ပေါ်ကိုရောက်ဖို့ လိုတယ်လေ။ မမေမိုးခင်ကို အနုပညာစင်မြင့်ပေါ်ကနေ အားငယ်စိတ်ပျက်နေတဲ့သူတွေ ရွှင်လန်းတက်ကြွပျော်ရွှင်စွာ အပန်းဖြေကြဖို့ ကျွန်တော်စီစဉ် ပေးလိုက်တာပါ။ တစ်နည်းအားဖြင့်ပြောရရင်တော့ မမေမိုးခင်ကို ကူညီထိုက်လို့ ကူညီလိုက်သလို လူတွေကို အကျိုးပြုတဲ့ အလုပ်တစ်ခုကိုလည်း ကျွန်တော်လုပ်ခဲ့လိုက်ခြင်းပါပဲ''

''ရှင့်စေတနာနဲ့ ရည်ရွယ်ချက်ကို သိရလို့ ကျွန်မရှင့်ကို ချီးကျူးလေးစားပါတယ်။ ပြီးတော့ ကျွန်မအတွက် ကူညီစီစဉ်ပေးတာတွေအတွက်လည်း သိပ်ကျေးဇူးတင်ပါတယ်။ ရှင်ပြောသလိုပေါ့ ... ခုအချိန်မှာ ကုသလို့မရနိုင်သေးတဲ့ ရောဂါတစ်ခုကို မတော်တဆရလိုက်တယ်ဆိုတာ သိလိုက်ရတော့ ကျွန်မအရမ်းစိတ်ထိခိုက်ခဲ့ရတယ်။ ပြီးတော့ ကျွန်မ သူငယ်ချင်း မိုးသက်ခိုင်ကို သွားရှာမယ်။ သူရဲ့ နောက်ဆုံးအချိန်မှာ သူကို နှစ်သိမ့်တဲ့အပြုံးနဲ့ အားပေးမယ်။ နောင်ဘဝတစ်ခုမှာ

အခုထက်ပိုပြီး စိတ်ချမ်းသာကောင်းမွန်စေတဲ့ ဘဝတစ်ခုကိုရောက်ဖို့ သူ့အနားမှာ တိတ်တိတ်လေး ဆုတောင်းပေးချင်တဲ့ ကျွန်မရဲ့ ရည်ရွယ်ချက်တွေ ပျက်စီးသွားရတဲ့အတွက် ကျွန်မ ရူးသွပ်သွားမတတ် ခံစားခဲ့ရပါတယ်။ ကျွန်မရဲ့ မွေးစားအမေရဲ့ နှစ်သိမ့်အားပေးမှု၊ ရှင့်ရဲ့ ကူညီဖေးမမှုတွေသာ မရခဲ့ရင် ကျွန်မလူ့ပြည်မှာတောင် နေချင်စိတ်မရှိတော့ပါဘူး။ အခု ရှင်ပေးလိုက်တဲ့ "သီချင်းဆိုရင်း အသက်ရှင်မယ်" ဆိုတဲ့ သီချင်းစာသားလေးတွေ ဖတ်ကြည့်တော့ ကျွန်မမှာ တကယ်ပဲ စိတ်အားတက်ကြွပြီး အားမာန်တွေဖြစ်စေလာခဲ့တယ်။ ရှင့်ရဲ့ စေတနာနဲ့ ရည်ရွယ်ချက်ကို အသေအချာသိလိုက်ရတော့ အဲ့ဒီသီချင်းလေးကို ရှင့်ကို ဆိုပြချင်ပါတယ်။ ကီးဘုတ်သမားနဲ့တိုင်ပင်ပြီး ရှင်နားထောင်ချင်တာမျိုးဖြစ်အောင် ကျွန်မဆိုပြနိုင်အောင် ကြိုးစားပါ့မယ်"

**"ကျေးဇူးတင်ပါတယ် မမေမိုးခင်။ တကယ်တော့ ကျွန်တော်တို့တစ်တွေဟာ ဘဝခရီးသွားတွေပါပဲ။ ကိုယ်သွားနေတဲ့ ခရီးကို ကိုယ်သိနေပြီ ။ ကိုယ့်ခရီးပန်းတိုင်နားကို ရောက်နေပြီဆိုတာသိနေမှတော့ ဘဝတူလူချင်း အားပေးစကားတွေ ပြောကြားသွားရမှာပဲမဟုတ်လား။ ဘဝဆိုတာ စိတ်ပျက်အားငယ်ပြီးနေရမယ့် နေရာမဟုတ်ပါဘူး။ အများအကျိုးကို သယ်ပိုး**



**ပြီး ပျော်ရွှင်စွာနေထိုင်သွားရမယ့် တန်ဖိုးရှိတဲ့နေရာဆိုတာ မမေမိုးခင်ကို အသေအချာသိသွားစေချင်တာပါပဲ။ ဘဝတစ်ခုဖြစ်လာတာဟာ ဒုက္ခတွေ ခံစားဖို့ သက်သက်အဓိပ္ပာယ်မဲ့ မဟုတ်ပါဘူး။ ကိုယ့်ဘဝကိုယ် ကျေနပ်ပျော်ရွှင်စွာ နေထိုင်သွားရင်း လူပီပီသသနေထိုင်သွားဖို့ပါပဲ။ ကောင်းကောင်းမွန်မွန် ကြံစည်တွေးတောပြုမူပြောဆိုနေထိုင်သွားတဲ့ လူတစ်ယောက်အတွက် နောင်ဘဝဆိုတာ တွေးကြောက်စရာ မဟုတ်ပါဘူး။**

"မစ္စတာတန် ... ရှင်ဟာ အရွယ်ငယ်ပေမယ့် သိပ်ကို တည်ငြိမ်နေပြီနော်။ ရှင့်လို လူမျိုးကို ကျွန်မ နောက်ကျစွာ တွေ့ကြုံလိုက်ရပေမယ့်လည်း ကျွန်မအတွက် သိပ်ကို အကျိုးရှိစေခဲ့ရပါတယ်။ ရှင့်ဆီက စိတ်ဓာတ်တွေ၊ အတွေးတွေ၊ အားမာန်တွေကို ကျွန်မ အတုယူပြီး ကျွန်မရဲ့ဘဝလမ်းကို စိတ်ပျက်ဝမ်းနည်းမနေဘဲ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ဖို့ ကျွန်မကြိုးစားမယ်။ ရှင်ဖြစ်စေချင်တာတွေ ဖြစ်အောင်လည်း ကျွန်မအစွမ်းကုန် ကြိုးစားပါ့မယ်။ ဒီအတွက် ရှင့်ကို ကျွန်မကျေးဇူးအများကြီးတင်ပါတယ်။ သောကြာနေ့မှာ ရှင့်အတွက် အကောင်းဆုံး သီချင်းတစ်ပုဒ်ကို ကျွန်မဆိုပြနိုင်ပါလိမ့်မယ်။ ရှင် ကျန်းမာစွာ လာနားထောင်ပါစေလို့ ကျွန်မ ဆုတောင်းပေးပါတယ်။ ကျွန်မသူငယ်ချင်း မိုးသက်ခိုင်ရဲ့

ကျန်းမာရေးအတွက် ဆုတောင်းပေးသလို ရှင့်အတွက်လည်း ရွှေတိဂုံဘုရားသွားပြီး ဆုတောင်းပေးမယ်နော်''

**"ကျေးဇူးတင်ပါတယ် မမေမိုးခင်။ ဘ၀ ခရီးသွား အချင်းချင်း တစ်ယောက်ပေါ် တစ်ယောက် မေတ္တာစေတနာထားပြီး နားလည်ပေးတဲ့အတွက် ကျေးဇူးအများ ကြီးတင်ပါတယ်။**

◆ ◆ ◆



## အခန်း ၂၈

''ယခု သီဆိုဖျော်ဖြေဖို့ အလှည့်ကျသူကတော့ မေမိုးခင်ဖြစ်ပါတယ်။ ခံစားနားဆင်ကြပါရှင်''

''ချစ်ခင်လေးစားရသော တေးပရိသတ်များရှင့်၊ ဒီ သီချင်းကို ကျွန်မချစ်ခင်လေးစားရတဲ့ သူကို ရည်ညွှန်းပြီး သီဆိုဖျော်ဖြေမယ့် သီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ အဲ့ဒီ သီချင်းကို သူကိုယ်တိုင်ပဲ ရေးစပ်သီကုံးပြီး ပေးခဲ့ပါ

တယ်။ သံစဉ်နဲ့ စာသားကိုတော့ တေးရေးဆရာကိုသက်ခိုင်က ပြင်ဆင်ပေးခဲ့ပါတယ်။ ကျွန်မဟာ ဒီသီချင်းကိုရတဲ့အချိန်မှာ ကျန်းမာရေးအခြေအနေကြောင့် စိတ်ဓာတ်ကျပြီး စိတ်ပျက်အားငယ်နေတဲ့ အချိန်ဖြစ်ပါတယ်။ ဒီသီချင်းကို လေ့ကျင့်သီဆိုရင်း ကျွန်မရဲ့ ပျောက်ဆုံးနေခဲ့တဲ့ ဘဝအားမာန်တွေကို ပြန်လည်ရရှိစေခဲ့ပါတယ်။ အဲ့ဒီသီချင်းကို သီဆိုမိတဲ့အခါတိုင်း စိတ်တွေဟာ တက်ကြွပြီး ပျော်ရွှင်ကြည်နူးသလို ဖြစ်လာရပါတယ်။ ဒါ့ကြောင့် ကျွန်မလိုပဲ စိတ်ဓာတ်ကျအားငယ်စရာအခြေအနေမျိုး ရှိနေကြသူတွေအတွက် ဒီသီချင်းကို ကျွန်မ အသက်ရှင်သရွေ့ သီဆိုသွားမှာ ဖြစ်ပါတယ်။

သီချင်းလေးနာမည်က **"သီချင်းဆိုရင်း အသက်ရှင်မယ်"** ဖြစ်ပါတယ်။ ခံစားနားဆင်ကြည့်ပါရှင်။

**"ဘဝဟူသည် ... နေခြည်ထိုး၍ ... ညှိုးရသည့် ပန်းပမာ နွမ်းလျစွာမြေခ ... ကြွေကျဖို့ မဟုတ်ပါ။**

**ဘဝဆိုတာ ... ကြိုးစားရုန်းကန် ... အောင်ပွဲခံဖို့ပင် အောင်မြင်သူတွေကို စံထား ... မညည်းတွားနဲ့လေ ... ထာဝစဉ်ကြိုးစား ... နိုးကြားနေစေချင် ...**



**ဖြတ်သန်းသွားရမယ့် ... ဘဝခရီးလမ်းဆိုတာ ... ခရောင်းလမ်းလို ကြမ်းချင် ကြမ်းပါစေ။ ဆူးခင်းလမ်းလို ကြမ်းချင်ကြမ်းပါစေ။ အလွမ်းသီချင်းဆိုပြီး ... ငိုညည်းမသွားချင်ပေ။**

**သေမြေကြီး ... ရှင်ရွှေထီး စိတ်ဓာတ်နဲ့ ... မရပ်မနား ကြိုးစား .... ခရီးသွားရမဲ့ တို့တစ်တွေ။**

**သေခြင်းကို မမှု ... ရှင်ခြင်းကို ဂရုပြု ... သူ့အကျိုးကိုဆောင် ... လူ့ဘောင်ငြိမ်းချမ်းအောင် ... စွမ်းဆောင်နိုင်သူမျိုး ... လူ့တန်ဖိုးရှိပါစေ။**

**ရင်ထဲက အသိတရားတွေ ... နားဆင်သူတွေ နှလုံးသားမှာ ခံစားစွဲငြိသွားပါစေ .. အသိတရားတွေ ပေးမျှဝေရင်း သေသည့်အထိ ... သီချင်းဆိုသွားချင်တယ်လေ။**

**ဘဝတာတိုတိုလေးမှာ ... မေတ္တာချိုချိုလေးတွေ လိုချင်သူတွေ ပေးဝေငှ ... အေးမြတဲ့အရသာ... မေတ္တာဆိုတာ ဒါပဲလေ ... နားဆင်သူတိုင်း ရကြပါစေ။**

**ဘဝနေမဝင်ခင်မှာ ... အားတက်စရာ သံစဉ်တေးတွေကို ... ခံစားနားဆင်သူတွေ ထာဝစဉ် ပျော်ရွှင်ချမ်းမြေ့စေကြောင်း ... ဆုမွန်ကောင်းတွေ ပန်ချွေ တောင်းရင်း (သီချင်းဆိုရင်း အသက်ရှင်မယ်)[2]။**

◆ ◆ ◆



## အခန်း ၂၈

မိုးရယ် ... "**သီချင်းဆိုရင်း အသက်ရှင်မယ်**"ဆိုတဲ့ နင့်သီချင်းကို ခံစားနားဆင်ရင်း ရင်ထဲမှာနာကျင်နေမိတယ်။ ဒါပေမဲ့ ရင်ထဲက အားမာန်နဲ့ နင့်ဆိုနေတာမြင်ရပြန်တော့လည်း နင့်အတွက် ငါစိတ်ချအားရသွားမိတယ်။ ဘဝကို စိတ်မပျက်ဘဲ သီချင်းဆိုပြီး အသက်ရှင်နေမယ်ဆိုတဲ့ နင့်ရဲ့ ဘဝအားမာန်နဲ့ ဖွဲ့သတ္တိကို ငါချီးကျူးလေးစားပါတယ်။

**ကုသလို့ မရနိုင်သေးတဲ့ နင့်ရောဂါအတွက် ငါ စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ကံကြမ္မာဆိုတာ မခံသာအောင် မညှာမတာ လုပ်တတ်မှန်း ငါသိခဲ့ပြီဖြစ်လို့ မသေခင်မှာ လုပ်သင့် လုပ်ထိုက်တာတွေ လုပ်သွားနိုင်အောင် အားတင်းထားပါ။ တောင့်ခံထားပါလို့ အားပေးစကားတော့ ငါပြောခဲ့နိုင်ပါသေးတယ်။**

နင်နဲ့ငါဟာ တမလွန်ဘဝကို ဘယ်သူ အရင်ရောက်မလဲ မသိကြဘူးနော်။ နှစ်ဦးစလုံး ခရီးအတူထွက်နေကြပေမယ့် ကြမ္မာရထားက တို့နှစ်ယောက်ကို အတူတူ သယ်ဆောင်မသွားလေတော့ ရောက်ရှိချိန် မတူနိုင်ကြတော့ဘူးပေါ့။

တကယ်လို့များ ငါ ... က အရင်ရောက်သွားခဲ့ရင် လူတွေကို စိတ်ရွှင်လန်း အားတက်လာအောင် သီချင်းတွေဆိုပြီး ရဲရဲရင့်ရင့်ရောက်လာမယ့် နင့်ကို ဝမ်းသာအားရ လက်ကမ်းကြိုဆိုနေပါ့မယ်။

နင့်အတွက် အလုပ်တွေအများကြီး လုပ်နိုင်ဖို့ ငါ အားလုံးစီစဉ်ခဲ့ပါတယ်။ ငါ့အစီအစဉ်တွေအားလုံးကို အကောင်အထည်ဖော်ပေးမယ်လို့ ပါပါးက ငါ့ကို ကတိပေးထားတယ်။ ငါ့အတွက် လုပ်ပေးမယ့် အလှူဒါနတစ်ခု အနေနဲ့ မပြစ်ဖြစ်အောင် သူ စီစဉ်ပေးမယ်လို့ ပြောတဲ့ အတွက် နင့်အတွက် ငါ စိတ်ချလက်ချ ထားသွားလို့ရပါပြီ။

စီးပွားရေးနဲ့ အနုပညာကို ပေါင်းစပ်ပြီး လုပ်တတ်အောင် ငါ့ပါ ပါးက သူ့လူတွေနဲ့ နင့်ကို အကူအညီပေးသွားမှာပါ။ အထူးသဖြင့် အနုပညာစင်မြင့်ပေါ်ကနေ လူတွေကို အားတက်ရွှင်လန်း ပျော်ရွှင်ချမ်းမြေ့အောင် သီချင်းဆိုစေချင်တဲ့ ငါရဲ့ဆန္ဒကို ပါပါးအသေအချာသိပါတယ်။

**မိုး ... ရေ ... ကောင်းကင်မှာ ပျံသန်းသွားမယ့် လေယာဉ်ပျံနဲ့ ရေထဲမှာ စီးမျောသွားမယ့် လှေကလေးတစ်စင်းဟာ ဘယ်လိုများ ပေါင်းဆုံနိုင်မှာတဲ့လဲကွယ်။**



မိုးနဲ့မြေပမာ ကွာခြားလှတဲ့ တို့ရဲ့ကံကြမ္မာကို သာ အပြစ်ဆိုစရာရှိပါတော့တယ်။ ဒါပေမဲ့လည်း အတိတ်ဘဝက တို့ပြုခဲ့တဲ့ကုသိုလ် အကုသိုလ်ကံတွေကြောင့်သာ တို့တစ်တွေဆုံဆည်းတွေ့ကြုံပြီး ကံကုန်တော့လည်း ခွဲခွာခဲ့ကြရတာလို့ပဲ ငါ ယုံမှတ်သွားပါတော့မယ်။

လူ့လောကကြီးက ငါ ထွက်ခွာမသွားခင်မှာ ချစ်ခင်ရင်းနှီးတဲ့သူတွေတရားသံဝေဂရစေဖို့အတွက်ကဗျာတစ်ပုဒ်ရေးစပ်ထားခဲ့ပါတယ်။ အဲ့ဒီကဗျာလေးကို နင့်ကို ကြိုတင်လက်ဆောင်ပေးခဲ့ပါရစေ။ ငါက အင်္ဂလိပ်လိုပိုပြီး အရေးသန်လို့ အင်္ဂလိပ်လိုပဲ ရေးပေးခဲ့ပါတယ်။ ဒါပေမဲ့ နင့်အတွက် ငါတတ်သလောက် မှတ်သလောက် ဘာသာပြန်ပေးခဲ့ပါတယ်။

## The Visitor

**Because the time is up now**
**I must return home.**
**But I have no feeling of sadness.**

**I have no one to say goodbye**
**In a melancholic way.**

**I suffer no pain**
**In my heart.**
**I have to return home peacefully**
**Without being known**
**By anyone.**

## ညှိသည်

- အချိန်တန်၍ ၊ အိမ်ပြန်ရလည်း
ဝမ်းမနည်းပေ။

- ကြေကွဲတုန်လှုပ် ၊ အပူရှပ်နှင့်
နှုတ်ဆက်စရာ ၊ ဗလာနတ္ထိ။

- တွယ်ငြိစရာ ၊ ဝေဒနာလည်း
ရင်မှာစိုးစိ ၊ မကျန်ရှိပေ။

- ဘာသိဘာသာ ၊ တိတ်ဆိတ်စွာပင်
ငါပြန်ရမည် ၊ ဝမ်းသာသည်။

လေယာဉ်ပျံလေးလို ချိုးပြီးပေးခဲ့မယ့် ငါ့ကဗျာလေးကိုဖတ်ပြီးရင် လူ့လောကကြီးထဲက ငါဘယ်လို ထွက်သွားချင်သလဲဆိုတာ နင် ခံစားနားလည်မှာပါ။

ငါသွားရမယ့်နေရာကို ငါတစ်ယောက်တည်း တိတ်တိတ်ဆိတ်ဆိတ် ပြန်သွားချင်တယ် မိုးရယ်။ စွဲလန်းငြိတွယ်စရာ ဝေဒနာလည်း ငါ မယူသွားချင်ဘူး။ ကြေကွဲတုန်လှုပ်စွာနဲ့ ဝမ်းနည်းပက်လက် ဘယ်သူ့ကိုမှလည်း ငါ နှုတ်မဆက်ချင်ဘူး။ အချိန်တန်လို့ အိမ်ပြန်ကြရတာပဲ။ ဘာများ ဝမ်းနည်းစရာရှိလို့လဲကွယ်။

ဒါ့ကြောင့် နင့်ကို နှုတ်မဆက်တော့ဘဲ ငါ ပြန်သွားတာ နင် နားလည်ခွင့်လွှတ်နိုင်မှာပါ။

◆ ◆ ◆



## အခန်း (၂၉)

"မိုးသက်ခိုင် ... မိုးသက်ခိုင်"

"ဟာ ... မမေမိုးခင်"

"ငါ့ကဗျာလေးထည့်ပြီး ဆွဲထားတဲ့ အဝါရောင်လမ်းကလေး ပန်းချီကားကို နင့်လူတစ်ယောက်က ဒီနေ့မနက်ပဲလာပေးတော့ မစွတာတန်ဆိုတာငါသိပ်တန်ဖိုးထားလေးစားတဲ့ မိုးသက်ခိုင်မှန်း အသေအချာသိသွားလို့ လေဆိပ်ကို အပြေးအလွှားလိုက်လာခဲ့တာပါ"

''ဒီအချိန်မှာ နင့်ကို မိုးသက်ခိုင်လားလို့ ငါ ဝန်ခံမခိုင်းတော့ပါဘူး။ နင်ဟာ မိုးသက်ခိုင်ပဲ ဖြစ်ဖြစ်၊ မစ္စတာတန်ပဲဖြစ်ဖြစ် ငါ့အတွက် အရေးမကြီးတော့ပါဘူး။ ငါနားလည် ခံစားနိုင်ပါပြီ။

**ငါမသေခင်မှာ ငါအမြတ်နိုးဆုံး တန်ဖိုးထား အလေးစားရဆုံး လူတစ်ယောက်ကို တွေ့ခွင့်ရသွားတဲ့အတွက် ငါ့ဘဝကို ငါ ကျေနပ်သွားပါပြီ။**

**မျှော်လင့်ချက်တွေ ဆုံးရှုံးပြီး စိတ်ပျက်အားငယ်နေတဲ့ မိန်းမတစ်ယောက်ဟာ နင့်ရဲ့ မေတ္တာတရားနဲ့ ကူညီစောင့်ရှောက်မှုတွေကြောင့် ဘဝရှင်သန်ပြီး အားမာန်အပြည့်နဲ့ သီချင်းဆိုရင်း အသက်ရှင်သွားမယ်ဆိုတာ နင့်ကို သိစေချင်ပါတယ်။**

**ဘဝရဲ့ တန်ဖိုး၊ဘဝရဲ့အဓိပ္ပာယ်တွေကိုသိပြီး ဘဝမှာ ဘယ်လိုနေထိုင် ရှင်သန်သွားရမယ်ဆိုတာ လမ်းညွှန်ပြသခဲ့တဲ့အတွက် နင့်ကို ငါသိပ်ကျေးဇူးတင်ပါတယ်။ ကျေးဇူးတရားကို ဘာနဲ့မှ သက်သေမပြနိုင်သေးပေမယ့် နင်ဖြစ်စေချင်တဲ့အတိုင်း ဘဝကို အားငယ်စိတ်ပျက်ခြင်းမရှိဘဲ သီချင်းဆိုရင်း အသက်ရှင်သွားမယ် ဆိုတာ နင့်ကို ငါ ကတိပေးလိုက်ပါတယ်။**



''ပန်းချီကားလေးနဲ့အတူ ပါလာတဲ့ နင့်ရဲ့ **"ညှို့သည်"**ဆိုတဲ့ ကဗျာလေးကြောင့် နင့်အသည်းထောင့်မှာ အနှောင့်အယှက်ဖြစ်စရာ စကားတစ်ခွန်းမှ ငါ မပြောပါဘူး။''

''နင့်အတွက် ငါကိုယ်တိုင်ရေးစပ်သီကုံးထားတဲ့ **"သူသိပါစေ"** ဆိုတဲ့ သီချင်းလေးတစ်ပုဒ်ကိုသာ စက္ကူလှေကလေးထဲမှာထည့်ပြီး ငါ့ရဲ့ အမှတ်တရလက်ဆောင်အဖြစ် ပေးလိုက်ပါရစေ။ ဒီသီချင်းလေးကို အသံသွင်းပြီးတဲ့အခါ နင့်ဆီကို ငါပို့ပေးပါ့မယ်။ နောက်တစ်ကြိမ် နင်ပြန်လာနားထောင်နိုင်မယ်ဆိုရင် ငါဆိုပြခွင့်ရပါစေလို့ ဆုတောင်းပါတယ်။''

**နောက်ဆုံးအနေနဲ့ ငါပြောချင်တာကတော့ ... တို့တွေဟာ ဖွင့်ပြောစရာမလိုအောင် တစ်ယောက်ကို တစ်ယောက် သိပ်နားလည်နေကြတဲ့ အရင်းဆုံးသူငယ်ချင်းတွေဖြစ်နေကြတဲ့အတွက် နင့်အကြိုက်ဆုံးသီချင်းရဲ့ စာသားလေးကိုပဲ ငါ ရွတ်ပြခဲ့ပါရစေ။**

**Wherever you go. Whatever you do. I will be right here waiting for you.** ဆိုတာပါပဲ။

**Have a nice trip** မစ္စတာတန်။''

Take care မေမိုးခင်။

Please wait. May I have a chance to take a picture of you.

(ကျေးဇူးပြု၍ နေပါဦး။ ကျွန်မကို ဓာတ်ပုံရိုက်ဖို့ အခွင့်အရေးတစ်ခုတော့ပေးပါ)

◆ ◆ ◆



## အခန်း (၃၀)

"Son, you can change your mind here, whatever you decide I'll agree with you."

"I never go back again, Daddy, I don't want to have any attachement"

"I adore her very much. But we are no need to say good-bye. "

"We understand each other."

"Good! You are a great man, son."

''သား ... ဒီနေရာမှာ မင်းစိတ်ကို ပြောင်းလဲနိုင်သေးတယ်နော်။ မင်း ဘာပဲဆုံးဖြတ် ဆုံးဖြတ် ဖေဖေ သဘောတူတယ်''

''ကျွန်တော် ဘယ်တော့မှ နောက်ကြောင်း မပြန်ဘူး ပါပါ။ ဘယ်လိုသံယောဇဉ်မျိုးမှ မငြိတွယ်ချင်တော့ဘူး''

ကျွန်တော် သူ့ကို သိပ်မြတ်နိုးပါတယ်။ ဒါပေမဲ့ ကျွန်တော့်တို့ဟာ တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ဖို့ မလိုတော့ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်တို့ချင်း နားလည်နေကြလို့ပါပဲ။

ကောင်းတယ် ... သား ... မင်းဟာ တကယ့်လူပဲ။

◆ ◆ ◆



## အခန်း [၃၁]

မိုး ...

ဘ၀ဆိုတာ စိတ်ပျက်ညည်းညူပြီး
ကယ်ပါယူပါ တစာစာနဲ့
အော်နေရမယ့် နေရာမျိုးမဟုတ်ဘူး။
ကိုယ့်အားကိုယ်ကိုးပြီး
ကိုယ့်လူမျိုး ကိုယ့်အကျိုးအတွက်
တိုးတက်ရာတိုးတက်ကြောင်း
ဆောင်ရွက်ရမယ့်နေရာ ...
သေချာမှတ်ထားနော်။
စိတ်ပျက်အားငယ်မယ် ကြံတိုင်း ဒီစာကိုဖတ်။

ချစ်သော
မိုးသက်ခိုင်

မိုး ...

ဘ၀ဆိုတာ ပျော်စရာ
တန်ဖိုးရှိတဲ့နေရာပါ။
ဘ၀ရဲ့အဓိပ္ပာယ်ကိုသိပြီး
တန်ဖိုးရှိရှိ နေတတ်မှ
လူဖြစ်ရကျိုးနပ်မှာ။
အားငယ်စိတ်ညစ်စရာကြုံတဲ့အခါ
ဒီစာလေးကို အမှတ်ရနော်။

ချစ်သော
မိုးသက်ခိုင်



မိုး ...

ဘ၀ဆိုတာ အချိန်ပဲ။
အချိန်တွေနဲ့ ဘ၀ကိုတည်ဆောက်ထားတာ။
အချိန်ကို အကျိုးရှိရှိသုံးဖို့ မမေ့နဲ့
အချိန်ရဲ့ တန်ဖိုးမသိဘဲ
ဖြုန်းတီးနေမယ်ဆိုရင်
ကိုယ့်ဘ၀ကို ဖျက်ဆီးပစ်နေတာနဲ့ အတူတူပဲ။
ဘ၀ကို တည်ဆောက်ပါ။
အချိန်ကို တန်ဖိုးထားပါ။
စိတ်တေလေ လေမှာလွင့်တဲ့အချိန်မှာ
ငါ့စာလေးတွေဟာ နင့်အတွက်
အားတက်စရာဖြစ်ပါစေ။

ချစ်သော
မိုးသက်ခိုင်

မိုး ...

ဘဝဆိုတာ ...
များပြားလှစွာသော တာဝန်တွေကို
ကျေပွန်အောင် ထမ်းဆောင်ရင်း
သေမင်းဆီ သွားနေရတာပဲ မဟုတ်လား။
ကိုယ့်တာဝန် ကိုယ်ကျေ
ကိုယ့်ဘဝ ကိုယ်ကျေနပ်ပြီး
လူ့လောကကြီးထဲမှာ
အဆင်ပြေပြေ နေတတ်ဖို့
သိပ်အရေးကြီးတယ်နော်။
လောကကြီးထဲမှာ အဆင်ပြေပြေနဲ့
ပျော်ရွှင်စွာနေတတ်ပါစေ။

ချစ်သော
မိုးသက်ခိုင်



မိုး ...

လူ့လောကကြီးဟာ
စိတ်ညစ်စရာကြီးပါလို့
ဘယ်တော့မှ မထင်လိုက်နဲ့နော်။
လောကကြီးက သူ့ဘာသာ သူနေတာ။
လူတွေက သူတို့ရဲ့
ကံညာဏ်ဝီရိယ ညံ့ဖျင်းဆိုးဝါးမှုကြောင့်
အစက်အခဲတွေ တွေ့ကြုံပြီး
စိတ်ညစ်နေကြတာ။
အဲဒီစိတ်ညစ် စိတ်ပျက်နေတဲ့လူတွေထဲမှာ
နင်မပါစေနဲ့နော်
ဘာပဲဖြစ်ဖြစ် စိတ်မညစ်နဲ့။
စိတ်ညစ်ရင်သီချင်းဆို
ဒိုချင်ရင်ဂီတာခေါက်
မိုး ... တစ်ယောက်ပျော်ပါစေ။

ချစ်သော
မိုးသက်ခိုင်

မိုး ...

ပတ်ဝန်းကျင်ဆိုတာ
တကယ်တွေးကြည့်တော့
လှုနည်းရပါဟာ။
အဲ့ဒီပတ်ဝန်းကျင်ကိုကြောက်ပြီး
ဟိုဟာ မလုပ်ရဲ၊ ဒီဟာ မလုပ်ရဲနဲ့
သတ္တိနည်းမနေနဲ့နော်။
ဒါပေမယ့် ပတ်ဝန်းကျင်ဆိုတာ
အလကားပါဆိုပြီး
သိက္ခာမဲ့ တန်ဖိုးမဲ့တဲ့အလုပ်မျိုးတွေတော့
မလုပ်မိစေနဲ့နော်။
ဘယ်သူမှ မသိပေမယ့်
ကိုယ့်ကိုယ်ကိုယ်တော့ သိတယ်။
ဘာပဲလုပ်လုပ် လိပ်ပြာသန့်တဲ့အလုပ်မျိုး
လုပ်ပါလို့ ငါ တိုက်တွန်းပါရစေ။

ချစ်သော
မိုးသက်ရိုင်



## အခန်း (၃၂)

မိုးသက်ရိုင် ...

စင်ကာပူကနေ လူကြုံနဲ့ တစ်လတစ်စောင် လာနေတဲ့ နင့်စာတွေကြောင့် ငါ့ဘဝအားမာန်တွေ တက်ခဲ့ရပါတယ်။ ရောဂါက ဖိစီးနှိပ်စက်တာကတစ်မျိုး လုပ်ငန်းခွင်မှာ အဆင်မပြေ တာက တစ်မျိုး၊ ယောက်ျားတွေရဲ့ အထင်သေး အကဲစမ်းခံရတာက တစ်မျိုးနဲ့ တစ်ခါတလေ ဘဝကိုအရှုံးပေးပြီးလောကကြီးထဲက ထွက်ပြေးဖို့တောင် စဉ်းစားခဲ့မိတယ်ဟာ။ **လုပ်ငန်းတွေ အောင်မြင်ပေမယ့်လည်း ပျော်ရွှင်မှုဆိုတာ ငါ့အတွက် မရှိတော့ပါဘူးဟာ။ ငါ သိပ်ချစ်ပြီး သိပ်တန်ဖိုးထား မြတ်နိုးခဲ့ရတဲ့သူကလည်း ငါ့ကို ထားရစ်ခဲ့ပြီလေ။**

အထီးကျန်ဘဝနဲ့ ငါဘယ်လောက်ကြာကြာ အသက်ရှင်ရဦးမှာလဲ။ ဒါပေမယ့် နင့်အပေါ်မှာ ငါသိပ်ချစ်တယ်။ ငါ့အပေါ်မှာထားတဲ့ နင့်ရဲ့ သန့်စင်တဲ့စေတနာနဲ့ မေတ္တာကို ငါတန်ဖိုးထားလေးစားတယ်။ ဒါ့ကြောင့် နင်ဖြစ်စေချင်တဲ့ နင့်ဆန္ဒအတိုင်း ငါအကုန်လိုက်လုပ်နေပါတယ်။ နင်အကွက်ကျကျ စီစဉ်ပေးထားတဲ့ လုပ်ငန်းတွေအားလုံး အောင်မြင်ပါတယ်။ နင်ဖြစ်စေချင်တဲ့အတိုင်း အနုပညာစင်မြင့်ပေါ်ကနေ စိတ်ပျက်အားငယ်နေတဲ့သူတွေ စိတ်တင်းကြပ်ပြီး သောကများနေတဲ့သူတွေကို ငါ့ရဲ့ အနုပညာနဲ့ ဖျော်ဖြေတင်ဆက်နေပါတယ်။ ငါ့လို မသိနားမလည်ဘဲ ရောဂါကူးစက်ခံရတာမျိုး မဖြစ်ရအောင် ငါ့လိုရောဂါမျိုး မကူးစက်မပြန့်ပွားအောင် အသိပညာပေးတဲ့အလုပ်မျိုးတွေလည်း ငါ ပါဝင်လုပ်နေပါတယ်။ ဒုက္ခရောက်နေသူတွေကို ကူညီဖို့ ရန်ပုံငွေပွဲတွေမှာလည်း စေတနာနဲ့ လိုက်လံဖျော်ဖြေသီဆိုခဲ့ပါတယ်။ **နင်ပေးတဲ့ဘဝအသိ၊ အားမာန်သတ္တိတွေနဲ့ ငါ့ဘဝကို ရှင်သန်စေခဲ့ပါတယ်။**

**ဒါတွေဟာ နင့်ကိုချစ်လို့။ နင်ဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း သီချင်းဆိုရင်း အသက်ရှင်နေတာပါ။ မိုးသက်ခိုင်ရယ်၊ ငါရဲ့ ဆန္ဒနဲ့ အသက်ရှင်နေတာမဟုတ်ပါဘူး။** ငါ့ရဲ့ဆန္ဒနဲ့ ငါလုပ်ချင်တိုင်းလုပ်ခွင့် ရခဲ့တာ



နင့် ကို ဖလင်တစ်လိပ်လုံး ဓာတ်ပုံရိုက်ခဲ့ရခြင်းပါပဲ။ နင့် ဓာတ်ပုံတွေ ငါအများကြီး ကူးထားတယ်။ ငါ့အိပ်ခန်းခေါင်းရင်းနံရံမှာ ၁၂ လက်မအရွယ် နင့်ဓာတ်ပုံကြီး ချိတ်ထားတယ်။ ငါ့စာရေးစားပွဲမှာ နင့်ဓာတ်ပုံကို Photo Stand နဲ့ ထောင်ထားသေးတယ်။ ငါဘယ်သွားသွား နင်ဟာ ငါနဲ့ အမြဲပါနေပါတယ်။ အယ်လ်ဘမ်ထဲမှာလည်း နင့်ဓာတ်ပုံတွေစီကာစဉ်ကာ ထည့်ထားတယ်။ ငါ ဓာတ်ပုံရိုက်နေတုန်းမှာ လှုပ်ရှားသွားတဲ့ နင့်အမူအရာလေးတွေဟာ ရုပ်ရှင်ပြသလို တစ်ကွက်ပြီးတစ်ကွက်ပြောင်းသွားခဲ့တယ်။ အဲ့ဒါတွေကိုကြည့်ပြီး ငါ့အလွမ်းဖြေနေရပါတယ်။ မိုးသက်ခိုင်ရယ်။ ဒါတွေဟာ နင့်အပေါ်မှာ မြတ်နိုးစွဲလန်းစွာရူးသွပ်ခဲ့ခြင်းပါပဲ။

**ငါ့အနားမှာ နင်မရှိတော့ပေမယ့် နင့်ဓာတ်ပုံ၊ နင့်အငွေ့အသက်တွေရှိနေတယ်။ နင့်မျက်လုံးထဲမှာ ရိုးသားဖြူစင်မှုနဲ့ နက်ရှိုင်းတဲ့ စေတနာမေတ္တာတွေကို ငါ မြင်နေရတယ်။ နင်ရဲ့ တည်ငြိမ်တဲ့ ဟန်ပန်အမူအရာနဲ့ ရဲရင့်တည်ကြည်တဲ့ ပြုမူပြောဆိုပုံတွေကို ငါ နေ့တိုင်းအတုယူပါတယ်။ တစ်ခါတလေ လုပ်ငန်းအဆင်မပြေလို့ စိတ်ထဲမှာ မွန်းကြပ်လာတဲ့အခါ နင့်ဓာတ်ပုံရှေ့မှာ ငါရင်ဖွင့်ခဲ့မိတယ်။ နင်က ပြုံးပြုံးလေးနဲ့**

**ငါ့ကို နှစ်သိမ့် အားပေးတာမျိုး ခံစားရပြီး ငါ့ဘဝကို အားတင်းရပါတယ်။**

နင်လည်း ဟိုမှာ ရောဂါနဲ့ နပမ်းလုံးနေတဲ့ အချိန်မှာ ငါလည်း ဒီမှာရောဂါနဲ့ တိုက်ခိုက်နေရတာပါပဲ။ ငါ အခုတလော သိပ်မောတာပဲဟာ။ ကိုယ်အလေးချိန်တွေလည်း ဆက်တိုက်ကျလာတယ်။ စားသောက်လို့လည်း မကောင်းဘူး။ ပါးစပ်မှာလည်း မှက်ခရုလို မျိုးတွေ ပေါက်လာတယ်။ မကြာခဏ ဝမ်းပျက်တတ်တယ်။ အစားမှားလည်း မခံနိုင်ဘူး။ **ဆရာဝန်က နှလုံးရောဂါလည်း ရှိနေတယ်တဲ့။ အရမ်းဝမ်းသာဝမ်းနည်းရတဲ့အခြေအနေမျိုးကို သတိနဲ့ ထိန်းပါတဲ့။ သူပေးတဲ့ ဆေးတွေသောက်နေပေမယ့် သက်သာတယ် မထင်ပါဘူးဟာ။ ဘယ်မှာပဲ ဖြစ်ဖြစ် သီချင်းငါးပုဒ်လောက်တောင် ဆက်တိုက် မဆိုနိုင်တော့ဘူး။ မောပြီး အားပျော့ နွမ်းနွေ့သွားတော့တာပဲ။**

ဒီနေ့လည်း ငါ နေမကောင်းဘူးဟယ်။ အစားကောင်းကောင်းမှ မဝင်တာ။ ငါ့ကို ဘာအစားအစာ စားလိုက်ပါဦးလို့ အနားမှာ လာပြောပြပေးပါဦးလားကွယ်။ ဆရာဝန်ပြောသလို ပျော်ရွှင်ဖွယ်ခရီးတစ်ခုထွက်ပြီး အေးဆေးသက်သာစွာ အနားယူပါဦးလို့ နင်ပြောခဲ့ရင်တောင်



နင့် အနားမှာ မနေရဘဲ ငါဘယ်လိုပျော်ရွှင်သက်သာစွာ အနားယူနိုင်မှာတဲ့လဲ။ အနားယူလို့လည်း မဖြစ်သေးပါဘူး။ နင့်လိုပဲ ငါလည်း နေဝင်ချိန်နီးနေပြီလို့ ထင်တယ်။

အလုပ်ပင်ပန်းတာရယ်။ အစားအသောက် မဝင်တာရယ်။ အနားမရတာရယ်၊ မူလရောဂါအခံရယ်၊ နောက်ထပ်နှလုံးရောဂါရယ် ပေါင်းထည့်လိုက်တော့ ကိုယ်အမြတ်နိုးဆုံးလူကို ကြေကွဲစွာစွန့်လွှတ်လိုက်ရတဲ့ မိန်းမတစ်ယောက်အနေနဲ့ ဘယ်လိုခံနိုင်ရည်မျိုး ရှိနိုင်တော့မှာလဲကွယ်။

**မိုးသက်ခိုင်ရယ် .... နင်ဟာ ယောကျ်ားမြတ်တို့ရဲ့ ထုံးစံအတိုင်း သံယောဇဉ်ကို မြက်တစ်ပင်လို အလွယ်တကူဖြတ်တောက်သွားနိုင်ခဲ့ပေမယ့် မြက်ပင်လို သံယောဇဉ်အဖြတ်ခံရတဲ့ ငါ့အဖို့ ဘယ်လောက်ဝမ်းနည်း ကြေကွဲစွာ ခံစားခဲ့ရတယ်ဆိုတာ နင့်ကို မသိစေရက်ပါဘူး။**

အခုလည်း နင်ကိုအမှတ်ရတဲ့အနေနဲ့ နင်နဲ့ခွဲခွာရတဲ့ ၆ လမြောက်နေ့မှာ နင့်အတွက် သီချင်းတွေဆိုဖို့ ငါစီစဉ်ခဲ့မိတယ်။ တိုက်တိုက်ဆိုင်ဆိုင် မိဘမဲ့ကလေးများရန်ပုံငွေအတွက် စင်မြင့်ဖြေဖျော်ပွဲတစ်ခု ငါသွားဆိုရမယ်။ ငါရဲ့ သူငယ်ချင်းတွေလည်းပါတယ်။ သူတို့က

**"မိုးသို့တမ်းချင်း"** စီးရီးတိတ်ခွေမှာပါတဲ့ သီချင်းတွေကို သူတို့ဝင်ကူဆိုပေးကြမယ်လေ။

ဘာပဲဖြစ်ဖြစ် ဒီနေ့ အဲ့ဒီပွဲကိုသွားပြီး သီချင်းဆိုရမယ်။ ဒါ့ကြောင့် ညီမဖြစ်သူ သက်ထားခင်ကိုတွဲပြီး စင်မြင့်ဖျော်ဖြေပွဲကိုသွားဖို့ ကြိုးစားခဲ့ပါတယ်။ သွားကာနီးမှာ ကမန်းကတန်းဖြစ်ပြီး နင့်ဓာတ်ပုံကို လက်နဲ့တိုက်မိလို့ စားပွဲပေါ်က လွတ်ကျကွဲသွားခဲ့တယ်။ နှမြောတသနဲ့ ကြေကွဲဝမ်းနည်းစွာ ငါငိုချင်တယ်။ ငိုတာကို နင်မကြိုက်မှန်းသိလို့ မငိုမိအောင် စိတ်ကိုချုပ်ထိန်းထားရပြန်တယ်။ မှန်တွေကွဲကြေသွားတဲ့ နင့်ဓာတ်ပုံလေးကိုတော့ ကြေကွဲတသစွာမကြည့်ဘဲ မနေနိုင်လွန်းလို့ အိပ်ရာပေါ်ပစ်လှဲချပြီး နင့်ဓာတ်ပုံလေးကိုကြည့်လိုက်၊ ကြေကွဲတသစွာ ထွေးပိုက်လိုက်နဲ့ ငါရဲ့ရူးသွပ်မှုတစ်ခုကို နင့်ကို မမြင်နိုင်ရက်ပါဘူးကွယ်။

အိပ်ရာပေါ်က ပြန်မထနိုင်အောင် နွမ်းပျော့သွားပေမယ့် စိတ်ကိုတင်းပြီး အဲ့ဒီကို ငါအရောက်သွားခဲ့ပါတယ်။ ဒီနေ့ ငါ ၃ ပုဒ်ဆိုဖို့ စီစဉ်ထားတယ်လေ။ **"မိုးသို့တမ်းချင်း" "သူသိပါစေ" "သီချင်းဆိုရင်း အသက်ရှင်မယ်"** ဆိုတဲ့ သီချင်းတွေပေါ့။ **တစ်ခါတုန်းကလိုပဲ ရှေ့ဆုံးစားပွဲမှာ ထိုင်နေတဲ့ နင့်ကိုကြည့်ပြီး ငါ သီချင်းဆိုချင်လိုက်တာ။ အခုတော့ ငါတစ်ယောက်**



**တည်းပါ မိုးသက်ခိုင်ရယ်။ အထီးကျန်ခံစားမှုနဲ့ ငါရဲ့ သီချင်းတွေကို နင့်ကို ဆိုပြချင်တယ်။** နင် ... အဝေးတစ်နေရာက ကြားမှာပါ။ ငါ သီချင်းဆိုတာကို နင် လှမ်းကြည့်နေမယ်လို့လည်း ငါ ယုံကြည်တယ်။

ဒီယုံကြည်မှုနဲ့ **"သူသိပါစေ"** ဆိုတဲ့ သီချင်းကို ငါဆိုခဲ့ပါတယ်။ လေဆိပ်မှာ လှေကလေးလို ခေါက်ပြီး နင့်ကိုလက်ဆောင်ပေးခဲ့တဲ့ သီချင်းလေးတစ်ပုဒ်ပေါ့။ နင်ကြားမှာပဲဆိုတဲ့အသိနဲ့ ငါ အရမ်းခံစားပြီး ဆိုလိုက်မိပါတယ်။ နင်ကြားမှာပဲနော်။

**အထက်တန်းကျောင်းသား တို့နှစ်ယောက်ဟာ ... စာလွှာများနဲ့မိတ်ဖွဲ့ကာ ... သူငယ်ချင်းများဖြစ်လို့လာ ... ဟိုး ... အဝေးတစ်နေရာစီမှာ။**

**ကိုယ်ဖန်ဆင်းတဲ့ လှေကလေးမှာ ... သောကဒုက္ခဝေဒနာ ... ထည့်သွင်းပြီးတော့ ပို့လိုက်တာ ... စာနာစိတ်နဲ့ သူဖတ်ကာ ... ဘဝဓာတ်ကြောင်း ဖလှယ်ခဲ့တာ ....**

**သူပြန်ပေးတဲ့ ဘဝအားမာန် ... ကိုယ့်နှလုံးသားကို ထိရှမှန် ခံနိုင်ရည်များ တိုးပွားရန် ... လေယာဉ်ပျံလေးနှင့် လွှင့်ပျံလာ။**

**ရာသီဟောင်းလည်း ... မပြောင်းလဲတာ ... ကိုယ်တို့နှစ်ဦးရဲ့ ချစ်မေတ္တာ ... ကမ္ဘာတည်သရွေ့ရှိနေမှာ ... အဝေးတစ်နေရာက ... သူ သိနေမှာပါ။**

**ကမ္ဘာကုန်ကျယ်သရွေ့ ကိုယ်မမေ့သာ ... ကိုယ်ဆိုနေတဲ့ တေးကလေးဟာ ကိုယ့်နှလုံးသွေးနဲ့ ရေးခဲ့တာ ... အဝေးတစ်နေရာက .... သူသိနေမှာပါ။ (ဟိုး ... အဝေးတစ်နေရာက ... သူသိနေမှာပါ)၃**

အဲ့ဒီသီချင်းကိုဆိုပြီးတော့ နင့်ကို အရမ်းသတိရလာပြီး **"မိုးသို့တမ်းချင်း"** သီချင်းကို တစ်ဆက်တည်း ဆိုမိလိုက်ပြန်တယ်။ ငါ အရမ်းမောတာပဲဟာ။ လဲကျလု မတတ် အားကုန်သွားခဲ့တယ်။ ပြီးတော့ နင့်ကိုလည်း အရမ်းသတိရတာပဲကွယ်။ အခုအချိန်ဆို နင်ဆေးရုံပေါ် မှာပဲလား။ အိပ်ရာထဲမှာလား၊ ပန်းချီဆွဲနေလား၊ ကုသိုလ် ဒါနတွေ လုပ်နေလား။ နင်အဖေနဲ့ ရယ်ရယ်မောမော စကားတွေပြောနေသလား။ ဒါမှမဟုတ် ငါ့ စာတွေနဲ့ သီချင်းလေးကို ဖတ်ကြည့်ပြီး ငါ့ကို သတိရနေမလား။ ငါသိချင်လိုက်တာဟာ။

သီချင်းဆုံးသွားပေမယ့် နင်ကို သတိရပြီး စင်မြင့်အလယ်မှာ ငါ ငိုင်နေမိတယ်။ ညီမဖြစ်သူက စပေါ့လိုက် မီးမှိတ်လိုက်ချိန်မှာ ငါကို လာတွဲခေါ်ပြီး



အဆိုတော်တွေ နားနေခန်းကို ပို့ပေးခဲ့ရတယ်။ သူကတော့ သူ့အလှည့်ရောက်လို့ သီချင်းသွားဆိုတယ်။ ငါ့အတွက် ထားတဲ့ ပက်လက်ကုလားထိုင်လေးမှာ ထိုင်နားနေတုန်း နင်ရေးပို့လိုက်တဲ့ စာတွေပြန်သတိရပြီး ငါလွမ်းနေမိ တယ်။

**ဘဝဆိုတာ ပျော်စရာ ... တန်ဖိုးရှိတဲ့နေရာ... ဘဝရဲ့အဓိပ္ပာယ်ကိုသိပြီး ... တန်ဖိုးရှိရှိနေတတ်မှ ... လူဖြစ်ရကျိုးနပ်မှာ .... တဲ့။**

နင်ရေးလိုက်တဲ့ စာတွေဟာ သီချင်းစာသား လေးလို သိပ်လှတာပဲ။ အဓိပ္ပာယ်လည်း သိပ်ရှိတယ်။ နောက်တစ်ဖောင်မှာ နင်ရေးထားပါသေးတယ်။

**စိတ်ညစ်ရင် သီချင်းဆို ... ငိုချင်ရင် ဂီတာ ခေါက် ... မိုး ... တစ်ယောက်ပျော်ပါစေ ... တဲ့။**

ဟုတ်တယ် ... နင်ပြောသလို ငါသီချင်းဆိုရ မယ်။ စိတ်ညစ်ရင် သီချင်းဆို၊ ငိုချင်ရင် ဂစ်တာခေါက် ဆိုလို့ အခု ငါ ဂစ်တာတီးသင်နေတယ်။ နင့်ကို ငါ ကိုယ်တိုင်ဂစ်တာတီးပြီး ဆိုပြချင်လို့ပေါ့။ ငါ ... စိတ်ညစ်ပြီး ငို ချင်တဲ့အခါ ဂစ်တာခေါက်ပြီး သီချင်းဆိုနေမှာ နင်မြင် ချင်တယ်ပို့လား။ **မိုးသက်ခိုင်ရယ်။ နင်ဖြစ်စေချင်တဲ့ ဆန္ဒတွေကို တစ်ခုမှ မကျန်အောင် လိုက်လုပ်နေတဲ့**

**မေမိုးခင်ရဲ့ ရူးသွပ်မှုတွေကို နင်မြင်လှည့်ပါဦးလား ကွယ်။** နောက်တစ်ကြိမ် နင် ကျန်းကျန်းမာမာနဲ့ မြန်မာပြည်ပြန်လာပြီး ငါ့သီချင်းတွေကို နားထောင်ခွင့် ကြုံပါစေလို့ ဘုရားရှိခိုးတိုင်း ငါ ဆုတောင်းပါတယ်။ ငါ ဆုတောင်းတွေပြည့်အောင် တန်ခိုးကြီး ဘုရားအဆူဆူကိုသွားပြီး ဆုတောင်းခဲ့တယ်ဆိုတာလည်း နင့်ကိုပြောပြချင်ပါသေးတယ်။ နင်နဲ့ ပတ်သက်ရင် ဒီလောက်ထိ ငါ ရူးသွပ်ခဲ့တာပါကွယ်။ အခုလို နင့်အကြောင်းလေးတွေ တွေးပြီး နင့်ကို စိတ်ကူးယဉ် တမ်းတနေမိတဲ့အချိန်မှာ ငါ့စိတ်တွေဟာ ရှင်းရှင်းသန့်သန့်လေး ဖြစ်နေလေရဲ့။ နင့်အတွက် မျှော်လင့်ချက်နဲ့ အသက်ရှင်နေရတာပါ မိုးသက်ခိုင်ရယ်။

အဲ့ဒီအချိန်မှာ နင့်နဲ့ငါ အကြောင်းကိုသိတဲ့ ငါ့သူငယ်ချင်းအဆိုတော်တစ်ယောက်က **"ဟဲ့ ... မေမိုးခင်၊ ငါ အဝတ်အစားထုပ်လာတဲ့ သတင်းစာဟောင်းထဲမှာ မိုးသက်ခိုင်ရဲ့ နာရေးကြော်ငြာတွေ့တယ်။ အဲ့ဒါ နင့် မိုးသက်ခိုင်များ ဖြစ်နေမလားလို့"** ဆိုပြီး သတင်းစာကိုလာပြတယ်။ မြန်မာပြည်က သူ့ဆွေမျိုးတွေ ထည့်တဲ့နာရေးကြော်ငြာ'' လို့တောင် ထပ်ပြောနေသေးတယ်။

ငါ ... သေချာကြည့်တော့ ဟုတ်နေတယ်။ စင်ကာပူနိုင်ငံမှာနေတဲ့ မစ္စတာလျှုရှောက်တန်ရဲ့ တစ်ဦးတည်းသောသား မက်ခရီတန်ခေါ် မိုးသက်ခိုင်တဲ့။ မိုးသက်ခိုင် ... နင် ငါ့ကို အပြီးထားရစ်ခဲ့ပြီပေါ့လေ။ သတင်းစာရဲ့ ရက်စွဲကိုကြည့်တော့ လွန်ခဲ့တဲ့ ၃ လလောက်က ဖြစ်နေတယ်။ နင်ဆုံးတာ ၃ လတောင် ကြာခဲ့ပြီ။ ဘာဖြစ်လို့ ငါ မသိရတာလဲ။ ငါ့ကို ဘာလို့ အသိမပေးကြတာလဲ။ ပြီးတော့ နင့်စာတွေကို ဘာပြုလို့ တစ်လတစ်စောင် မှန်မှန်လာပို့နေကြတာလဲ။ ဘယ်သူက ပို့နေတာလဲ။

ဒီသတင်းစာကိုသာ မဖတ်ရရင် နင့်စာတွေဟာ ဘယ်လောက်ကြာကြာ ရောက်နေမလဲ မသိဘူးနော်။ ဒါ့ကြောင့် ငါပို့ပေးတဲ့ တိတ်ခွေ၊ ငါရေးလိုက်တဲ့စာတွေနဲ့ ပတ်သက်ပြီး ဘာတစ်ခုမှ အကြောင်းမပြန်ခဲ့တာ ငါ အခုမှ ရိပ်မိတယ်။

သတင်းစာဖတ်ပြီး အရုပ်ကြိုးပြတ်သလို ငါ ငိုင်ဆင်းသွားတယ်။ **သေခြင်းတရားဆိုတာ အထူးအဆန်း မဟုတ်ဘူး။ ရင်ထိတ်စရာ မလိုဘူး။ သေသူက ကောင်းသလား၊ ရှင်ကျန်နေတဲ့သူက ကောင်းသလားဆိုတာ ဘုရားကလွဲလို့ ဘယ်သူမှ မသိနိုင်ဘူး။ ဒါကြောင့် ပူဆွေးဝမ်းနည်းစရာ မလိုဘူးလို့ နင်ပြောခဲ့တာတွေ ငါ ပြန်ကြားနေပါတယ်။** ဒါပေမဲ့ ငါ ငိုချင်တယ်။ ရင်ထဲမှာ လှိုက်ဖိုတက်လာပြီး ဆို့လာတယ်။ ငိုလို့လည်း

မရဘူး။ ဆို့နင့်ကြေကွဲတယ်ဆိုတာ ဒါပဲလား။ ငိုချင်ပေမယ့် ငါ မငိုတော့ပါဘူး။ နင်ပေးထားတဲ့ ဘဝအားမာန်သတ္တိတွေနဲ့ ငါ့စိတ်ကို ချုပ်တီးလိုက်ပါ့မယ်။ ငါ့ရဲ့ ငိုရှိုက်သံတွေကို တမလွန်ဘဝက နင်ကြားသွားခဲ့ရင် စိတ်အနှောင့်အယှက်ဖြစ်သွားမှာကို ငါ စိုးမိပါတယ်။ ဒါ့ကြောင့် ငါ မငိုဘူး။ ငါမငိုဘူး။ စိတ်ကို အတင်းချုပ်ထိန်းထားတော့ ရင်ထဲမှာ အရမ်းတင်းကြပ်နေပြီဟာ။ ငါ နှလုံးခုန်သံတွေ မမှန်တော့ဘူး။ စည်းချက်မမှန်တဲ့ ဒရမ်တီးသံတွေကို တဒိန်းဒိန်း မြည်နေသလိုပဲ။

အဲ့ဒီအချိန်မှာပဲ အစီအစဉ်ကြေညာတဲ့သူက "ယခု အလှည့်ကျဖျော်ဖြေမယ့်သူက အဆိုတော် မေမိုးခင်ဖြစ်ပါတယ်။ သီချင်းနာမည်က **"သီချင်းဆိုရင်း အသက်ရှင်မယ်"** ဆိုတဲ့ သီချင်းပါပဲ။ ဒီသီချင်းလေးကတော့ သူအမြဲဆိုနေတဲ့ သူ့ရဲ့အကြိုက်ဆုံးသီချင်းလေးတစ်ပုဒ်ဖြစ်ပါတယ်။ ခံစားနားဆင်ကြည့်ပါရှင် ... တဲ့။

မိုးသက်ခိုင်ရယ် ...

ငါရဲ့ မျှော်လင့်ချက်တွေ ပျက်ကြွေသွားမှတော့ အသက်ရှင်ဖို့အင်အားတောင် မရှိတော့ပါဘူး။ အခု ... စင်ပေါ်တက်ပြီး ဘယ်လိုလုပ်သီချင်းဆိုနိုင်တော့မှာလဲ။ တဒိန်းဒိန်းမြည်နေတဲ့ နှလုံးခုန်သံကို နားနဲ့ဆတ်ဆတ်



ကြားနေရတယ်လေ။ ဒါပေမယ့် ... **အသက်ရှင် ကျန်ရစ်ခွင့်ရတဲ့အချိန်လေးမှာ တမလွန်ဘဝရောက်နေတဲ့ နင့်ရဲ့ဆန္ဒတွေကို အသက်နဲ့ရင်းပြီး ဖြည့်ဆည်းပေးသွားချင်ပါတယ်။** ပြီးတော့ ဒီသီချင်းလေးက နင်ကိုယ်တိုင် ငါ့ဘဝရှင်သန်ဖို့အတွက် ရေးစပ်ပေးသွားတဲ့ သီချင်းလေး... ငါ ဆိုရမှာပေါ့။ မေမိုးခင်ဟာ နင့်သူငယ်ချင်းပါ။ နင့်လို မျိုး သတ္တိကောင်းရမှာပေါ့။ ပြီးတော့ သီချင်းဆိုရင်း အသက်ရှင်မယ်ဆိုတာ ငါ့အကြိုက်ဆုံးသီချင်း။ ငါ့ပရိသတ်က အမြဲပွဲတောင်းနေကျ သီချင်း။ သူတို့အတွက်လည်း ငါဆိုပေးရဦးမယ်။ အခု ငါဟာ နင်ဖြစ်စေချင်တဲ့ အနုပညာရှင်ဖြစ်နေပြီလေ။ **အနုပညာရှင်ဆိုတာ သူတို့ဘဝဘယ်လိုပဲဖြစ်ဖြစ်၊ ရင်ထဲမှာ ဘယ်လိုပဲ ခံစားရ ... ခံစားရ ပရိသတ်တွေရဲ့ နှလုံးသားမှာ ကျေနပ်ခံစားသွားရအောင် သီဆိုဖျော်ဖြေပေးရမယ့် တာဝန်ရှိပါတယ်။**

ဒါ့ကြောင့် စင်ပေါ်ကို အားခဲပြီးတက်ခဲ့တယ်။ မိုက်ခရိုဖုန်းကိုကိုင်တော့ ငါ့ရင်ထဲမှာ နုန်းနေပေမယ့် ပြုံးနေတဲ့မျက်နှာကို ငါဖန်တီးနိုင်ခဲ့ပါတယ်။ ပရိသတ်တွေဟာ ငါသီချင်းမဆိုခင်မှာဘဲ လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ အားပေးခဲ့ကြတော့ ငါရဲ့ ခွန်အားတွေ ပြန်ဝင်လာခဲ့တယ်။ ပရိသတ်ရဲ့ အားပေးမှုဟာ တို့အနုပညာရှင်တွေရဲ့ အစွမ်းထက်ဆုံး အားဆေးတစ်မျိုးပဲ မဟုတ်လား။

ပြီးတော့ ဘဝရဲ့ ရှင်သန်ခြင်းအတွက် စိတ်မပျက် အားမငယ်ကြဖို့ မိဘမဲ့ကလေးတွေကို ဘဝအားမာန်ပေးဖို့ ငါဆိုရမှာဆိုတော့ လန်းဆန်းတက်ကြွတဲ့ဟန်ပန်လေသံတွေနဲ့ ငါဆိုရမှာပေါ့။ အဲ့ဒီအချိန်မှာ ငါ့ရင်ထဲမှာ မျှော်လင့်ချက်တွေ ပျောက်ဆုံးပြီး အကြေကွဲဆုံးအချိန်ပဲလေ။ နင်သာသိရင် ဒီလိုအချိန်မျိုးမှာ ငါ့ကိုဒီလိုသီချင်းမျိုး ဆိုခိုင်းရက်ပါ့ဦးမလားကွယ်။

**ဒါပေမယ့် ... သီချင်းဆိုရင်း အသက်ရှင်မယ့်မေမိုးခင်ပါ။ ဘဝကိုပဲဖြစ်ဖြစ် ရှင်သေမင်းကိုပဲဖြစ်ဖြစ် ဘယ်သူကိုပဲဖြစ်ဖြစ် ဒူးထောက်အရှုံးပေး အညံ့ခံမယ့်မေမိုးခင်မဟုတ်ပါဘူး။ နင့်ရဲ့ အချစ်ဆုံး တန်ဖိုးအထားဆုံး ဂရုအစိုက်ဆုံးသူငယ်ချင်း မေမိုးခင်ပါ။**

အဲ့ဒီမေမိုးခင် သီချင်းစဆိုပြီ ...မိုးသက်ခိုင်ရေ။ ကောင်းကင်မြင့်မြင့်တစ်နေရာကနေ ခံစားနားဆင်ကြည့်ပါတော့ကွယ်။

**ဘဝဟူသည် ... နေခြည်ထိုး၍ ညှိုးရသည့်ပန်းပမာ ... နွမ်းလျစွာမြေခ ... ကြွေကျဖို့မဟုတ်ပါ။**

**ဘဝဆိုတာ ... ကြိုးစားရုန်းကန် ... အောင်ပွဲခံဖို့ပင် ... အောင်မြင်သူတွေစံထား ... မညည်းတွားနဲ့လေ ... ထာဝစဉ် ကြိုးစား နိုးကြားနေစေချင်။**



**ဖြတ်သန်းသွားရမယ့် ... ဘဝခရီးလမ်းဆိုတာ**
**ခရောင်းလမ်းလို ... ကြမ်းချင်ကြမ်းပါစေ**
**ဆူးခင်းလမ်းလို ... ကြမ်းချင်ကြမ်းပါစေ**
**အလွမ်းသီချင်းဆိုပြီး ... ငိုညည်းမသွားချင်ပေ။**

အဲ့ဒီအပိုဒ်ဆိုပြီးတော့ ရှေ့ဆုံးခုံတန်းက ကလေးတစ်ယောက်က စက္ကူလေယာဉ်ပျံလေးတစ်စင်းကို အမှတ်မထင် စင်ပေါ်ကို လွှတ်တင်လိုက်တာ ငါတွေ့လိုက်ရတယ်။ ကလေးဆိုတော့ ဆော့တာနေမှာပေါ့။ အဲ့ဒီလေယာဉ်လေးဟာ စင်ပေါ်မရောက်ပဲ စင်အောက်ရောက်သွားတာကို လိုက်ကြည့်နေတုန်း၊ တစ်ဖက်ကိုဖြတ်လာတဲ့ ကင်မရာမင်းတစ်ယောက်က တက်နင်းသွားတာမြင်မိလိုက်တော့ ငါ့စိတ်တွေ ဆိုနင့်ကြေကွဲသွားရပြန်တယ်။ ငါ့ရဲ့ လေယာဉ်ပျံလေး မြေခ ကြွေကျပျက်ဆီးသွားပြီဆိုတဲ့ အသိနဲ့ပေါ့။

ဒါပေမဲ့ **စိတ်ပျော့ညံ့စွာနဲ့ သီချင်းဆက်မဆိုနိုင်ဘဲ စင်ပေါ်က ဆင်းသွားခဲ့ရရင် နင်ကြိုက်မှာ မဟုတ်ပါဘူးကွယ်။ မေမိုးခင်ဟာ နောက်ဆုံးထွက်သက်အထိ သီချင်းဆိုသွားမယ့် မိန်းမပါ။** နင်ကိုယ်တိုင် ရေးစပ်ပေးခဲ့တဲ့ သီချင်းဆိုရင်း အသက်ရှင်မယ်ဆိုတဲ့ သီချင်း

ကို ပြီးဆုံးသွားအောင် ငါဆိုရမယ်။ ဒါမှ နင့်စေတနာနဲ့ ဆန္ဒကို တန်ဖိုးထားလေးစားရာ ရောက်မှာပေါ့။

**သေမြေကြီး ... ရှင်ရွှေထီး စိတ်ဓာတ်နဲ့ ... မရပ်မနားကြိုးစား ခရီးသွားရမဲ့ ... တို့တစ်တွေ။**

**သေခြင်းကိုမမှု ... ရှင်ခြင်းကို ဂရုပြု ... သူ့အကျိုးကိုဆောင် .. လူ့ဘောင်ငြိမ်းချမ်းအောင် ... စွမ်းဆောင်နိုင်သူမျိုး ... လူတန်ဖိုးရှိပါစေ။**

အဲ့ဒီနှစ်ပိုဒ်မှာ ဘဝအားမာန်သတ္တိတွေ အစွမ်းကုန်ထည့်ပြီး ငါဆိုခဲ့ပါတယ်။ နင်ကြားရင် ကျေနပ်ဝမ်းသာမှာ သေချာပါတယ်။ ဒါပေမဲ့ ငါ့ရဲ့ ခံနိုင်စွမ်းရည်ကတော့ တဖြည်းဖြည်း လျော့သထက် လျော့လာနေတယ်ကွယ်။ မတ်တပ် မရပ်နိုင်လောက်အောင် ဒူးတွေတဆတ်ဆတ် တုန်နေတယ်။ အသက်ရှူလို့ မဝတော့ဘဲ ရင်ထဲမှာ ဆို့နင့် တင်းကြပ်လာနေတယ်။ ဒါပေမဲ့ ခန္ဓာ ကိုယ်မှာ ကျန်ရှိနေသေးတဲ့ နောက်ဆုံးခွန်အားတွေကို စုစည်း မာန်တင်းပြီး နောက်ဆုံးအပိုဒ်ကိုရောက်အောင် ငါဆိုခဲ့ ပါတယ်။ တမလွန်က စောင့်ကြည့်နားဆင်နေမယ့် နင် ကြားသိရအောင်လို့ပါ။ မိုးသက်ခိုင်ရယ်။

**ရင်ထဲက အသိတရားတွေ ... နားဆင်သူတွေ နှလုံးသားမှာ ... ခံစားစွဲငြိသွားပါစေ .. အသိတရား**



**တွေပေးမျှဝေရင်း ... သေသည့်အထိ .. သီချင်းဆိုသွား ချင်တယ်လေ။**

**ဘဝတာတိုတိုလေးမှာ ... မေတ္တာချိုချိုလေး တွေ လိုချင်သူတွေပေးဝေ ... အေးမြတဲ့ အရသာ... မေတ္တာဆိုတာ ဒါပဲလေ ... နားဆင်သူတိုင်း ရကြပါ စေ။**

သူများတွေအတွက် အပြုံးချိုချိုလေးနဲ့ သီချင်း ဆိုနေရပေမယ့် ... ရင်ထဲမှာ ငိုနေရတယ် မိုးသက်ခိုင်။ ငါ့ဘဝမှာ နင့်ကို သီချင်းဆိုပြချင်သေးတဲ့ မျှော်လင့်ချက် နဲ့ အသက်ရှင်ခဲ့ရတာလည်း ပါတယ်။ အခုတော့ ... မျှော်လင့်ချက်တွေ ပျောက်ဆုံး ... ငါ့နှလုံးသားလည်း လုံးပါးပါး ခဲ့ရပြီ။ နောက်ဆုံးပိုဒ်ကိုတော့ နောက်ဆုံး ထွက်သက်နဲ့ ငါဆိုရတော့မယ်ထင်ပါရဲ့။

**ဘဝနေမဝင်ခင်မှာ ... အားတက်စရာ သံစဉ် တေးတွေကို ခံစားနားဆင်သူတွေ ... ထာဝစဉ် ပျော် ရွှင်ချမ်းမြေ့စေကြောင်း ဆုမွန်ကောင်းတွေ ... ပန်ရွေ တောင်းရင်း ... (သီချင်းဆိုရင်း အသက်ရှင်မယ်)[၂]**

နောက်ဆုံးအပိုဒ် ဆုံးသွားတဲ့အခါမှာတော့ ငါ့ မျက်စိတွေ ပြာလာပြီး အသက်ရှူလို့ မရတော့ဘဲ အရုပ်

ကြိုးပြတ်လဲကျသွားတာပဲ သိလိုက်တော့တယ်။ ပတ်ဝန်းကျင်မြင်ကွင်းတွေ ဘာမှ မမြင်နိုင်တော့ပေမယ့် ... ငါ့အသေအချာမြင်နေရတာကတော့ ...

**ဟိုး ... ကောင်းကင်မြင့်မြင့် တစ်နေရာက ငါ့ကို အပြုံးနဲ့ စောင့်ကြည့်ရင်း လက်ကမ်းကြိုဆိုနေတဲ့ ငါ တန်ဖိုးထား အလေးစားရဆုံး၊ တွယ်တာမြတ်နိုးရဆုံး မိုးသက်ခိုင်ဆိုတဲ့ သူငယ်ချင်းလေးကိုပဲပေါ့။**

**ငါလာခဲ့မယ် .... မိုးသက်ခိုင်ရေ ...**

◆ ◆ ◆



## အခန်း (၃၃)

မစ္စတာတန်တို့ သားအဖကို လေဆိပ်လိုက်ပို့တဲ့အချိန်ကျမှ ရုံးကဗျွန်တော့်တပည့်တစ်ယောက်ကို မေမိုးခင်ဆီလွှတ်ပြီး ပန်းချီကားလက်ဆောင်ပေးခိုင်းလိုက်တာပါ။ မေမိုးခင်ကလည်း နိုင်ငံခြားကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ခဲ့ဖူးတဲ့သူဆိုတော့ စင်ကာပူထွက်မယ့်လေယာဉ်နဲ့ အချိန်ကိုသိပြီး လေယာဉ်ကွင်းကို အမီလိုက်လာနိုင်ခဲ့တာပါပဲ။

**လေယာဉ်ကွင်းမှာ သူတို့ နှစ်ယောက်ရဲ့ မြင်ကွင်းဟာ တကယ့်ကြေကွဲစရာပါပဲ။ တစ်ယောက်ကို တစ်ယောက် ဘယ်တော့မှ ပြန်မတွေ့နိုင်ကြတော့ ဘူးဆိုတာ အသေအချာ သိထားကြတဲ့ လူနှစ်ယောက် ဟာ ရင်ထဲက ပြောချင်တာတွေ သိုသိပ်ပြီး တစ်ဦးနဲ့ တစ်ဦး ပြောသင့်တာတွေ ပြောနေကြလေရဲ့။**

မေမိုးခင်က တမင်ပဲ ခံစားမှုနဲ့ ခေါ်တာလား။ မိုးသက်ခိုင်ဆိုတာ သေချာချင်လို့လား မသိဘူး။ နိုင်ငံခြားသွားမယ့်သူတွေရဲ့ ပစ္စည်းတွေကို အလေးချိန်ရတဲ့ နေရာလေး မရောက်ခင် သစ်သားတန်းနားကနေ "မိုးသက်ခိုင်" လို့ အကျယ်ကြီးခေါ်လိုက်တော့ မစ္စတာ တန်လို့ ကျွန်တော်တို့ခေါ်နေတဲ့ မိုးသက်ခိုင်ဟာ ချက်ချင်း လှည့်ကြည့်ပြီး "ဟာ ... မေမိုးခင်" လို့ အာမေဋိတ် သံထွက်သွားတယ်။ ပြီးတော့ မေမိုးခင်ရပ်နေတဲ့ နေရာ ဆီကို လျှောက်သွားပါတယ်။ အဲ့ဒီအချိန်က အနားမှာ ကျွန်တော်ရှိနေတယ်လေ။

မိုးသက်ခိုင်ဟာ စိတ်တည်ငြိမ်ရင့်ကျက်အောင် လေ့ကျင့်ထားတယ်ဆိုပေမယ့် သူ့မျက်နှာဟာ ကြေကွဲ ဝမ်းနည်းနေတဲ့ပုံ ပေါ်နေတယ်။ သူ့စိတ်ကို သူတင်းပြီး စကားတစ်ခွန်းမှ မပြောမိအောင် သူထိန်းထားခဲ့တယ်။ **မိုးသက်ခိုင်ဆိုတာ သူပါပဲလို့ မငြင်းသလို ဝန်ခံခြင်း**



**လည်း မပြုဘူး။ သူလုပ်သင့် လုပ်ထိုက်တာတွေကို စနစ်တကျလုပ်ခဲ့ပြီး သံယောဇဉ်ကို အပြီးဖြတ်ခဲ့ပုံ ရပါတယ်။ ဒါပေမဲ့ မေမိုးခင်က သူ့ရှေ့မှာ စကားလုံး တွေ အသေအချာရွေးပြီး ပြောသင့်တဲ့ စကားတွေပဲ ပြောသွားတော့ သူ အတော်ခံစားသွားရပုံ ပေါ်တယ်။**

ရုပ်ရှင်ထဲမှာဆိုရင်တော့ ဩော် ... မိုးရယ်လို့ ပြေးဖက်ပြီး မြန်မာပြည်မှာ နေကျန်ခဲ့မလား မသိဘူး။ သူ့အဖေက လည်း အနားလာပြီး လက်တို့ခေါ်ပြောပါသေးတယ်။ သား ... မင်းရဲ့ ဆုံးဖြတ်ချက်ကို ပြင်နိုင်သေးတယ်။ မင်းဘာပဲ ဆုံးဖြတ်ဆုံးဖြတ် ငါ ... သဘောတူသတဲ့။ ဒီလို အဖေမျိုးရှားပါတယ်။ သူ့သားကို အင်မတန်ချစ်ပြီး သူ့ရဲ့နောက်ဆုံးအချိန်လေးကို ပျော်ရွှင်စွာ မြင်သွားချင် တယ် ထင်ပါရဲ့။ မိုးသက်ခိုင်က ခေါင်းခါပြီး မေမိုးခင်ဆီ ပြန်သွားပါတယ်။ မေမိုးခင် က Have a nice trip! လို့ ခရီးသွားတဲ့သူတွေကို ဆုတောင်းပေးသလိုမျိုး ဆုတောင်း ပေးပါတယ်။ Good-bye လို့ သူတို့ နှုတ်မဆက်ကြပါဘူး။ အဲ့ဒီအခါမှာ မိုးသက်ခိုင်က Take care မေမိုးခင်ဆိုပြီး နောက်ဆုံးစကားတစ်ခွန်းနဲ့ သူ့ဇာတ်ကို သူသိမ်း သွားပါတယ်။ သူ့အဖေက သူ့ပခုံးကို ယုယကြင်နာစွာ ဖက်ခေါ်သွားတဲ့မြင်ကွင်း၊ သူ့အဖေပခုံးကို မှီလိုက်သွားတဲ့ မိုးသက်ခိုင်ရဲ့မြင်ကွင်းဟာ ခုထက်ထိ ကျွန်တော်ရင်ထဲမှာ စွဲထင်နေတုန်းပါပဲ။

အရွယ်နဲ့ မငိုက်အောင် ထိန်းချုပ်နိုင်ပြီး အတွေးအခေါ်ထက်မြက်တဲ့ မေမိုးခင်ဟာ ကြေကွဲဝမ်းနည်းစွာ ကျန်ရစ်ခဲ့ပါတယ်။ မငိုဘူးလို့ အားတင်းထားပေမယ့် ပါးပြင်ထက်မှာ မျက်ရည်စက်တွေ ကြွေဆင်းလာတာကို အမှတ်မထင် ကျွန်တော်မြင်လိုက်ရပါတယ်။ နှစ်ပေါင်းများစွာ တွယ်တာစွဲလန်းခဲ့ရတဲ့ မိုးသက်ခိုင်ဆိုတာ သူ့ကို ကူညီစောင့်ရှောက်သွားတဲ့ မစ္စတာတန်မှန်း သိသွားတဲ့အခါ သူဘယ်လောက် ဝမ်းသာသွားမလဲဆိုတာ ကျွန်တော် ကိုယ်ချင်းစာမိပါတယ်။ မိုးသက်ခိုင်နဲ့ တွေ့ဖို့ စင်ကာပူကိုသွားပြီး လိုက်ရှာမယ်လို့တောင် သူကြံစည်ခဲ့သေးတယ်။ ကံကြမ္မာက မျက်နှာသာမပေးဘဲ ကြေကွဲစရာ ဝေဒနာပေးလိုက်တယ်လေ။ AIDS ဆိုတဲ့ ရောဂါဝေဒနာဆိုးကြောင့် သူ့ဘဝ ဘယ်လောက်ကြေကွဲဝမ်းနည်း စိတ်ပျက်သွားမလဲဆိုတာ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်။ သူ့ သူငယ်ချင်း မိုးသက်ခိုင်ရဲ့ အားပေးနှစ်သိမ့်မှုတွေကြောင့် သူ့ဘဝ နလံထူပြီး ဘဝကို တစ်က ပြန်စခဲ့ရသူပါ။

သူ သိပ်ခံစားနေရမှာပါ။ သူ အချစ်ဆုံးသူဟာ မကြာမီမှာ သေွးကင်ဆာနဲ့ သေဆုံးတော့မယ့် လူတစ်ယောက်ဖြစ်နေမှန်း သိခဲ့ပြီး မမျှော်လင့်ဘဲ မြန်မာပြည်မှာ တွေ့ခွင့်ရလိုက်တော့ ရင်ထဲမှာ ပြောချင်စရာစကားတွေ



အများကြီးရှိနေမှာ သေချာပါတယ်။ ပြောခွင့်သာရရင် တစ်နေ့တစ်ညနဲ့တောင် ပြောလို့ပြီးပါ့မလား မသိဘူး။

ဒါပေမဲ့ သူရဲ့ကြေကွဲဝမ်းနည်းစိတ်ကို ထိန်းချုပ်ပြီး ပြောချင်တာတွေ မပြောဘဲ ပြောသင့်တာတွေကိုပဲ ပြောသွားခဲ့တယ်။ အဲ့ဒီလို ပြောရင်းနဲ့ မျက်လုံးအိမ်မှာ မျက်ရည်ဝေ့လာတော့ တစ်ဖက်ကိုလှည့်ပြီး စိတ်ပြန်တင်းရသေးတယ်။ သူပြောချင်တဲ့ အချက် ၃ ချက်ကိုပဲ တည်တည်ငြိမ်ငြိမ်နဲ့ ပြောသွားနိုင်ခဲ့ပါတယ်။

**(၁) သူမသေခင်မှာ သူအမြတ်နိုးဆုံး သူတန်ဖိုးအထားရဆုံး လူတစ်ယောက်ကို တွေ့ခွင့်ရသွားတဲ့အတွက် သူ့ဘဝကို သူကျေနပ်သွားပြီတဲ့။**

**(၂) သူ့ကို လမ်းညွှန်ကူညီခဲ့တဲ့ မိုးသက်ခိုင်ရဲ့ကျေးဇူးတရားကို ပြသတဲ့အနေနဲ့ မိုးသက်ခိုင်ဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း သီချင်းဆိုရင်း အသက်ရှင်သွားမယ်ဆိုတာ ကတိပေးခဲ့ပါတယ်။**

**(၃) မိုးသက်ခိုင်အတွက် သူကိုယ်တိုင်သီကုံးစပ်ဆိုမယ့် "သူသိပါစေ" ဆိုတဲ့ သီချင်းလေးကို သူရဲ့ အချစ်လေကလေးထဲမှာ ထည့်ပေးလိုက်ပြီး အဲ့ဒီသီချင်းလေးကို သူ ဆိုပြခွင့်ရပါစေလို့ ဆုတောင်းပေးလိုက်သတဲ့။**

မေမိုးခင်ဟာ မိုးသက်ခိုင်ရဲ့ စိတ်ထဲမှာ စွဲလန်းတမ်းတမှုကြောင့် အသည်းထောင့်မှာ စိုးနှောင့်ဗျာဝေဖြစ်မနေအောင် သူ့ဇာတ်ကို သူနိုင်အောင် ကခဲ့ပါတယ်။ နောက်ဆုံးဆုတောင်းလေးမှာ မစ္စတာတန်လို့ သုံးခဲ့တယ်။ မိုးသက်ခိုင်ရဲ့ ဆန္ဒအတိုင်း သံယောဇဉ် ပြတ်အောင်ထင်ပါရဲ့။ ဒါပေမယ့် မိုးသက်ခိုင်ရဲ့ပုံကိုတော့ ဖလင်အကွက်ပေါင်းများစွာ အားပါးတရ ရိုက်ယူခဲ့ပါတယ်။ သိပ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ ရူးသွပ်ခြင်းတစ်မျိုးပဲလို့ ပြောရမှာပါပဲ။ မေမိုးခင်ဟာ ဒီလို ရူးသွပ်တတ်သူမျိုး မဟုတ်ပေမယ့် သူ စွဲလန်းသူတစ်ဦးဟာ သူ့ဘဝမှာ အမြဲရှိနေစေချင်တဲ့ သဘောလား။ သူ့ရဲ့ကျေးဇူးရှင်အဖြစ် မြင်သာတဲ့နေရာမှာ ချိတ်ဆွဲပြီး အမြဲတိုင်တည် ပြောဆိုနေဖို့လား။ ဘာရည်ရွယ်ချက်မှန်းမခန့်မှန်းနိုင်ပေမယ့် အဲ့ဒီဓာတ်ပုံတွေကြည့်ပြီး မေမိုးခင်ဟာ ကြေကွဲဝမ်းနည်းစွာ ခံစားရမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါပေမယ့် အဲ့ဒီဓာတ်ပုံကိုကြည့်ပြီး ဘဝအားမာန်အပြည့်နဲ့ သီချင်းဆိုနေမယ်ဆိုရင်တော့ ကျွန်တော်လူကဲခတ်မှားတာပဲ ဖြစ်ပါလိမ့်မယ်။

ပြီးတော့ မေမိုးခင်ဟာ တကယ့် အရည်အချင်းရှိတဲ့ မိန်းကလေးတစ်ဦးပါပဲ။ ကုမ္ပဏီကြော်ငြာတာဝန်ခံ၊ ကြော်ငြာကိုယ်စားလှယ်အဖြစ် သူကိုယ်တိုင်ပါဝင်သရုပ်



ဆောင်ပြီး၊ ကိုယ်တိုင်တီးဝိုင်းငှား သီဆိုတဲ့အတွက် ကုမ္ပဏီအတွက် ကုန်ကျစရိတ်လည်းသက်သာ၊ သူ့အတွက်လည်းအကျိုးအမြတ်ရစေပါတယ်။ နှစ်ဘက်မျှမျှတတနဲ့ အလုပ်လုပ်သွားတဲ့ မိန်းကလေးတစ်ဦးပါပဲ။ သူ့ရဲ့ ကြော်ငြာကောင်းမှုကြောင့် ကုမ္ပဏီရဲ့ အလှကုန်ပစ္စည်းတွေလည်းအရောင်းသွက်ခဲ့ပါတယ်။

မိုးသက်ခိုင်စီစဉ်တဲ့အတိုင်း မြရိပ်မွန်စားသောက်ဆိုင်မှာ ဖျော်ဖြေရေးတာဝန်ခံအဖြစ် မြန်မာသီချင်းအဆိုအကတွေ၊ ခြင်းအလှခတ်ကစားတာတွေ၊ မျက်လှည့်ပြတာတွေကို အမျိုးမျိုးစီစဉ်တင်ဆက်နိုင်ခဲ့တဲ့အတွက် ကမ္ဘာလှည့်ခရီးသည်တွေ အတော်များများ လာအားပေးကြပါတယ်။ ဒါ့ကြောင့် အစုရှယ်ယာဝင်တွေက သဘောကျပြီးမေမိုးခင်ကို အားကိုးနေကြရပါတယ်။ အမှန်ကတော့အဲ့ဒီဆိုင်ရဲ့ ရှယ်ယာအများစုဟာ မိုးသက်ခိုင်ပဲ ဖြစ်ပါတယ်။

ဆိုင်အလုပ်၊ ကြော်ငြာအလုပ်၊ သီချင်းဆိုတဲ့အလုပ်အပြင် မေမိုးခင်ကို အပြင်လုပ်ငန်းရှင်တွေကပါသဘောကျလာပြီး လာငှားကြတဲ့အတွက် မေမိုးခင်ဟာသူ့ကိုယ်ပိုင်ကြော်ငြာကုမ္ပဏီတစ်ခုထောင်ပြီး မရပ်မနားအလုပ်လုပ်နေနိုင်ပါပြီ။

သပ်ရပ်ကျယ်ဝန်းတဲ့ တိုက်ခန်းလေးတစ်ခန်း

ဝယ်ပြီး သူကိုယ်တိုင်သီဆိုမယ့် **"မိုးသို့တမ်းချင်း"** စီးရီး တစ်ခွေထုတ်ဖို့ ကြိုးစားနေပါတယ်။ အဲ့ဒီခွေထဲမှာ ''တစ်သက်လုံးပဲ သတိရနေမယ်'' ''မိုးသို့တမ်းချင်း'' "Right Here Waiting" ကို ဘာသာပြန်ဆိုထားတဲ့ ''အမြဲစောင့်နေမယ်'' နဲ့ ''သူသိပါစေ'' သီချင်းတွေ ပါဝင်မယ်လို့ သိရပါတယ်။

**သူမဟာ မိုးသက်နိုင်ရဲ့ ဆန္ဒအတိုင်း သီချင်းဆိုရင်း အသက်ရှင်မယ် ထင်ပါရဲ့။**

ကျွန်တော်ဟာ အငြိမ်းစား ရဲမှူးတစ်ယောက် အနေနဲ့ အမှုအခင်းအမျိုးမျိုး ပြဿနာအမျိုးမျိုး၊ ဖြစ်ရပ်အထွေထွေကို အတော်လေးတွေ့ကြုံပြီးလို့ အသက် ၆၀ တောင်ကျော်ခဲ့ပါပြီ။ ဒီလိုနူးညံ့သိမ်မွေ့ နက်ရှိုင်းတဲ့ ချစ်ခင်တွယ်တာမှုမျိုး တစ်ခါဖူးမျှ မတွေ့ခဲ့ရဖူးဘူး။ မွန်မြတ်သန့်စင်တဲ့ အချစ်ဆိုတာ ဒါမျိုးပဲလားလို့ ကျွန်တော်နားလည်ယူဆခဲ့ရပါတယ်။

ရဲတင်းသွက်လက်တဲ့ အချစ်၊ အပိုင်အနိုင်လိုချင်တဲ့ အချစ်၊ သူဘက်ကိုယ့်ဘက် အနိုင်အရှုံးအသာစီးတွက်ပြီးမှ လက်ထပ်တဲ့ အချစ်မျိုးတွေ တွေ့ကြုံနေရတဲ့အချိန်မှာ မိုးသက်ခိုင်နဲ့ မေမိုးခင်တို့ရဲ့ နက်ရှိုင်းတဲ့ မေတ္တာကို တွေ့ကြုံမြင်သိရတော့ ကျွန်တော်အဖို့ သမိုင်းဝင် စာတင်စရာ အချစ်လို့တောင် ထင်လာခဲ့မိတယ်။



မိုးသက်ခိုင်ဟာ ချစ်တယ်လို့ တစ်ခွန်းမပြော၊ တစ်ချက်ကလေးတောင် မနမ်းခဲ့ဘူးတဲ့ မေမိုးခင်အတွက် သူ့ဘဝ လုံခြုံစိတ်ချစေဖို့ ဘဝအားမာန်နဲ့ ရှင်သန်စေဖို့အတွက် ကျပ်သိန်း ၅၀ ကျော် အကုန်ခံသုံးစွဲခဲ့တယ်ဆိုတာ ကျွန်တော်အသိဆုံးပါပဲ။ ပိုးကြေးပန်းကြေးအနေနဲ့ ဘာတစ်ခုမှ ဝယ်မပေးဘဲ သူ့အလုပ်အတွက်ကိုသာ စနစ်တကျစီမံပြီး စေတနာသန့်သန့် မြေတောင်မြှောက်ပေးခဲ့တဲ့ ဖြစ်ရပ်ကတော့ ရှာမှ ရှားပါတယ်။ ပြီးတော့ ကျွန်တော်က စေတနာ့ဝန်ထမ်းနဲ့ လုပ်ပေးရတဲ့အလုပ်တစ်ခုလည်းရှိသေးတယ်။

မေမိုးခင် စိတ်ပျော့ပြီး အားငယ်သွားမှာစိုးလို့ဆိုပြီး တစ်နှစ်အတွက် စာ ၁၂ စောင် ရေးပြီး ကျွန်တော့်လက်ကို အပ်ခဲ့ပါတယ်။ တစ်လတစ်စောင် စင်ကာပူက လူကြုံနဲ့ ပို့တဲ့အနေမျိုးနဲ့ မေမိုးခင်ဆီကို ကျွန်တော်က ပို့ပေးခဲ့ရပါတယ်။

**မိုးသက်နိုင်ဟာ သူ့ရဲ့မေတ္တာကို သက်သေပြခဲ့တာ သိပ်ပီပြင်ပါတယ်။ သူသေသွားတဲ့တိုင် မေမိုးခင်ဟာ သူမြှောက်ပေါ် သူ ရပ်တည်အောင်မြင်ပြီး စိတ်မပျက် အားမလျှော့သွားအောင် အကွက်ကျကျ စီစဉ်ခဲ့ပါတယ်။ ပြီးတော့ သံယောဇဉ်ကို အပြီးဖြတ်ပြီး**

နေရပ်ကို ပြန်သွားနိုင်ခဲ့တယ်။ အင်မတန် တော်ပြီး ရဲရင့်ပြတ်သားတဲ့ ယောကျ်ားတစ်ယောက်ပါ။

မေမိုးခင်ဟာလည်း မိုးသက်ရိုင်ဖြစ်စေချင်တဲ့ ဆန္ဒတွေပြည့်အောင် အသက်နဲ့ရင်းပြီး သီချင်းဆိုသွားတာဟာ မိန်းမတစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာကို ရင်ဖွင့်ပြခဲ့တာလားလို့ ကျွန်တော် စဉ်းစားနေမိဆဲပါပဲ။

ကောင်းသန့်

၁၃-၄-၂၀၀၀



## စာရေးသူ၏ ဝေဒနာ

ဤဝတ္ထုကို အဆုံးသတ်လိုက်ပြီးတဲ့အချိန်မှာ ကျွန်တော်လည်း အရုပ်ကြိုးပြတ်သွားသလို ခံစားခဲ့ရပါသည်။

မှတ်မှတ်ရရ သင်္ကြန်အကျရက်မှာ အဆုံးသတ်လိုက်နိုင်ပါတယ်။ အပြင်မှာတော့ ကက်ဆက်သံတွေ၊ လူသံတွေနဲ့ ဆူညံနေတာပါပဲ။ ဒါပေမဲ့ မေမိုးခင်ရဲ့ ကြေကွဲဆို့နင့်တဲ့ စကားတွေ နားထဲမှာ ပြန်ကြားနေတဲ့အတွက် ဆူညံသံတွေဟာ ကျွန်တော့်နှလုံးသားထဲကို ထိုးဖောက် ဝင်ရောက်မလာနိုင်ခဲ့ပါဘူး။

မိသားစုတွေ ခရီးသွားလို့အိမ်မှာ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့တဲ့အချိန်မှာ ဒီဝတ္ထုကို အဆုံးသတ်ပြီး အိပ်ရာပေါ် ခြေပစ်လက်ပစ် လဲကျသွားပါတယ်။ ခြင်ထောင်အမိုးပေါ်မှာ မိုးသက်ခိုင်ကို ကျွန်တော်မြင်နေတယ်။ **သေခြင်းတရားကို နားလည်ပြီး မိတ်ဆွေတွေကို ကဗျာလက်ဆောင်ပေးဖို့ ကြိုတင်ပြင်ဆင်ထားတယ်။ သူ သေတော့မှာကို အသေအချာ သိပြီဆိုတာနဲ့ ဒါနနဲ့ သီလကို ခိုင်အောင်တည်ဆောက်ပြီး ဘာဝနာတရားနဲ့ သံယောဇဉ်ကြိုးတစ်ချောင်းကို မြက်ပင်တစ်ပင်လို ဖြတ်သွားနိုင်ခဲ့တယ်။** သူ လုပ်စရာရှိတဲ့ အလုပ်တွေကို အကွက်ကျကျစီစဉ်ပြီး သေခြင်းခရီးကို ရဲရဲရင့်ရင့် အဖော်မရှာဘဲ ထွက်ခွာသွားခဲ့တယ်။ အဲဒီ မိုးသက်ခိုင်ကို စင်ကာပူမှာရှိနေတဲ့ ကျွန်တော့် ညီလို ချစ်ခင်တဲ့ Macry Tan ကို ကိုယ်ပွားယူပြီး ဖန်တီးခဲ့တာပါ။ အခုတော့ ကိုယ်ဖန်တီးထားတဲ့ ကျွန်တော့် ဇာတ်ကောင် မိုးသက်ခိုင်က ကျွန်တော့်ရှေ့မှာ ရဲရဲရင့်ရင့်နဲ့ နမူနာကောင်းတွေ ပြပေးသွားခဲ့တယ်။ တစ်ချိန်မှာ (သေမင်းနဲ့ နပမ်းလုံးချိန်မှာ) တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်သွားဖို့ မိုးသက်ခိုင်က ကျွန်တော့်ကို ပြောနေတယ်။

အဲဒီအချိန်မှာ အင်မတန် စိတ်ထားဖြူစင်ပြီး ဘဝအားမာန်အပြည့်ရှိတဲ့ ကောင်မလေးတစ်ယောက်နဲ့ အမှတ်မထင် သိကျွမ်းခင်မင်ခဲ့ပြန်ပါတယ်။ ဘဝအားမာန်နဲ့



ရုန်းကန်နေရတဲ့ သူ့ဘဝဇာတ်ကြောင်းလေးတွေ ကြားတော့ ကျွန်တော့်ရင်ထဲမှာ နင့်အောင် ခံစားရပြန်တယ်။ ဒီကြားထဲ နိုင်ငံခြားသားတစ်ယောက်ရဲ့ အစော်ကားခံရမှုကြောင့် AIDS ရောဂါရတဲ့ မိန်းမလှလေးတစ်ယောက် အကြောင်းကို သူငယ်ချင်း တစ်ယောက်ဆီက ကြားလိုက်ရပြန်တော့ သူ့အတွက် စိတ်မကောင်းစွာ ခံစား ရပြန်တယ်။

အဲဒီ နှစ်ယောက်ပေါင်းပြီး မေမိုးခင်ကို ကျွန်တော် မွေးဖွားမိတာပါ။ **ဘဝမှာ အမှားလေးတစ်ခု ပြုမိရုံနဲ့ စိတ်ပျက်လက်ပျက်နဲ့ လွင့်မျောနေမယ့် မိန်းကလေးမျိုးတွေကို ကျွန်တော် မမြင်ချင်ပါဘူး။ သူတို့ကို ဘဝအားမာန်တွေ၊ သတ္တိတွေ ပေးချင်ပါတယ်။ အင်မတန်စိတ်စေတနာကောင်းတဲ့ မက်စရီတန်လို သူငယ်ချင်းမျိုး၊ မိတ်ဆွေကောင်းမျိုးတွေ ကိုယ့်အနားမှာ ရှိတတ်ပါတယ်။ မိတ်ဆွေကောင်းတွေရဲ့ အကြံဉာဏ် အကူအညီနဲ့ ကိုယ့်ဘဝကို အဓိပ္ပာယ်ရှိရှိ ရှင်သန်ရပ်တည်စေချင်တဲ့ စေတနာနဲ့ မေမိုးခင်လို ဇာတ်ကောင်မျိုး ကျွန်တော် မွေးထုတ်လိုက်ပါတယ်။** ဇာတ်နာအောင် မေမိုးခင်ရဲ့ ဘဝအနိဋ္ဌာရုံတွေကို အသေးစိပ် ကျွန်တော် မရေးဖွဲ့ခဲ့ပါဘူး။ အဖေ၊ အမေ မရှိ၊ အိုးမရှိ အိမ်မရှိတဲ့ မိန်းကလေးတစ်ယောက်၊ အဒေါ်က မွေးစားလို့ ကြီးပြင်းလာတဲ့

မိန်းကလေးတစ်ယောက်အနေနဲ့ သူ့ဘဝဟာ မလှပနိုင်ဘူး ဆိုတာလောက်ပဲ ကျွန်တော်ပြောခဲ့ပါတယ်။ မေမိုးခင်ကို သည်ထက် ဇာတ်နာအောင် ကျွန်တော် မရေးရက်ခဲ့ပါဘူး။ ဒါတောင် မိုးသက်ခိုင်နဲ့ပတ်သက်တဲ့ ခံစားရမှု၊ မြိုသိပ်ရမှု၊ မိန်းကလေးတန်မဲ့ ဘဝကို ကြိုးစား ရုန်းကန်နေရမှု၊ အမြတ်နိုးဆုံး လူတစ်ယောက်ရဲ့ ဓာတ်ပုံကိုသာ ပိုင်ဆိုင်ခွင့်ရပြီး သူ့ရဲ့ အချစ်တွေကို တောင်းခံခွင့်၊ ပိုင်ဆိုင်ခွင့်၊ ပြန်လည်တုန့်ပြန်ခွင့် မရခဲ့မှုတွေကို ကျွန်တော်စာနာစိတ်မကောင်း ဖြစ်နေရပါတယ်။ **သူ့အပေါ်သိပ်ပြီး မေတ္တာစေတနာထားတဲ့ မိုးသက်ခိုင်ဆိုတဲ့ အချစ်ဆုံးသူငယ်ချင်းကို သူ့ကြောင့်ဖွဲ့လန်းသောကရောက်ရမှာစိုးလို့ မိုးသက်ခိုင်ဆိုတာ နင်ပါလို့ ဝန်ခံမနိုင်ရက်ခဲ့ပါဘူး။** တစ်ဖက်ကလည်း မိုးသက်ခိုင်ဖြစ်စေချင်သလို အနုပညာစင်မြင့်ပေါ်ရောက်အောင် နေမအား ညမအား ကြိုးစားရုန်းကန်လိုက်ရတာ။ ပြီးတော့ မိုးသက်ခိုင် ခိုင်းတဲ့အလုပ်တွေကို ကျေပွန်အောင်မြင်အောင်လုပ်ပြီး မိုးသက်ခိုင်ရဲ့ ဆန္ဒအတိုင်း သီချင်းဆိုရင်း အသက်ရှင်နေခဲ့ရပါတယ်။ မိန်းကလေးတစ်ယောက်အနေနဲ့ လိုလားတောင့်တအပ်တဲ့ ချစ်ခင်ကြင်နာတဲ့စကားတွေကို နားရှိရက်နဲ့ မကြားခဲ့ရဘဲ ဘဝကို အဓိပ္ပာယ်ရှိရှိ ရှင်သန်ရုန်းကန်ဖို့ ပဲ အမြဲတိုက်တွန်းအားပေးခြင်း ခံခဲ့ရတယ်။



မိုးသက်ခိုင်ကို မေမိုးခင် စိတ်ချမ်းသာအောင် အကြင်နာစကားလေးတွေနဲ့ မေတ္တာစကားလေးတွေ ပြောပေးဖို့ ကျွန်တော် တိုက်တွန်းကြိုးစားပါသေးတယ်။ လပိုင်းလောက်သာ အသက်ရှင်ခွင့်ရမယ့် လူတစ်ယောက်ဟာ ချစ်စကား ကြိုက်စကားတွေနဲ့ အလွမ်းသယ်သွားဖို့ အချိန်မရှိဘူး။ ဘဝကူးကောင်းအောင် လုပ်ရမယ်။ အခု မေမိုးခင်ရဲ့ ဘဝကိုတွေ့ရပြီး စိတ်မချလို့သာ ဒါတွေကို အချိန်ပေးပြီး လိုက်လုပ်ပေးတာပါတဲ့။ သူ့ကြောင့် ဖွဲ့လန်းတမ်းတပြီး သောကတွေကို ဝေဒနာအဖြစ်ကျန်ရစ်စေမယ့် အတွယ်တာစကား အကြင်နာစကားတွေကို သူ မပြောသင့်တော့ဘူးဆိုတာ အသေအချာ သိလို့ပါတဲ့။ သူလည်း သေခါနီးမှာ မေမိုးခင်ဆိုတဲ့ မိန်းကလေးကို ဖွဲ့လန်းပြီး မသေချင်ဘူးတဲ့လေ။

ကျွန်တော် ဘာများတတ်နိုင်ဦးမှာလဲ။ မိုးသက်ခိုင်လို အတွေးအခေါ် မြင့်တဲ့သူမျိုးကို ကျွန်တော်လွှမ်းမိုးလို့ မရပါဘူး။ သူပြောဆိုလုပ်ကိုင်တာတွေကိုသာ နောက်က ကျွန်တော် လိုက်ရေးပေးနေရတာဆိုတော့ မေမိုးခင်အတွက် ကျွန်တော် အားနာသနားရုံကလွဲပြီး ဘာတတ်နိုင်မှာလဲ။

ချစ်သူကို မပိုင်ဆိုင် မထိတွေ့ရဘဲ ချစ်စကား တစ်ခွန်းတလေတောင် အပြောမခံရဘဲ သူ့အကြိုက်

**သူ့ဆန္ဒတွေကို သေတဲ့အထိလုပ်ပေးသွားတဲ့ မိန်းကလေး တစ်ယောက်ရဲ့ ချစ်ခင်စွဲလန်းမှုမျိုးဟာလည်း စံထား စရာတစ်ခုအနေနဲ့ ကျွန်တော် ရေးဖွဲ့ခဲ့ပါတယ်။**

မိုးသက်ခိုင်နဲ့ မေမိုးခင်တို့နှစ်ယောက်အကြောင်း ကို ပင်ပန်းကြီးစွာ ရေးဖွဲ့ပြီးတဲ့နောက်မှာ ကျွန်တော့်ဆီ ကို မေးခွန်းတွေ ရောက်လာမှာ သေချာပါတယ်။

ဒီဝတ္ထုဟာ စိတ်ကူးယဉ် ရေးဖွဲ့တာလား၊ တကယ့်အဖြစ်အပျက်ကို မှုတည်ပြီး ရေးတာလား။ လူ့ လောကမှာကော ဒီလိုယောကျ်ားမျိုးရှိသလား၊ မေမိုးခင် လို မိန်းကလေးမျိုးကော ရှိနိုင်မှာလား။ မိုးသက်ခိုင်လို စိတ်ဓာတ်မျိုးရှိတဲ့သူမျိုး တစ်ယောက်မှ မတွေ့ဖူးဘူးလို့ ကျွန်တော့်ကို ဝိုင်းဝန်းမေးမြန်းကြမှာ ကျွန်တော်စိုးထိတ် မိပါတယ်။

''တို့နှစ်ယောက်'' ဒဿနဝတ္ထု ထွက်တုန်း ကလည်း အောင်နိုင်သူနဲ့ ဒေါက်တာဖြူနှင်းဝေတို့လို ဇာတ်ကောင်မျိုးတွေ မရှိနိုင်ဘူးလို့ အပြောအဆိုခံရပြီးပါ ပြီ။

အခုလည်း ဒီလိုမျိုး တကယ်ရှိသလားဆိုတဲ့ သံသယမေးခွန်းတွေ အမေးခံရမှာ ကျွန်တော်ကြောက် မိပါတယ်။ မမေးခင်မှာပဲ ကျွန်တော်ကြိုပြီး ဖြေချင်ပါ တယ်။



မိုးသက်ခိုင်နဲ့ မေမိုးခင်ဟာ ကျွန်တော့်စိတ်ကူး ထဲမှာ တကယ် ရှိနေပါတယ်။ တစ်ချိန်မှာ မိုးသက်ခိုင်လို လူမျိုး၊ မေမိုးခင်လို မိန်းကလေးမျိုးတွေ အများကြီးရှိ လာပါလိမ့်မယ်။ ဘာကြောင့်လည်းဆိုတော့ အပြင်မှာ ရှိတာတွေက စိတ်ကူးထဲကိုလာပြီး ထင်ဟပ်ပါတယ်။ စိတ်ကူးထဲမှာ ရှိတာတွေလည်း အပြင်မှာ အမှန်တကယ် ဖြစ်ပေါ်လာတတ်လို့ပါ။

ကျွန်တော်ရေးခဲ့တဲ့ ''တို့နှစ်ယောက်'' ''အိပ်မက်အလွမ်း'' နဲ့ ''မင်းလေးကိုချစ်လို့ သီချင်းဆိုရင်း အသက်ရှင်မယ်'' ဆိုတဲ့ ဝတ္ထုသုံးပုဒ်စလုံးမှာ မပွေ့မဖက်၊ မထိမတွေ့ဘဲ သိမ်မွေ့လေးနက်တဲ့ မေတ္တာကို လူငယ် တွေ ခံစားစံထားစေချင်တဲ့ စေတနာနဲ့ ရေးခဲ့ခြင်း ဖြစ်ပါ တယ်။

**ဒါ့အပြင် လူငယ်တွေကို အချိန်မရွေးရောက် လာနိုင်တဲ့ သေခြင်းတရားကို မိုးသက်ခိုင်လို ရဲဝံ့ တည်ကြည်စွာ ရင်ဆိုင်နိုင်ဖို့ ကြိုးစားရင်း၊ လူ့ဘဝရဲ့ အဓိပ္ပာယ်ကိုသိပြီး အကျိုးရှိတဲ့ အလုပ်တွေကို လုပ်နေ တဲ့ လူ့အဖိုးတန် ကလေးတွေဖြစ်စေချင်ပါတယ်။**

**အမျိုးသမီးတွေကိုလည်း မေမိုးခင်လို သေမိန့် ရထားတဲ့ရောဂါ ရထားလင့်ကစား ဘဝအားမာန်နဲ့ လောကဓံတရားကို သတ္တိရှိရှိ တွန်းလှန်ရုန်းကန်ပြီး**

အဓိပ္ပာယ်ရှိရှိနဲ့ ဘဝကို ရှင်သန်စေချင်ပါတယ်။ ဘာမဟုတ်တဲ့ အခက်အခဲပြဿနာလေးကြောင့် ဘဝကို ဒူးထောက်လက်မြှောက်အရှုံးပေးပြီး လောကကြီးထဲက ထွက်ပြေးဖို့ ကြိုးစားတဲ့ မိန်းကလေးမျိုးတွေ မဖြစ်စေချင်ပါဘူး။

ဒီစာရေးနေတဲ့ အချိန်ထိ မိုးသက်ခိုင်နဲ့ မေမိုးခင်တို့ဟာ ကျွန်တော့်ကို ဝေဒနာတွေ ပေးထားဆဲပါပဲ။

ကောင်းသန့်

၁၃-၄-၂၀၀၀

သင်္ကြန်အကျနေ့



## စာဖတ်သူသို့

- ဤစာအုပ်ကို
ကျနသေချာ
ဖတ်ပြီးသောအခါ ...

- ရင်ထဲတွင်
ပြောချင်စရာများ
ရှိလာခြင်းအံ့။

- တယ်လီဖုန်းဖြင့် ဖြစ်စေ
စာဖြင့် ဖြစ်စေ။

- ပြောဆိုဆွေးနွေး
ရေးသားဝေဖန်
အကြံပြုကြစေချင်ပါတယ်။

- စာဖတ်သူ၏ အမြင်ကို
ကြားသိချင်လှပါ၏။

ချစ်ခင်လေးစားလျက်

ကောင်းသန့်

အမှတ် ၁၄၇၊ ပ-ထပ်၊ ၃၇ လမ်း(လယ်)
ရန်ကုန်မြို့။ ☎ ၂၇၈၃၆၈